
www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက် . . . . . . ၅၀၁၁၈၈၁၀၁၁
မျက်နှာဖုံးခွင့်ပြုချက် . . . ၅၀၁၂၃၉၁၀၁၁
ထုတ်ဝေခြင်း - ပထမအကြိမ်
၂၀၁၁ ဒီဇင်ဘာလ
အုပ်ရေ - ၁၀၀၀-အုပ်
တန်ဖိုး - သုံးဆယ်ကျပ်တိတိ

မျက်နှာဖုံးပန်းချီ - Lလင်း

စီစဉ်သူ -ဒေါ်ငွေးငွေးမော်

၈၉၅.၈၃
ဆုလေးနွယ်
ပြန်မပြောကြေး / ဆုလေးနွယ်။ - ရန်ကုန်
ဉာဏ်ဝင်း စာပေ ၂၀၁၁၊
၂၅၆ - စာ ၊ ၁၂. ၅ x ၁၇. ၅ စင်တီ။
(၁) ပြန်မပြောကြေး

ထုတ်ဝေသူ
ဒေါ်ငွေးငွေးမော်၊ဉာဏ်ဝင်းစာပေတိုက်
အမှတ် ၂၇ ၊ သင်္ဂဟာလမ်း
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးအောင်ထက် (၀၈၀၀၃)
အောင်ပါရမီ ပုံနှိပ်တိုက်
အမှတ်(၁၂၇) ၊ ၅၂ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးမြသိန်း၊ သိန်းမြင့်ဝင်းပုံနှိပ်တိုက်
အမှတ်(၉၆)၊ ၁၁လမ်း၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- ခိုင်မာတောင့်တင်းသော နိုင်ငံတော်သစ် တည်ဆောက်ရေး။
- ခိုင်မာသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ခွဲစည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံထူထောင်ရေး
- အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်း စောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

# ဆုလေးနွယ်

# ပြန်မပြောကြေး

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

"ငါတို့ပြန်ရင် ကောင်းမယ် ညီမင်း"

မိုးသက်တန့်က အပြင်မှာရွာနေသောမိုးကို လှမ်းကြည့်ရင်း ပြန်ဖို့ ညီမင်းဘက်ကိုပါ တိုင်ပင်လိုက်သည်။

ဒီ့ထက် မိုးသည်းလာလျှင် ကားမောင်းဖို့ သိပ်မလွယ်။ မိုးစဲအောင် စောင့်လျှင်လည်း အိမ်ပြန်နောက်ကျတော့မည်။ အခုတောင် ဆယ်နာရီ ထိုးခါနီးပါပြီ။ ဒီထက် မိုးချုပ်လျှင် ညီမင်းအမေက စိတ်ပူပြီး ဖုန်းဆက်နေဦးမည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အင်း ...ပြန်ကြမယ်လေ၊ အောင်ပိုင်တို့ကို သွားနှုတ်ဆက်လိုက်မယ်"

သူငယ်ချင်း အောင်ပိုင်က သူ့ရဲ့ မင်္ဂလာညစာစားပွဲကို သူငယ်ချင်းတချို့နှင့် ခြံထဲမှာ ကျင်းပတာဖြစ်သည်။

ရုတ်တရက် အချိန်အခါမဟုတ် ရွာလာသော မိုးကြောင့် အိမ်ထဲကို ရွှေ့လာကြရတာပါ။

ပွဲက ညနေ ခြောက်နာရီလောက်ကတည်းက စ,တာဆိုတော့ ... လူလည်း နည်းနေပါပြီ။

အရမ်းခင်တဲ့ သူငယ်ချင်းအချို့သာ ဘီယာတွေသောက်ကြရင်း ... အသားတွေကင်စားရင်းနှင့် တော်တော်နှင့်မပြန်ကြသေးတာ။

သူတို့ နှစ်ယောက်ကတော့ ဘီယာလည်း မသောက်တတ်တာကြောင့် ညသန်းခေါင်ထိနေဖို့ စိတ်မကူးတော့ဘဲ ပြန်ဖို့နှုတ်ဆက်ကာ ထွက်လာခဲ့ကြသည်။

တံခါးဖွင့်ပြီး အပြင်ရောက်တယ်ဆို မိုးစက်မိုးမှုန်တွေပါသော လေက လာရောက်ထိခတ်သည်။

ကားက ခြံပြင်မှာရပ်ထားတာဆိုတော့ ... ကားဆီရောက်အောင် ပြေးမှ ဖြစ်မည်။

မိုးကအရမ်းကြီးတော့ ... သည်းမနေတော့ပါ။





နှစ်ယောက်သား သိပ်မစဉ်းစားနေတော့ဘဲ ခြံပြင်ကကားရှိရာ ရောက်အောင် ပြေးလာခဲ့ကြသည်။

"မင်း မောင်းမှာလား ညီမင်း"

"မမောင်းဘူး၊ မင်းပဲ မောင်းပါ"

ညီမင်းက မမောင်းဘူး ဆိုတာကြောင့် ... သက်တန့်ပဲ ကားမောင်းသူဘက်မှာ ဝင်ထိုင်ပြီး မောင်းထွက်လာခဲ့သည်။

မိုးရွာထဲမှာ ကားမောင်းရတာ သူတော့ကြိုက်ပါသည်။ လမ်းမှာ ရေတွေဖွားခနဲဖွားခနဲနှင့် တစ်မျိုးပျော်ဖို့ကောင်းသလို ထင်မိသည်။

ညီမင်းကတော့ ကက်ဆက်ကို ဖွင့်ထားကာ မှိအိပ်ရင်း သီချင်းနားထောင်ကာ လိုက်ပါလာသည်။

လမ်းက ရှင်းပြီး တိတ်ဆိတ်နေကာ ကားအသွားအလာတောင် သိပ်မရှိတော့ ...။

ညီမင်းဆက်က မျက်လုံးမှိတ်ထားပြီး ငြိမ်သက်နေတာကြောင့် သက်တန့်လည်း ဘာစကားမှ မပြောဖြစ်တော့ဘဲ တိတ်တဆိတ်မောင်းလာခဲ့သည်။

ညီမင်းဆက်နှင့် သူက တစ်အိမ်တည်း အတူနေလာတာလည်း ကြာပြီဆိုတော့ ညီအစ်ကိုလို ဖြစ်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း သူ့ထက် ခြောက်လလောက် ငယ်သော ညီမင်းကို ညီလေးတစ်ယောက်လိုရော . . . သူငယ်ချင်း တစ်ယောက်လိုပါ ခင်သည်။ ချစ်သည်။

တက္ကသိုလ် ပထမနှစ်လောက်ကတည်းက သူ ညီမင်းနှင့် အတူတူ လာနေဖြစ်ခဲ့တာပါ။ ညီမင်းအဖေနဲ့ အမေကလည်း သူ့ကို သားတစ်ယောက်လိုသဘောထားပြီး ချစ်ကြပါသည်။

သူ့မှာ မိဘတွေမရှိကြတော့ပေမယ့် ဦးလေးတစ်ယောက်တော့ ရှိသည်။ အစကတော့ ထိုဦးလေးနှင့် အတူတူနေသည်။

နောက် ဦးလေးက နိုင်ငံခြားထွက် အလုပ်သွားလုပ်တော့ သူလည်း အိမ်မှာ တစ်ယောက်တည်းမနေချင်။ ဦးလေးကတော့ သူနှင့်အတူတူ တစ်ခါတည်း လိုက်ခဲ့ဖို့ ခေါ်ပါသည်။

ဒါပေမဲ့ သူက ညီမင်းဆက်တို့ မိသားစုနှင့်ပဲ နေခဲ့သည်။

ညီမင်းဆက်အဖေက ဖေဖေရှိစဉ်တုန်းက ဖေဖေနှင့် အရမ်းခင်ကြတဲ့ သူငယ်ချင်းတွေ ဖြစ်ကြသည်။

ငယ်ငယ်ကတည်းက အိမ်ကို ဝင်ထွက်နေကျဖြစ်သော သူ့ကိုလည်း သားအရင်းလို သဘောထားသည်။

ညီမင်းဆက်တို့နှင့်နေရတာ သူ့အတွက် အစစအရာရာ အဆင်ပြေပါသည်။





အရင်က ဦးလေးနှင့်အတူနေခဲ့သည့် အိမ်ကိုတော့ ... အတိုင်းပဲ ပိတ်ထားပြီး တစ်ခါတစ်ရံမှပဲ သွားဖြစ်ပါသည်။

"ဟင်"

ကားရှေ့က ယိုင်တိယိုင်တိုင်နဲ့သွားနေသော အရိပ်တစ်ခုကြောင့် မိုးသက်တန့် ကားကို ဘရိတ်အုပ်လိုက်ရသည်။

"တီ ... တီ ..."

သူ ဟွန်းတီးလိုက်တော့ ... အရိပ်တစ်ခု ကားဘက်ကို လှည့်ကြည့်သည်။

"ဟာ ... ဘယ်လိုလဲကွာ"

သူ စိတ်ပျက် လက်ပျက် ညည်းညူမိသည်။

ဂျူလီးယက်ဆံပင်ပုံစံလေးနှင့် ဖြူဖြူဝင်းဝင်း မျက်နှာလေး တစ်ခုက ကားကိုရပ်ကြည့်နေဆဲပဲဖြစ်သည်။ ညီမင်းက မျက်လုံး ပြူးကြည့်ပြီး ...

"ဟော့ကောင် ...သက်တန့် ချောလိုက်တာ"

ညီမင်းက ရှေ့က ကောင်မလေးကိုကြည့်ပြီး ပြောလိုက်သည်။

"မင်းကလဲ ..."

"တကယ်ပြောတာ ...အရမ်းချစ်ဖို့ကောင်းတယ်"

"တီ ... တီ"



www.burmeseclassic.com

www.burmeseclassic.com



မိုးသက်တန့်က သူပြောတာ စိတ်မဝင်စားဘဲ ဟွန်း ဆက်တီးနေသည်။

"ဟင် ..."

"ဟာ ..."

ကောင်မလေးက သူ့ကိုကြည့်နေတုန်းမှာပဲ ကားရှေ့မှာ ရုတ်တရက် ပြိုလဲကျသွားသောကြောင့် နှစ်ယောက်စလုံး မျက်လုံးပြူးသွားသည်။

"ငါ မတိုက်မိပါဘူး နော်"

သက်တန့်က အလန့်တကြားပြော၏။

"မတိုက်မိပါဘူးကွာ၊ သူ့ဘာသာသူလဲသွားတာ၊ လာလေ ဆင်းကြည့်ရအောင်"

ညီမင်းက အရင် ကားပေါ်က ဆင်းသွားသည်။

မိုးသည်းထဲမှာ ညီမင်း ထီးတောင်မပါဘဲ ဒီအတိုင်း ဆင်းသွားသည်။

သက်တန့်လည်း လိုက်ဆင်းလာသည်။

"သက်တန့် ... ကောင်မလေးက သတိလစ်နေပြီ"

မိုးတွေက သဲသဲမဲမဲရွာနေသည်။

ညီမင်းအသံကိုတောင် မနည်း နားထောင်နေရသည်။



BURMESE CLASSIC .com



ကောင်မလေးကို ကြည့်ရတာလည်း တော်တော်အေးနေပုံရသည်။

နှုတ်ခမ်းလေးတွေတောင် ပြာနှမ်း ဖျော့တော့နေသည်။

ဒီကောင်မလေးကို ဒီနေရာမှာတော့ မထားခဲ့နိုင်ပါ။

"အိမ်ပြန်ပို့ပေးရအောင်ကွာ"

"ပို့ပေးရမှာပေါ့"

ညီမင်းက ကောင်မလေးကိုပွေ့ချီပြီး ကားနောက်ခန်းထဲ ပို့လိုက်သည်။

သူတို့နှစ်ယောက်လုံးလည်း မိုးရေတွေစိုရွှဲနေပြီဖြစ်သည်။

"မောင်းလေကွာ"

ညီမင်းက သူ့ကို လှမ်းပြောလိုက်လျှင် သူက ညီမင်းဘက် လှည့်ပြီး ...

"ဘယ်ကို မောင်းရမှာလဲ" ဟု ပြန်မေးလိုက်သည်။

"ဩော် ... ဟုတ်သားပဲ"

ညီမင်းက ခဏစဉ်းစားပြီးတော့မှ ...

"သူ့မှာ ကျောပိုးအိတ်ပါတယ်လေ၊ အဲဒီထဲမှာ တစ်ခုခု တော့ ရှိမှာပေါ့၊ လိပ်စာဖြစ်ဖြစ်၊ ဖုန်းနံပါတ်ဖြစ်ဖြစ်"

"ဟုတ်တယ် ... ရှိနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးသက်တန့်က ကောင်မလေး၏ ကျောပိုးအိတ် အနက်ရောင်လေးကို လှမ်းယူလိုက်ပြီး ရှာဖွေလိုက်သည်။

"တွေ့ပြီ"

ကျောင်းသားကတ်လေးတစ်ခုကို တွေ့သွားသည်။

"လိပ်စာက ဒီဗဟန်းတွင်ဆိုတော့ သိပ်မဝေးတော့ဘူး"

မိုးသက်တန့်က ထိုလိပ်စာလေးအတိုင်း မောင်းလာခဲ့သည်။

"Third year ပဲ ရှိသေးတာပဲ"

ညီမင်းက ကျောင်းသားကတ်လေးကို ယူကြည့်နေသည်။

"ဟော့ကောင် ... နာမည်က ဘယ်သူလဲ"

မိုးသက်တန့်က လှမ်းမေးလိုက်သည်။ သူအခုနက လိပ်စာကိုပဲ ကမန်းကတန်း ရှာနေရတာမို့ ဘာမှတောင်မကြည့်လိုက်ရပါ။

"နာမည်လေးကအစ ချစ်ဖို့ကောင်းတယ်၊ ရွှေယွန်းအသွင်တဲ့..."

"သနားပါတယ်ကွာ ... ရောဂါတွေ ဘာတွေများ ရှိလားမသိဘူး"

မိုးသက်တန့်ပြောမှ အနောက်မှာပါလာသော ကောင်မလေးကို လှည့်ကြည့်ပြီး ... ကရုဏာသက်သွားမိသည်။

မျက်နှာလေးက ညှိုးနွမ်းပျော့ဖတ်နေသည်။





လက်ချောင်းလေးတွေက ရှည်ရှည်သွယ်သွယ်လေးနှင့် ကိုယ်ခန္ဓာကလည်း ပိန်ပိန်လေးဖြစ်သည်။

မျက်နှာလေးက ဘဲဥပုံလေးနှင့် သူမရဲ့မျက်နှာမှာ ချစ်စရာအကောင်းဆုံးကတော့ ...အသည်းပုံနှုတ်ခမ်းလေးပဲဖြစ်သည်။

ညီမင်း၏ရင်ထဲတွင် ထူးခြားသော စိတ်ခံစားမှုမျိုး ဖြစ်လာသောကြောင့် အရှေ့ကိုသာ ပြန်ကြည့်နေလိုက်သည်။

အကြာကြီး ငြိမ်သက်အေးခဲနေပြီဖြစ်သော သူ့နှလုံးသားက ... လှုပ်ရှားချင်လာပြီ။

သူ ဘယ်သူ့ကိုမှ နှစ်နှစ်ကာကာ မချစ်ချင်တော့ပါ။

အချစ်ဆိုတာက သူ့ကို သင်ခန်းစာတွေအများကြီး ပေးခဲ့ပြီးပြီ ဖြစ်သည်။

သိပ်လှသော မိန်းမတွေရဲ့ အချစ်ဆိုတာကိုလည်း သူကြောက်တတ်ခဲ့တာ ကြာပါပြီ။

ဒီ ငါးနှစ်အတွင်းမှာ သူ့ရဲ့ငြိမ်သက်နေတဲ့ နှလုံးသားကို လှုပ်ခတ်စေတာ ဒီကောင်မလေးတစ်ယောက်ပဲ ရှိသေးသည်။

သူ့မှာ ဘာလိုလို ညာလိုလို ကောင်မလေးတွေ အများကြီး ရှိခဲ့ပါသည်။

တစ်ယောက်ကိုမှ သူ အလေးအနက် မထားခဲ့ပါ။ သူ့ အကယ်မချစ်တဲ့ ဘယ်ကောင်မလေးကိုမှလည်း ချစ်တယ်လို့ မပြောခဲ့ဖူးပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာ ... အချစ်ဆိုတာကို သိပ်ကြောက်နေမိပြီ ဖြစ်သည်။

"လိပ်စာထဲကအတိုင်းဆို ဒီအိမ်ပဲ"

မိုးသက်တန့်က ပြောလိုက်တော့ ညီမင်းက ခြံတံခါး အဖြူလေးနှင့် နှစ်ထပ်အိမ်လေးကို ကြည့်လိုက်သည်။

မိုးသက်တန့် ဟွန်းတီးလိုက်တော့ ခြံစောင့်တစ်ယောက် ထွက်လာသည်။

"ဘယ်သူနဲ့တွေ့ချင်လို့လဲ"

"ဟို ... သူက ဒီအိမ်ကမျှားလားမသိဘူး"

မိုးသက်တန့်က အနောက်ဘက်ကို ညွှန်ပြပြီး မေးလိုက်သည်။

"ဟင် ... သမီးလေးပဲ ... ဟုတ်ပါတယ်ကွယ်၊ အဲဒါ ဒီအိမ်ကပါ ... ဝင်ပါ ... အထဲဝင်ပါ"

ဦးလေးကြီးက ကောင်မလေးကို မြင်သွားတာနှင့် အလန့်တကြား စိုးရိမ်ပြီး တံခါးသွားဖွင့်ပေးသည်။

"ဘယ်သူတွေလဲကွယ်"

အိမ်ထဲမှထွက်လာသော အန်တီကြီးတစ်ယောက်က... သူ့အင်္ကျီမှာ ချိတ်ထားသော မျက်မှန်ကိုတပ်ပြီး သူတို့ကို မေးသည်။





"ဟို ... ကျွန်တော်တို့ ဒီကောင်မလေး လမ်းမှာ လဲကျနေတာတွေ့လို့ အိမ်ကိုပို့ပေးတာပါ"

"ဟင် ... ဘုရား ဘုရား အသွင်လေးရယ် ... ဘယ်လိုဖြစ်ရတာလဲ ... ဒုက္ခပါပဲ။ မိညိုရေ မိညို ...ဆရာဝန်ဆီ ဖုန်းဆက်စမ်း ... သားတို့ လာပါ၊ အထဲဝင်ပါ၊ ဒီမှာပဲ ခဏချထားပါ"

ညီမင်းက ထိုအန်တီကြီးပြသောဆိုဖာမှာ ကောင်မလေးကို ချထားလိုက်သည်။

"သားတို့လဲ ထိုင်ပါ၊ မိညိုရေ ကော်ဖီနှစ်ခွက်ယူလာပါ"

"ရပါတယ် အန်တီ"

"သားတို့လဲ မိုးရေထဲကလာတာ အေးနေမှာပဲ၊ ကော်ဖီ ပူပူလေး သောက်သွားပါ"

"ကျေးဇူးတင်ပါတယ်ကွယ် ... သမီးလေးကို ခေါ်လာပေးတာ၊ သမီးလေးက မနေ့ကတည်းက ဖျားနေတာ"

"မနက်ကလဲ ပြောတယ်၊ နေလို့သိပ်မကောင်းဘူးတဲ့၊ ခေါင်းမူးနေတယ်တဲ့၊ အဲဒါ ကျူရှင်မသွားနဲ့တော့လို့ ပြောတာ၊ သွားနိုင်ပါတယ် ဆိုပြီး ထွက်သွားတာ၊ သူ့အမေသိရင် စိတ်ဆိုးဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ကလဲ ကားရှေ့မှာလဲကျနေတာတွေ့တော့ အိတ်ထဲမှာ လိပ်စာပါမှာပဲ ဆိုပြီးတော့ ... ရှာပြီး လာပို့ပေးတာ"

မိုးသက်တန့်က ရှင်းပြနေသည်။

"တော်သေးတာပေ့ါ၊ သားတို့လို လူကောင်းသူကောင်းနဲ့ တွေ့လို့ ... နို့မို့ဆို မိုးရေကြီးထဲမှာ ဒုက္ခရောက်နေမှာ"

"အဲဒါဆို ကျွန်တော်တို့ ပြန်လိုက်ဦးမယ်"

"ကော်ဖီသောက်သွားဦးလေ"

ကော်ဖီပူပူလေးနှစ်ခွက်လည်း ရောက်လာပြီမို့ ... သူတို့ သောက်ပြီး ထွက်လာခဲ့ကြသည်။

~⑧~

— ဉာဏ်ဝင်းစာပေ

"ကိုယ်က နေမကောင်းသေးဘူးဆိုရင်လဲ မသွားနဲ့ပေ့ါ၊ ကျန်းမာရေးက ပိုအရေးကြီးတာကို ..."

"ဟင် ကြီးကြီးကလဲ သွားတုန်းက ကောင်းတယ်လေ ... ပြန်လာတော့မှ မိုးမိသွားလို့ပါဆိုမှ"

"အဲဒါ ထီးယူသွားလို့အတန်တန်မှာတာကို မေ့ဖြစ်အောင် မေ့တယ်၊ တော်သေးတာပေ့ါ ... သူတော်ကောင်းနဲ့ တွေ့လို့"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးက သူမ စားဖို့ ပေါင်မုန့်မီးကင်ကို ထောပတ်သုတ်ပေးရင်း ဗျစ်တောက်ဗျစ်တောက်နှင့် ဆူနေသည်။

သူမကြီးကြီးက တစ်ဦးတည်းသာရှိသော ဒီတူမလေးကို အရမ်းချစ်ပါသည်။

အသွင်လေးက ကြီးကြီးပေးသောပေါင်မုန့်လေးကို ယူစားလိုက်သည်။

"ကြီးကြီး ... သမီးကိုလာပို့ပေးတဲ့ လူနှစ်ယောက်က ဘယ်လိုပုံစံတွေလဲ ဟင်"

ကြီးကြီးပြောတဲ့ သူမကိုလာပို့ပေးသွားတဲ့ နှစ်ယောက်ကို သူမ သိပ်သိချင်နေပါသည်။

အခုဆို အဲဒီလူနှစ်ယောက်က သူမရဲ့ ကျေးဇူးရှင်တွေ ဖြစ်နေပြီ။

သူတို့သာ ဒီအတိုင်း ပစ်ပြီးထားသွားရင် သူမ အခုချိန်လောက်ဆို ဘာဖြစ်နေပြီလဲ ... မတွေးရဲစရာပင်။

သူတို့ကို သိလည်း သိချင်သည်။ ကျေးဇူးလည်း ဆပ်ချင်ပါသည်။ ကြီးကြီးကလည်း နာမည်လေးတောင် မမေးထားပါ။

"အသားဖြူဖြူ အရပ်ရှည်ရှည်လေးတွေပဲ၊ ကြီးကြီးလဲ သေချာတောင်မကြည့်လိုက်ပါဘူး။ အေး ...ညည်းကိုပဲ စိတ်ပူနေရတာ"





"ဟင်း ... ကြီးကြီးကလဲ သိချင်ပါတယ်ဆိုမှ"

"တီ တီ ... တီ တီ ... တီ တီ"

"ဖုန်းလာနေတယ် ... သမီး သွားကိုင်လိုက်မယ်"

အသွင်က ဖုန်း ပြေးကိုင်သည်။

"ဟဲလို ..."

သူမအသံကြားတာနှင့် မေမေက ဆူတော့သည်။ မနေ့က ကြီးကြီး ဖုန်းဆက်ပြီး မေမေ့ကို ပြောလိုက်သည်။

သူမကတော့ မနေ့က အိပ်ရာပေါ်မှာပဲ နေရသည်။

"အင်းပါ မေမေရဲ့ ... နောက် အဲလိုမလုပ်တော့ပါဘူး"

ခရီးဝေးရောက်နေသော မေမေ့ကို အလကားသက်သက် စိတ်မပူစေလိုပါ။

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ကြီးကြီးနဲ့ပြောဦးမလား"

"ကြီးကြီးရေ ... မေမေက ပြောမယ်တဲ့"

သူမက ကြီးကြီးကို ခေါ်ပေးလိုက်သည်။

ဖုန်းခွက်လေးကို ကြီးကြီးကို ပေးလိုက်သည်။

မေမေက သူမကို အိမ်မှာဘဲ နားနားနေနေ နေလို့ သတိပေးခဲ့တာမို့ အသွင်လေးက အပေါ်ထပ်သို့တက်လာခဲ့သည်။

အခန်းထဲရောက်လျှင် သူမသူငယ်ချင်းဆီဖုန်းဆက်ဖို့ သတိရတာနှင့် ဟန်းဖုန်းကို ရှာဖွေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟင် … ဖုန်းရော …

သူမရဲ့ ဂျာကင်အင်္ကျီထဲမှာ ထည့်ထားသော ဟန်းဖုန်းလေး မရှိတော့ပါ။ သူမကျောပိုးအိတ်ထဲတွေမှာရော လိုက်ရှာသည်။ မတွေ့တော့ပါ။

"ကြီးကြီး … သမီးဖုန်း တွေ့သေးလားဟင်"

"မတွေ့ပါဘူး၊ ပျောက်နေပြီလား"

"ဟုတ်တယ် … မတွေ့တော့ဘူး၊ မနေ့က ကျူရှင်မှာထိ ရှိသေးတယ်၊ ကျူရှင်ကပြန်လာတော့ … ဟာ ဟိုလူတွေ ကားပေါ်မှာများ ကျကျန်ခဲ့လားမသိဘူး"

သူမ သေချာပြန်စဉ်းစားရင်းမှ ရုတ်တရက် သတိရသွားသည်။

"ဖုန်းသွားခေါ်ကြည့်မယ်"

သူမရဲ့ ဟန်းဖုန်းလေးကို ခေါ်ကြည့်လိုက်တော့ ဖုန်းက ကိုင်မယ့်လူမရှိ ဖြစ်နေသည်။

"စိတ်မပူပါနဲ့သမီးရယ် … ဖုန်းခေါ်လို့မရရင် သူတို့ လာပေးမှာပေါ့ … အိမ်သိနေတာပဲ"

ကြီးကြီးက ယောက်ယက်ခတ်နေသော သူမကို ဖျောင်းဖျသည်။





"သူတို့ လာပြန်ပေးမှာပါနော် … သူတို့ဆီမှာရော ဟုတ်ပါ့မလား၊ တခြားတစ်နေရာရာမှာကျခဲ့ရင် ပြန်ရမှာ မဟုတ်တော့ဘူးကြီးကြီးရဲ့ … သမီး ဖုန်းလေး နမြောပါတယ်၊ ဝယ်ထားတာမှ မကြာသေးဘူး"

"ပြန်ရမှာပါ သမီးရယ်၊ တခြားနေရာမှာရော ရှာပြီးပြီလား၊ ဟိုပေါ်တင် ဒီပေါ်တင်နဲ့ မေ့နေတာဖြစ်ဦးမယ်၊ အိမ်မှာ အရင်ရှာ၊ ခြံထဲရော ဆင်းသေးလား …"

"မဆင်းဘူးလေ"

"အိမ်ထဲမှာ မရှိရင်တော့ ဟိုကောင်လေးတွေကားထဲမှာ ကျကျန်ခဲ့တာပဲ ဖြစ်မယ်၊ ကျခဲ့ရင်တော့ ပြန်လာပေးမှာပဲ၊ စိတ်မပူနဲ့တော့ … သွား ရေသွားချိုးတော့၊ ညနေစောင်းတော့မယ်"

ဘာမှလဲ လုပ်လို့မရတာမို့ ကြီးကြီးစကားကိုပဲ နားထောင်လိုက်ရသည်။

တကယ်လို့ ဖုန်းက အဲဒီကားပေါ်မှာကျန်ခဲ့တာဆိုရင်တော့ သူမရဲ့ ကျေးဇူးရှင်နှစ်ယောက်ကို တွေ့ခွင့်ရတော့မည်။

ဒီလိုဆိုရင်တော့ ဖုန်းပျောက်တာက ပိုကောင်းပါသည်။ သူမနှုတ်ခမ်းတွေ အလိုလိုပြုံးလာသည်။



www.burmeseclassic.com

www.burmeseclassic.com

အသွင်က ရေကို အားပါးတရ ချိုးလိုက်သည်။ ရေချိုးပြီးတော့ အေးမြလန်းဆန်းသွားသည်။

ရေမိုးချိုး၊ သနပ်ခါး အေးအေးလေးလိမ်းပြီး အိမ်ရှေ့ထွက်လာတော့ ဖုန်းမြည်လာသည်။

"ဟဲလို"

"အသွင်လား"

"အင်း ... ပြော"

ညဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့အချစ်ဆုံးသူငယ်ချင်း လဝန်း၏ အသံမှ အလွတ်မှတ်မိနေသည်။

"ညစာ ဘာစားပြီးပြီလဲ"

"မစားရသေးဘူး"

"အတော်ပဲ ... ကြေးအိုးသွားသောက်မယ်၊ လိုက်ခဲ့"

"ဟာ ... ငါ မလိုက်တော့ပါဘူးဟာ"

"ဘာဖြစ်လို့လဲ ... ငါလာခေါ်မယ်ဟာ စောင့်နေ"

"ဟဲ့ ... နင့်ဘာသာပဲ သွားလိုက်တော့၊ ငါအလုပ်တွေ ရှိသေးတယ်"

"မရဘူးဟာ ... ဘာအလုပ်တွေလဲ၊ အပိုတွေ မလုပ်နဲ့ နော် ... "

"တကယ်ပြောတာ ... နင် ခုနစ်နာရီ ရှစ်နာရီလောက်မှ လာရင်လာလေ..."

"အေးဟာ အဲဒါဆိုလဲ ပြီးရော"

လဝန်းက ဖုန်းချသွားသည်။ သူ စိတ်ကောက်သွားပြီထင်ပါတယ်။

နောက်တော့မှပဲ သူ့ကို သွားချော့ရမည်။ လဝန်းက ခဏခဏ စိတ်ကောက်တတ်သည်။ ငယ်သူငယ်ချင်းတွေ ဆိုတော့လဲ စိတ်ဆိုးလဲ ခဏပဲဖြစ်သည်။

ဉာဏ်ဝင်းစာပေ



တကယ်လဲ သူမရဲ့ ဒီအချိန်လေးကို သူမ အရမ်းတန်ဖိုးထားသည်။

သူမရဲ့ကွန်ပျူတာစားပွဲရှိရာ လာထိုင်ပြီး ကွန်ပျူတာခလုတ်ဖွင့်လိုက်သည်။

ဒီအချိန်က ပုံမှန်သူမ Chat နေကျအချိန်ဖြစ်သည်။

ဒီအချိန်ဆို သူလဲ ရှိနေမှာ သေချာပါသည်။

သူမနှင့် Second year ကတည်းက ပြောနေသောကောင်လေးတစ်ယောက်ရှိသည်။

သူနဲ့စ,သိကတည်းက အခုချိန်ထိ သူမတို့ ပြောနေကျဒီအချိန်လေးမှာ သူရော သူမရော တစ်ရက်မှမပျက်ဘဲ ရှိနေခဲ့ကြပါသည်။

ဒါက သူမတို့ကြားက တစ်ဦးအပေါ်တစ်ဦး အလေးအနက်ထားမှုပဲ ဖြစ်သည်။

ပထမတော့ အပျင်းပြေသဘောမျိုးပဲ ဖြစ်သည်။

တဖြည်းဖြည်းမှ သံယောဇဉ်တွေ တွယ်လာခဲ့သည်။

နှစ်နှစ်ဆိုသောအချိန်က သူမတို့ကို တစ်ယောက်နှင့်တစ်ယောက် စွဲလမ်းမှုတွေဖြစ်စေသည်။

သူရဲ့ Star rain ဆိုတဲ့ nick name လေးက လွဲပြီး ဘာမှမသိပါ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူကလဲ သူမရဲ့ nick name ဖြစ်သော Thu young mal (သူယောင်မယ်) ဆိုသော နာမည်လေးသာ သိထားပါသည်။

" Star rain "- သူယောင်မယ်လေး နေကောင်းတယ်နော် ...

ကိုယ်ကတော့ မင်းကို အမြဲတမ်း သတိရနေတယ်။

မင်းရော ကိုယ့်လိုပဲလား ?

ကိုယ်တို့နှစ်ယောက် အပြင်မှာ သိလို့ရမယ့် အချိန်က ဘယ်တော့လဲ ?

"သူယောင်မယ်"... ကျွန်မအကြောင်းတွေ မသိချင်ပါနဲ့ဦး။

Star rain ရယ် ... ဒီလိုလေးပဲ ကောင်းပါတယ်။

ကျွန်မက ... ဘာမှ မထူးခြားတဲ့ သာမန်မိန်းကလေး တစ်ယောက်ပါလို့ ပြောထားပြီးပြီပဲ။

ကျွန်မလည်း ရှင် ဘယ်သူဘယ်ဝါဆိုတာကို မသိချင်သေးဘူးလေ ...

" Star rain "- ကိုယ်ကတော့ သိချင်တယ်။

မင်းမျက်နှာလေးကိုကြည့်ပြီး စကားပြောချင်တယ်။

သေချာတာကတော့ ကိုယ့်ရင်ထဲမှာ မင်းရှိနေတယ်။

"ဘယ်လိုယုံရမှာလဲ"

"မျက်စိမှိတ်ပြီး ယုံလိုက်ပါကွာ၊ မင်းရဲ့ဓာတ်ပုံပဲဖြစ်ဖြစ် ကြည့်ချင်တယ်၊ တင်လိုက်ပါလား"





"အင်း ... ခဏစောင့်နော်"

သူမက ဓာတ်ပုံနေရာမှာ အင်တာနက်ထဲကယူထားသော အွန်စောရဲ့ ပုံလေးကို တင်လိုက်သည်။

"ဘယ်လိုလဲ ... လှတယ်မှုလား"

"ဟာ ... မင်း လူလည်ကျပြီ ... မင်းဓာတ်ပုံကိုကြည့်ချင်တာလေ"

"အဲဒါ ... ကျွန်မပုံလေ"

"ဟုတ်လား ... အွန်စောနဲ့ဆင်တယ်"

"အင်း ... အဲလိုပဲ ပြောကြတယ်"

"ကိုယ်ကလည်း rain နဲ့ ခပ်ဆင်ဆင်ပဲ"

"ကျွန်မက rain ကို မကြိုက်ဘူး"

"အဲဒါဆို ဒါရိုက်တာရင်ရော ... ကိုယ်က သူ့လိုပဲ"

"ရှင် ဘယ်လိုပုံပဲဖြစ်ဖြစ် ... ကျွန်မက ခင်ပါတယ်"

"ကိုယ်လဲ မင်းလိုပါပဲ ... အပြင်မှာတွေ့ဖို့ကို စဉ်းစားတော့ကွာ"

"ဘာလဲ ... မစောင့်ချင်တော့ဘူးလား"

"မဟုတ်ပါဘူး ... မင်းရော ကိုယ်နဲ့ မတွေ့ချင်ဘူးလား"

"တစ်ချိန်ချိန်တော့ တွေ့ကြမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“တစ်ချိန်ချိန်ဆိုတာ ဘယ်တော့လောက်ဖြစ်မလဲ။ နောက် တစ်လ နှစ်လလား၊ ဒါမှမဟုတ် ၁ နှစ် ၂ နှစ်လား”

“ကံကြမ္မာက ဆုံစည်းခွင့်ပေးလာတဲ့နေ့ပေါ့”

“ကိုယ် အဲဒီနေ့လေးကို စောင့်နေမယ်နော် ... မင်းရော ကိုယ့်လိုပဲလား”

“ကျွန်မလဲ ရှင့်လိုပါပဲ”

“မင်း ... တကယ်ပဲ သူယောင်မယ်လေးလို မနေနဲ့တော့ လေကွာ၊ ကိုယ်တို့ခင်လာတာပဲ ၁ နှစ်ကျော်နေပြီပဲ...”

“ကိုယ် ... တကယ် သံယောဇဉ်ဖြစ်မိနေပြီ”

“ကျွန်မလဲ ရှင့်လိုပဲ သံယောဇဉ်ဖြစ်မိပါတယ်။ ဒါပေမဲ့ ကျွန်မ ဒီလိုအခြေအနေလေးကို ပိုနှစ်သက်တယ်၊ ကျွန်မ မှာ တခြားသူငယ်ချင်းတွေ အများကြီးရှိတယ်၊ အပြင် မှာပေါ့။ သူတို့အကြောင်းတွေလဲ ကျွန်မသိတယ်၊ ကျွန်မ အကြောင်းလဲ သူတို့ အကုန်သိတယ်”

“on line ပေါ်က ဘာမှမသိရဘဲ သံယောဇဉ်ဖြစ်သွားတဲ့ သူငယ်ချင်းကတော့ ရှင်တစ်ယောက်တည်းပဲ”

“ကျွန်မပြောတာ သိရဲ့လား ... တကယ်လို့ ကံကြမ္မာက ကျွန်မတို့နှစ်ယောက်ကို တွေ့ဆုံခွင့် ပေးလာခဲ့ရင်တော့





အပြင်မှာတွေ့ရမှာပေါ့ ...အဲဒီအချိန်ကို ရှင်စောင့်နိုင်ပါ့ မလား”

“စောင့်နိုင်တာပေါ့ကွာ ...”

“မင်းက ကိုယ့်အပေါ် သိပ်လွှမ်းမိုးနိုင်တဲ့ မိန်းကလေးပဲ”

“သေချာရဲ့လားရှင်”

“သိပ်သေချာတာပေါ့ ... ကိုယ် ဘယ်မိန်းကလေးကိုမှ အဲလောက်အထိ စိတ်ထဲမှာ မရှိခဲ့ဖူးဘူး ... မင်းက ပထမဆုံးပဲ။ အဲဒါကြောင့် မင်း ဘယ်သူလဲဆိုတာ ကိုယ် သိပ်သိချင်တယ်။ အပြင်မှာလဲ ရင်းနှီးခင်မင်ချင်တယ်။ မင်း ပြောတဲ့ ကံကြမ္မာ ဆုံစည်းပေးမယ့်နေ့ကို ကိုယ် စောင့်နေမယ်။ ဒါပေမဲ့ အဲလိုနေ့မျိုး ရောက်မလာခဲ့ရင် ကိုယ်တို့ ဒီအတိုင်းလေးပဲ on line ပေါ်မှာပဲ စကား ပြောရမှာပေါ့”

“အဲလိုဖြစ်လာခဲ့ရင်လဲ ကျေနပ်ရမှာပေါ့”

“ဒါဆို ဒါပဲလေ ... ကျွန်မသူငယ်ချင်း လာတော့မယ်၊ တာ့တာ”

“O K. တာ့တာ”



www.burmeseclassic.com

www.burmeseclassic.com



သူမ G-talk ထဲက ပြန်ထွက်ပြီး Computer ပိတ်ဖို့ ပြင်လိုက်သည်။

သူမရင်ထဲမှာ ကြည်နူးနေမိသည်။ ကျေနပ်ပျော်ရွှင်နေမိသည်။

သူနဲ့ စကားပြောပြီးတိုင်း သူမရင်ထဲမှာ လှုပ်ရှားပြီး ချိုမြိန်သော ခံစားမှုတွေဖြစ်မြဲ ဖြစ်သည်။

"ကျွန်မရင်ထဲမှာလဲ ရှင်ရှိနေပါတယ် Star rain ရယ်"



"ဒေါက် ... ဒေါက်"

"လာပြီ ... လာပြီ"

တံခါးခေါက်သံကြားတော့ မိုးသက်ဟန်က ကွန်ပျူတာစားပွဲမှ ထပြီး တံခါးသွားဖွင့်လိုက်သည်။

"ဘာလို့ လော့ခ်ချထားတာလဲ"

ညီမင်းက ဝင်လာတာနှင့်ပြောလိုက်သည်။

"ဘာမှမဟုတ်ပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



မိုးသက်တန့်က မရေမရာနှင့်ဖြေလိုက်သည်။ တကယ်တော့ သူ chatting ထဲက သူယောင်မယ်လေးနှင့် ခင်မင်လာတာ ဘယ်သူ့ကိုမှ မသိစေချင်လို့ပါ။ chatting ထိုင်နေရင် လော့ခ်ချထားတတ်သည်။

ညီမင်းသာသိရင်လည်း သူ့ကိုအပြစ်တင်မှာ သေချာသည်။ အပြင်မှာတွေ့ပြီး ... တကယ်လက်တွေ့ခင်မှသာ ညီမင်းကို ပြောပြဖို့ စိတ်ကူးထားပါသည်။

"ဘယ်သူ့ဖုန်းလဲ"

မိုးသက်တန့်က ညီမင်းလက်ထဲတွင် ကိုင်ထားသော ဖုန်းအနီလေးက ... ညီမင်းဟာလည်း မဟုတ်သောကြောင့် မေးလိုက်သည်။

"မသိဘူးကွ ... ကားရေဆေးတော့ ကားနောက်ခန်းမှာ တွေ့တာ၊ ဟိုတစ်နေ့က ကောင်မလေးရဲ့ ဖုန်းလား မသိဘူး"

"ဟုတ်လို့လား ..."

"မသိဘူးလေကွာ၊ Key change ကလဲ အရုပ်ပုံလေးနဲ့ ဆိုတော့ ... သူဟာပဲနေမှာပါ။ ကားကလဲ ဘယ်မှမှ မသွားသေးတာ"





"အဲဒါဆို ဘယ်လိုပြန်ပေးမလဲ"

"သူ့အိမ်သွားပေးလိုက်ရင် ကောင်းမလားလို့ ... ဒါပေမဲ့ သူမရှိရင် ဘယ်လိုလုပ်မလဲ၊ ငါ အဲဒီကောင်မလေးနဲ့ ပြန်တွေ့ချင်သေးတယ်။ ဒီဖုန်းလေး ကျကျန်ခဲ့တာ ငါ့အတွက်အခွင့်အရေးပဲ။ အဲဒီနေ့ ပြန်လာကတည်းက ငါ သူနဲ့ထပ်တွေ့ချင်နေတာ ... ငါ ဘယ်လိုဖြစ်သွားမှန်း မသိပါဘူးကွာ"

"မင်းက ... တကယ်အတည်လား"

မိုးသက်တန့်က ဖုန်းအနီလေးကို တယုတယနဲ့ကိုင်ကြည့်ပြီး ပြောနေသော ညီမင်းကို အံ့ဩနေမိသည်။

မိုးသက်တန့်က ... ကိုယ့်သူငယ်ချင်းအကြောင်း ကိုယ်ကောင်းကောင်းသိပါသည်။ မိန်းကလေးတွေကို အလေးအနက် မရှိတတ်တော့ပါ။

မိန်းကလေးတွေနဲ့ တွဲသွားတွဲလာလုပ်လွန်းလို့ သူများတွေ ရှုပ်တယ် ပွေတယ်လို့ ပြောကြပေမယ့်လည်း ညီမင်းကို သူ နားလည်နိုင်သည်။

တကယ်တော့ ညီမင်းရဲ့ဘဝက သနားစရာကောင်းပါသည်။ သူ သိပ်ချစ်ခဲ့ဖူးသော မိန်းမတစ်ယောက်က သူ့ကို ရက်ရက်စက်စက် အသည်းခွဲခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညီမင်းက သူ့ရဲ့မမကို အသက်လောက်မြတ်နိုးခဲ့တာတွေ သူအသိဆုံးပါ။

ညီမင်းကတော့ ပထမဆုံး အချစ်ဦးမို့ ရှုးရှုးမူးမူးကို ချစ်ခဲ့သည်။

သူ့ရဲ့မမကတော့ အစကတည်းက သူ့ကို အလေးအနက် မချစ်ခဲ့ပါ။ အဲဒါတွေ သူ နောက်မှ သိခဲ့ရသည်။

နောက်တော့ သူ့ရှေ့မှာပဲ တခြားကောင်လေးတစ်ယောက်နှင့်တွဲသည်။သူ့ရဲ့သူငယ်ချင်းတွေက ပြန်ပြောပြတော့ သူက မကြားခဲ့သလိုပဲ သဘောထားလိုက်သည်။

သူ မမကို အသက်လောက်ချစ်မြတ်နိုးခဲ့ပါလျက်နဲ့ မမက သူ့အပေါ် ရက်ရက်စက်စက်တုံ့ပြန်ခဲ့သည်။

ထိုအချိန်ကတည်းက မိန်းကလေးချောချောလှလှတွေကို သူ သိပ်ကြောက်သွားခဲ့သည်။

မိန်းကလေးတွေကို နာကြည်းမုန်းတီးတဲ့စိတ်က သူ့ရင်ထဲမှာ စိုအောင်းနေခဲ့သည်။

သူက မမကြောင့် မိန်းကလေးအားလုံးကို ရောထွေးပြီး စိတ်နာပစ်ခဲ့သည်။

နောက်တော့ ... ဘယ်မိန်းကလေးကိုမှ သူ့စိတ်ထဲမှာ အတည် ရည်ရွယ်ပြီး မချစ်တော့ပါ။

ဉာဏ်ဝင်းစာပေ



မိန်းမတွေကို အကောင်းမမြင်တတ်သော ညီမင်းက အခုမှ ဒီကောင်မလေးတစ်ယောက်ကို စိတ်ဝင်တစား ဖြစ်နေသည်ဆိုတော့ ... မိုးသက်တန့်အတွက် ထူးဆန်းနေသည်။

ညီမင်းက ပြုံးစိစိနှင့် သူ့ထံ စိုက်ကြည့်ကာ ...

"တကယ်အတည်ပြောနေတာ ... အဲဒီကောင်မလေးကို စ,တွေ့ကတည်းက ငါ့ရင်ထဲမှာတစ်မျိုးပဲကွာ၊ မိုးရေထဲက သူ့ပုံစံလေးကို အခုထိမမေ့သေးဘူး။ သူ့ပုံစံလေးက ထူးခြားလို့ စိတ်ဝင်စားတာလားမသိဘူး၊ အိမ်ပြန်လာတော့လဲ သူ့ကိုပဲ သတိရနေတယ်။ ငါ့ကိုယ်ငါတောင် မယုံဘူး"

"ကြိုးစားပေါ့ကွာ ... မင်းရဲ့အချစ်က တကယ်စစ်မှန်ရင် သူ မင်းကို ချစ်လာမှာပါ။ မင်းတို့နှစ်ယောက် ရေစက်ရှိရင် ပတ်သက်ခွင့်လဲ ရှိလာမှာပေါ့ကွာ"

အချစ်ရေးမှာကံမကောင်းခဲ့သော ညီမင်းကို သူချစ်တဲ့သူနဲ့ အမြန်ဆုံး တွေ့ခွင့်ရပါစေလို့ စိတ်ထဲက အလေးအနက် ဆုတောင်းပေးလိုက်မိသည်။

တကယ်ပဲ အချစ်စစ်မှန်ရင် ဆုံနိုင်ခွင့်ရှိပါတယ် နေနိုး သူယောင်မယ် ...။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ငါ့ရဲ့အချစ်ကို ... ငါ ဘယ်တော့လောက်မှ ကြိုးစားခွင့်ရမှာလဲ။

ငါ သိပ်ချစ်တဲ့ ကောင်မလေးတစ်ယောက်ရဲ့ မျက်နှာလေးတိုတော့ မြင်ဖူးသင့်ပါတယ်ကွာ ... ။

နားလည်မှုတွေ၊ သံယောဇဉ်တွေ ရှိနေကြပြီပဲ သူယောင်မယ်ရယ် ...။

တို့နှစ်ယောက် ဆုံတွေ့သင့်ပါပြီ။



မိုးသက်တန့်က Dagon Center အပေါ်ထပ်ရှိ Ko Ko beauty salon ထဲမှ တစ်ယောက်တည်း ထွက်လာခဲ့သည်။

ညီမင်းဆက်ကိုစောင့်ရတာ စိတ်မရှည်တော့တာကြောင့် Dagon Center ထဲ လျှောက်ပတ်ကြည့်နေလိုက်သည်။

ညီမင်း ဆံပင်လာညှပ်တိုင်း သူက အဖော်လိုက်ပေးနေကျဖြစ်ပြီး သူကိုယ်တိုင်တော့ ဆံပင်ရှည်လာမှပဲ ဝင်ညှပ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညီမင်းကတော့ တစ်လတစ်ခါလောက် ဆံပင်ပုံ ပြောင်းတတ်တော့ ဒီကို ခဏခဏရောက်ဖြစ်သည်။

ဒီနေ့တော့ ဒဂုန်စင်တာမှာ ရှိုးပွဲလည်း ရှိတာကြောင့် ခါတိုင်းထက် ပိုမိုစည်ကားနေသည်။

ဂျေဒိုးနတ်ထဲမှာ အအေးဝင်သောက်ရန် စိတ်ကူးမိပြီး ဝင်လာခဲ့သည်။

ဂျေဒိုးနတ်ထဲမှာလည်း လူတွေ ပြည့်နေတာကြောင့် တစ်နေရာစာ မနည်းရှာထိုင်ရသည်။

မှန်ထောင့်က အပြင်ကို လှမ်းမြင်ရသည့် စားပွဲမှာ ဝင်ထိုင်ရင်း အပြင်ကို လျှောက်ငေးနေမိသည်။

"ဟာ"

စက်လှေကားပေါ်က ဆင်းလာနေသော ကောင်မလေးကို တွေ့လိုက်တော့ ဘာရယ်မဟုတ် ဝမ်းသာသွားမိသည်။

ရွှေယွန်းအသွင် ... သူမရဲ့ဖုန်းလေး သူတို့ဆီမှာရှိနေတာ သုံးရက်လောက်ရှိနေပြီ။ ဒီညနေတောင်သွားပြန်ပေးဖို့ ညီမင်းနှင့် တိုင်ပင်ထားသည်။

သူမက အနက်ရောင် ဂါဝန်ဒူးဖုန်းလေးကို ခါးပတ်အဖြူ အပြားကြီးနှင့်ဝတ်ထားတာကြောင့် အားလုံးထဲမှာ ပေါ်လွင်လှပနေသည်။





ဆံပင်အညိုရောင်ဖျော့ဖျော့ အခွေလေးတွေ ပန်းပေါ်ဝဲကျနေပုံကလည်း စတိုင်လ်ကျလွန်းသည်။

သူမကိုကြည့်နေမိရင်း သူယောင်မယ်ကိုတောင် သတိရသွားမိသည်။ သူယောင်မယ်ကရော ဘယ်လိုမိန်းကလေး ဖြစ်နေမလဲဆိုတာ စိတ်ကူးနဲ့ ခဏခဏပုံဖော်ကြည့်ဖူးသည်။

chatting ထဲမှာသိခဲ့ရသော မိန်းကလေးတစ်ယောက်ကို ခဏခဏသတိရပြီး အလေးအနက်ထားနေမိတာ သူ့ကိုယ်သူလည်း အံ့ဩမိပါသည်။

ရွှေယွန်းအသွင်က စက်လှေကားနှင့်ဆင်းလာရင်း ကိုယ့်ကို တစ်ယောက်ယောက်နှင့် ကြည့်နေသလို ခံစားမိတာကြောင့် ဝေ့ဝဲရှာဖွေကြည့်လိုက်မိသည်။

ဂျေဒိုးနတ်ထဲထိုင်ကာ သူမဆီ သေချာစိုက်ကြည့်နေသူကို တွေ့လိုက်တော့ စိတ်ထဲမှာ ရင်းနှီးပြီး သိနေသလို ခံစားလိုက်ရသည်။ ဒါပေမဲ့ ရွှေယွန်း သူ့ကိုမသိပါ။

သူနှင့် ခဏလောက် မျက်လုံးချင်းဆုံမိခိုက်မှာ ရင်ထဲလှုပ်ခတ်သွားတာ ထူးဆန်းသည်။

သူက တစ်ယောက်တည်းထိုင်ရင်း ရွှေယွန်းရှိရာ သေချာကြည့်နေသည်။ သူ့ပုံစံက မိတ်ဆွေတစ်ယောက်ယောက်ကို ရုတ်တရက်တွေ့လိုက်လို့ ဝမ်းသာသွားပုံမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေယွန်း ဂျေဒိုးနတ်ရှေ့က ဖြတ်လျှောက်လာတော့လည်း သူ ရွှေယွန်းကို လိုက်ကြည့်နေတယ်ဆိုတာ သိသည်။ ဒါပေမဲ့ ရွှေယွန်း သူ့ဆီ ပြန်မကြည့်တော့ပါ။

သူနှင့်ရွှေယွန်းက သိမှ မသိတာဘဲ နော် ...

သူ့ပုံစံက ချောမောကြည့်ကောင်းတာတော့ အမှန်ပါ။ ဒါပေမဲ့ ရွှေယွန်း ဘယ်ယောကျ်ားလေးကိုမှ ရင်မခုန်ချင်တော့။

ရွှေယွန်းနှလုံးသားထဲမှာ အလေးအနက်ထားရမယ့်သူ ရှိနေပြီပဲ။

သူငယ်ချင်းတွေကတော့ ရွှေယွန်းကို ရှာနေပြီလို့ ပြောကြသည်။ ဘယ်ကမှန်းမသိ၊ ဘယ်သူမှန်းမသိနှင့် chatting ထဲက လူတစ်ယောက်ကို အလေးအနက်ထားနေတာ ရူးနေလို့ပဲလို့ သတ်မှတ်ကြသည်။

ရွှေယွန်းကတော့ ဘယ်သူတွေ ဘာပြောပြော Star rain ဆိုတဲ့ chatting ထဲက သူငယ်ချင်းတစ်ယောက်ကို တကယ်ခင်ပြီး ယုံကြည်နေမိသည်။

ကိုယ့်ကိုကိုယ်လည်း အံ့သြမိပါသည်။

"ဟော့ ... ခဏ"





လှမ်းခေါ်သံနှင့်အတူ အနောက်ကနေ တဖျပ်ဖျပ်ပြေးလိုက်လာသော ခြေသံကြောင့် ရွှေယွန်း နောက်ကို ချာခနဲ ပြန်လှည့် ကြည့်လိုက်သည်။

"ဟင်"

ခုနက လူ . . . သူက ဘာလို့ ရွှေယွန်းကို လှမ်းခေါ်ရတာပါလိမ့်။ ရွှေယွန်း နားမလည်နိုင်စွာနှင့် သူ့ဆီကြည့်နေမိသည်။

"ဟိတ် . . . ခင်ဗျား ရွှေယွန်းအသွင် မဟုတ်လား"

"အင်း . . . ဟုတ်ပါတယ်"

သူက ရွှေယွန်းနာမည် အပြည့်အစုံတောင် သိနေသေးတာကြောင့် ပိုပြီးအံ့သြသွားမိသည်။ သူ့ကိုတော့ . . . ရွှေယွန်း တကယ်မသိတာ သေချာသည်။

"ဩော် ...ဟုတ်သားပဲ၊ ခင်ဗျားမှ ကျွန်တော်တို့ကို မသိလိုက်တာ။ ဟိုတစ်ညက မိုးတွေရွာတုန်းကလေ . . . အိမ်ပြန်ပို့ပေးခဲ့တာ"

"ဩော်"

ရွှေယွန်းအသွင်က သူရှင်းပြလိုက်တော့မှပဲ သဘောပေါက်သွားတော့သည်။ သူမ ပြန်တွေ့ချင်နေတဲ့ ကျေးဇူးရှင်ပဲ၊

"တကယ်ပါရှင် ... ကြီးမေပြောပြကတည်းက ကျွန်မရှင်တို့ကို တွေ့ချင်နေတာ။ အဲဒီနေ့က ကျွန်မကို ကူညီခဲ့တာ အရမ်းပဲ ကျေးဇူးတင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဗျာ ...၊ ကျွန်တော်တို့ကလည်း မျက်စိရှေ့မှာ ဒုက္ခရောက်နေတာတွေ့လို့ ကူညီလိုက်တာပါ ...၊ နေရော ကောင်းသွားပြီလား"

ဟိုတစ်ရက်ကတော့ ... တော်တော်လေး နေမကောင်း ဖြစ်နေပုံရတာကြောင့် မိုးသက်တန့်က စိတ်ပူစွာ မေးလိုက်မိသည်။

"ဟုတ်ကဲ့၊ သက်သာသွားပါပြီ၊ အဲဒီနေ့က နေမကောင်း ဖြစ်နေတာ ... မိုးပါထပ်မိသွားလို့ ဖြစ်တာပါ၊ အခု ကောင်းသွားပါပြီ"

"ဟာ ... အဲဒီနေ့က ကားပေါ်မှာ ခင်ဗျား ဖုန်းကျန်ခဲ့တာလား ... ကျွန်တော်တို့ ဖုန်းတစ်လုံး ကောက်ရထားတယ်"

"အင်း ဟုတ်တယ်၊ ဟုတ်တယ် ... အဲဒါ အသွင့်ဖုန်း။ ဆက်ကြည့်တော့လဲ စက်ပိတ်ထားတယ် ဆိုတာနဲ့ ... ပြန်လာပေးတာပဲ စောင့်နေမိတာ"

"ဟုတ်မယ် ... ဖုန်းကို ကျွန်တော်တို့လဲ မနေ့ကမှ တွေ့တာ။ အခုတော့ အားသွင်းထားတယ်။ ဒီနေ့ ညနေတောင် လာပေးမလို့ ..."





"ရပါတယ် ကိစ္စမရှိပါဘူး၊ ဟို လာပေးရမှာ တကူးတက ဖြစ်နေတယ်ဆိုရင် အသွင်လာယူပါ့မယ်...အိမ်လိပ်စာ ပြောလေ"

သူမက အားနာစွာပြောမိသည်။

"ဩော် ... တကူးတက မဖြစ်ပါဘူး။ နီးပါတယ်။ ကျွန်တော်တို့ လာပေးလိုက်ပါ့မယ်။ ခင်ဗျား အိမ်မှာ ရှိမယ့်အချိန် ပြောလေ"

"ဒီနေ့ညနေဆို အသွင် အိမ်မှာရှိမယ် ...ဒါမှမဟုတ် မနက်ဖြန်ညနေဆိုလဲရပါတယ်၊ ရှင်တို့ အဆင်ပြေတဲ့ အချိန် လာခဲ့ပေါ့ ... အသွင် မရှိလဲ ကြီးကြီးကို ပေးထားခဲ့ရင် ရတယ်။ ကြီးကြီးကတော့ ရှင်တို့ကို သိတယ်လေ"

"အိုကေ ... ဒါဆို လာခဲ့မယ်လေ"

မိုးသက်တန့်က သူမကို နှုတ်ဆက်ပြီး ... ညီမင်းရှိရာ ဆံပင်ညှပ်ဆိုင်ဘက်ကို ပြန်လျှောက်လာခဲ့သည်။

ညီမင်းက ကောင်တာမှာရပ်ပြီး ပိုက်ဆံရှင်းနေသည်။

"ပြီးပြီလား ... ညီမင်း"

ညီမင်းအနားကိုလျှောက်သွားပြီး မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးပြီလေ . . . ဘယ်လိုလဲ ငါ ဒီဆံပင်နဲ့ လိုက်လား။ ညီမင်းက သူ့ဘက်လှည့်ပြပြီးမေးသည်။ အခုခေတ်စား နေသော အီမိုကေက . . . ညီမင်းနဲ့တော့ တော်တော် လိုက်ဖက် အဆင်ပြေပါသည်။ ကိုရီးယားမင်းသားလိုလို ဘာလိုလိုနှင့် ညီမင်းပုံစံက ပိုပြီး စတိုင်ကျသွားသည်။

"အေးပါ . . . မင်းနဲ့ လိုက်ပါတယ်။ ငါ ဘယ်သူနဲ့ တွေ့လာခဲ့လဲ သိလား"

"ဘာလဲ၊ ဘယ်သူနဲ့ တွေ့လာလို့လဲ"

"ရွှေယွန်းအသွင်လေ . . . သူနဲ့ပေါ့၊ ညနေ ဖုန်းလာပေး မယ်လို့ ပြောလိုက်တယ်"

သက်တန့်က ညီမင်းကို သေချာပြန်ပြောပြမိသည်။

"ဟာ မင်းကလဲ ငါ့ကိုတော့ လာမခေါ်ဘူး . . . ငါက တွေ့ချင်နေတာ"

"သိပ်အဖြစ်သည်းမနေနဲ့ ဟောကောင် . . . ညနေ တွေ့ရ မှာပဲဟာ . . . ငါ ချိန်းပေးခဲ့တယ်လေ . . . သူနဲ့လဲ သိပ်မသိသေးဘဲနဲ့ . . . ငါက သူ့ကို ခဏစောင့်ခိုင်း ထားပြီး မင်းကို လာပြောခေါ်ရမှာလား . . . မင်းပဲ ဒီမှာကြာနေပြီးတော့ . . ."





"ဟုတ်ပြီကွာ၊ ထားပါတော့ . . . သူ နေကောင်းသွား ပြီလား"

"ကောင်းသွားပြီတဲ့ . . . ငါတို့ကို ကျေးဇူးတင်ပါတယ်တဲ့ သိလား"

"မင်းကိုပဲ ပြောသွားတာပေါ့လေ . . . မနာလိုဘူးကွာ၊ ငါက တွေ့ချင်နေတာ၊ အတူတူလာတဲ့ဟာကို မင်းနဲ့မှ ဆုံရတယ်လို့"

"ဟဲ ဟဲ မတတ်နိုင်ဘူးလေ . . . မင်းက တွေ့ချင်နေပေ မယ့်လည်း ငါနဲ့မှ ရေစက်လာဆုံတယ်လို့ ပြောရမှာပေါ့ ဟား ဟား ဟား"

"ပွစိပွစိရေရွတ်နေသော ညီမင်းကို သက်တန့် တမင် လှောက်နောက်နေမိသည်။

တကယ်တော့ ညီမင်း စိတ်ဝင်စားတယ်လို့ ပြောထားတဲ့ ထိုကောင်မလေးကို သူကလည်း ရင်မခုန်ပါ။ သူနဲ့မဆိုင်တော့ဘူး လို့ပဲ သတ်မှတ်ထားလိုက်ပါသည်။

ဒီတစ်ခါကျမှ . . . အတည် အလေးအနက်ဖြစ်နေသော ညီမင်းကို တမင်တကာ နောက်နေတာပဲ ရှိပါသည်။

"သူက တစ်ယောက်တည်းလာတာလား . . . အဖော်မပါ ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲက ထွက်လာတော့ ညီမင်းက ဘဲသိချင်တာတွေ ဆက်မေးနေသေးသည်။

"ဟုတ်တယ် . . . တစ်ယောက်တည်း လာတာဖြစ်မယ်၊ ဘယ်သူမှ မပါဘူးကွ"

"ဒီနားမှာပဲ ရှိဦးမလား မသိဘူး နော် . . . မင်း သူ့ကို တွေ့တာ သိပ်မကြာသေးဘူး မှတ်လား"

ညီမင်းက ကားရပ်ထားရာဆီရောက်တော့ . . . ဟိုကြည့် ဒီကြည့်နှင့် ရှာနေသေးသည်။

"မင်းကလဲ တော့ပါတော့ကွာ ... ညနေတွေ့ရမှာကို ..."

သူတို့နှစ်ယောက် အပြန်လမ်းတစ်လျှောက်မှာလည်း ထိုကောင်မလေးအကြောင်းကိုပဲ ပြောလာခဲ့ကြသည်။

အလေးအနက်ကြီး ဖြစ်နေသော ညီမင်း ပုံစံကြောင့် သူတောင် ပေါ့ပေါ့ဆဆသဘောထားလို့ မရတော့လောက်အောင် ဖြစ်နေသည်။

သူ မမနဲ့ ကွဲသွားပြီးတဲ့နောက်ပိုင်းမှာ . . . ညီမင်းဟာ မိန်းကလေးတွေကိုဆိုလျှင် အပျင်းပြေလောက်သာ သဘောထားတတ်ခဲ့တာပါ။

ဉာဏ်ဝင်းစာပေ



ဒီတစ်ခါတော့ ညီမင်း ကံကောင်းပါစေလို့ သူ ဆုတောင်းပေးမိပါသည်။

ညီမင်းကြွေနေတဲ့ ရွှေယွန်းအသွင်ဆိုတဲ့ ကောင်မလေးဟာ အချစ်ကို တန်ဖိုးထားတတ်သူလေး ဖြစ်မှာပါ။

ညီမင်းကို မမဇလို မာယာများနဲ့ မိန်းမမျိုးနဲ့ ထပ်မဆုံစေချင်ပါ။

ညီမင်း သူ့မမကြောင့် ရူးမတတ် ခံစားခဲ့ရတာတွေကို သူ အသိဆုံးဖြစ်သည်။ ညီမင်းကို သနားလည်း သနားခဲ့ရသည်။ အဲဒါကြောင့် အခုတစ်ခါတော့ ညီမင်းကို သစ္စာရှိသော မိန်းမကောင်းလေး တွေ့စေချင်သည်။

" ရွှေယွန်းအသွင် " ဆိုတဲ့ ကောင်မလေးကတော့ ကြည့်ရတာ ဖြူဖြူစင်စင်လေးပါပဲ။

မာယာတွေနှင့် လှည့်စားတတ်မည့် ဆရာမကြီးပုံစံမျိုးတော့ မဟုတ်ပါဘူး။

သူ့ရဲ့ သူယောင်မယ်လေးကရော . . . ဘယ်လိုမျိုးလေး ဖြစ်မလဲလို့ ဆက်တွေးကြည့်မိသည်။ သူ့ခေါင်းထဲ အလိုလို ရောက်ရောက်လာတာ။ သူကတော့ သူယောင်မယ်လေးကို အပြင်မှာ မြင်တွေ့ချင်လှပါပြီ။ တမ်းတမိပြီ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုရုပ်မျိုးလဲဆိုတာ သိချင်တာထက် အပြင်မှာတွေ့ပြီး ခင်ရတာက ပိုပြီးရင်းရင်းနှီးနှီး ရှိမယ်ထင်လို့ပါ။

သူမရဲ့ ဖြူစင်တဲ့ စိတ်ထားလေးကို သဘောကျတာပါ။

ဘယ်လိုရုပ်ရည်မျိုးပဲ ရှိနေနေ . . . သူ့သဘောထားက ပြောင်းလဲမှာ မဟုတ်ပါ။ အဲဒါကို သူမ သိစေချင်သည်။

~~၀~~



"သားတို့ လာ လာ . . . အသွင်လေးရှိတယ်"

သူတို့နှစ်ယောက် ရောက်သွားတော့ . . . ဟိုတစ်နေ့က တွေ့ခဲ့တဲ့ ကြီးမေက ထွက်ကြိုပါသည်။

"ခဏ ထိုင်ကြဦးနော် . . . သမီးက ရေချိုးနေတယ် ထင်တယ်၊ ကြီးကြီးသွားခေါ်လိုက်ဦးမယ်"

ရွှေယွန်းရဲ့ ကြီးကြီးက ဖော်ဖော်ရွှေရွှေပင် ပြောကာ အတွင်း ပြန်ဝင်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ ကောင်မလေးတစ်ယောက် ကော်ဖီပန်းကန်လေးနှင့် ထွက်လာပြီး သူတို့ကို လာချပေးသည်။

"ဒီအချိန်ကြီး ရေချိုးတယ်တဲ့၊ အဲဒါကြောင့် နေမကောင်းဖြစ်တာ ဟုတ်မယ်"

သက်တန့်က ညီမင်းဘက် လှည့်ကာ . . . တိုးတိုးလေးကပ်ပြောသည်။

"အေးလေကွာ၊ နောက်မှပြောထားရမယ်...ဟား ဟား"

ညီမင်းက အပိုင်တွက်ပြီး နောက်နေသည်။

"အေးပါ အေးပါ စိတ်ကူးနဲ့ရူးပါ၊ ဟိုကဖြင့် မင်းကို မြင်တောင် မြင်ဖူးသေးပုံမရဘူး"

ထိုစဉ် ကြီးမေနှင့် ရွှေယွန်းတို့ ဧည့်ခန်းထဲ ရောက်လာတာကြောင့် သူတို့ စကားပြောတာ ရပ်ထားလိုက်ကြသည်။

ညီမင်းကတော့ ကြီးမေနောက်မှာပါလာသောရွှေယွန်းကို ရွှန်းလက်သော မျက်လုံးတွေနှင့် ငေးနေပါသည်။

ညီမင်း ငေးမယ်ဆိုလဲ ငေးချင်စရာကောင်းအောင် သူမက လှနေပါသည်။ ဒူးဖုံးရုံလောက် ဂါဝန်ယက်ဖြတ်လေးက ကာတွန်းရုပ်လေးတွေနဲ့ဆိုတော့ ကလေးလေးလို ချစ်ဖို့ကောင်းနေပါသည်။ ရေမစင်သေးသော ဆံပင်တွေက အချောင်းလိုက်





လေးတွေ ဖြစ်နေပြီး ခေါင်းလျှော်ရည်ရင့် သင်းသင်းလေးကိုလည်း ရှူရှိုက်မိသည်။

"သားတို့ ကော်ဖီသောက်ကြဦးလေ၊ အေးကုန်တော့မယ်"

ကြီးမေက သူတို့ရှေ့က ထိုင်ခုံမှာ ဝင်ထိုင်ရင်း ပြောသည်။ သူမကလည်း ကြီးမေဘေးမှာ ဝင်ထိုင်လိုက်သည်။

"အသွင်က ရှင်တို့ မလာတော့ဘူးထင်တာနဲ့ ရေချိုးနေတာ၊ မနက်ဖြန်မှပဲ လာတော့မယ်ထင်လို့ . . ."

"ကျွန်တော်တို့လဲ ဖုန်းကို လာမပေးဖြစ်မှာစိုးတာနဲ့ ဒီနေ့ပဲ လာခဲ့လိုက်တာပါ၊ တော်ကြာ အရေးကြီးတဲ့ဖုန်းတွေ ဝင်လာရင် လွဲနေမှာ စိုးလို့လေ. . ."

ညီမင်းက သူမရဲ့ဖုန်းလေးကို ပြန်ပေးရင်း ပြောလိုက်သည်။

"ကျေးဇူးပါပဲရှင် . . . ခုလိုတကူးတက လာပေးတာရော၊ အဲဒီနေ့က အိမ်ပြန်ပို့ပေးခဲ့တာကိုရော . . ."

"ဟုတ်ပါတယ်ကွယ်၊ သားတို့နှစ်ယောက်ကို အရမ်းကျေးဇူးတင်ပါတယ် . . . အဲဒီနေ့က သားတို့နဲ့သာ မတွေ့ရင် သမီးလေးတော့ မိုးရေထဲမှာ အကြာကြီး ဒုက္ခရောက်နေရမှာ၊ ဒါနဲ့ သားတို့အမည်တွေကရော



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုခေါ်ကြလဲ၊ ဟိုတစ်နေ့က သမီးကိုပဲ စိတ်ပူနေတာနဲ့ ဘာမှတောင် သေချာမမေးလိုက်မိဘူး"

"ကျွန်တော်က ညီမင်းဆက်ပါ ... သူက မိုးသက်တန့်"

"ဪ . . . သားတို့က ညီအစ်ကိုတွေလား"

"မဟုတ်ဘူးကြီးကြီး ... ကျွန်တော်တို့က သူငယ်ချင်းတွေပါ၊ ငယ်ငယ်ကတည်းက ပေါင်းလာတာ"

"သားတို့ကိုတွေ့ရတော့လေ ကြီးကြီးရဲ့သားကိုတောင် သတိရမိတယ်၊ ကြီးကြီးမှာလဲ သားလေးတစ်ယောက် ရှိခဲ့တာ၊ အခုတော့ ဆုံးသွားပါပြီကွယ်၊ သူသာရှိဦးမယ်ဆို ... အခု သားတို့အရွယ်လောက်ရောက်ပြီပေါ့၊ ကြီးကြီးသားက အသွင့်ထက် နှနှစ်ပဲကြီးတာလေ . . ."

ရွှေယွန်းရဲ့ ကြီးကြီးက ပြောရင်း မျက်ရည်တွေတောင် ဝဲလာတာကြောင့် သူတို့ ကရုဏာသက်စွာ ငြိမ်သက်သွားမိ၏။

"ကဲပါ ကြီးမေရယ်၊ စိတ်မကောင်းစရာတွေ ပြောမနေပါနဲ့တော့ . . ."

သူမက ကြီးမေရဲ့လက်ကို ဆုပ်ကိုင်ရင်း အားပေးနှစ်သိမ့်သလို ပြော၏။





"ကြီးမေကတော့ သားတို့အရွယ် ကောင်လေးတွေကိုမြင်တိုင်း သားလေးကိုပဲ သတိရနေမိတယ် သားရယ်။ သားတို့လဲ အိမ်ကို မကြာမကြာလာလည်ကြနော် . . ."

ကြီးကြီးရဲ့စကားကြောင့် ညီမင်းက ကျေနပ်သွားပြီး . . .

"ဟုတ်ကဲ့ပါ . . . လာခဲ့ပါ့မယ် ကြီးကြီး"

"အခုလဲ သားတို့ ထမင်းစားပြီးမှ ပြန်ကြနော်၊ ထမင်းစားချိန် ရောက်နေပြီ . . . မစားရသေးဘူး မှတ်လား"

"မစားတော့ မစားရသေးဘူး ခင်ဗျာ။ ဒါပေမဲ့ နေပါစေ ကြီးမေ . . . ကျွန်တော်တို့ ပြန်တော့မှာ"

သူတို့နှစ်ယောက် အားနာ ပါးနာနှင့် ငြင်းနေမိသည်။

အားနာမနေပါနဲ့ သားတို့ရယ်၊ သမီးလေးရဲ့ ကျေးဇူးရှင်တွေကို သေချာဧည့်ခံချင်နေတာ . . . နောက်တစ်ခေါက်မှပဲ သေသေချာချာ ချက်ပြုတ်ပြီး ဖိတ်ကျွေးရမယ်။ အခုတော့ ဟင်းတွေ သိပ်မစုံဘူး၊ စားသွားကြနော် . . ."

ကြီးမေက အတင်းကိုခေါ်နေတော့ . . . သူတို့ ငြင်းရမှာ အားနာမိသည်။

"ဟုတ်ပါတယ် . . . တစ်ခါတည်း ဝင်စားသွားပါ့ အားနာစရာမရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



အသွင်ကပါ ဝင်ပြောတော့ . . . သူတို့ အားနာနာနှင့်ပဲ ထမင်းစားပွဲဆီ ရောက်လာရသည်။

ထမင်းစားရင်း . . . ကြီးမေက အိမ်ကအကြောင်းတွေကို ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ပြောပြနေပါသည်။

ရွှေယွန်းကတော့ ဘာမှဝင်မပြောပေမယ့် . . . သူတို့နှစ်ယောက်ကို လိုလားခင်မင်ပုံတော့ရပါသည်။

ညီမင်းကတော့ ထမင်းစားရင်း အသွင့်ဆီပဲ ခဏခဏ လှမ်းလှမ်းကြည့်နေသည်။

သူတို့ပြန်ခါနီးတော့ ရွှေယွန်းနှင့်ကြီးကြီးကို နှုတ်ဆက်ရင်း ညီမင်းက . . . ရွှေယွန်းဆီဖုန်းဆက်မည်ဟု ပြောသွားခဲ့သည်။

ရွှေယွန်းက သူတို့ကိုကြည့်ကာ ဖော်ရွေပုံရတာကြောင့်ရော ရွှေယွန်းကိုကူညီထားတာကြောင့် ခေါင်းညိတ်ပြမိသည်။

❦



ညီမင်းက အိမ်ပြန်ရောက်တာနှင့် ရွှေယွန်းအသွင်ဆီသို့ ဖုန်းဆက်လိုက်သည်။

"ဟဲလို ရွှေယွန်းလား . . . ကျွန်တော် ညီမင်းပါ"

"ဟုတ် . . . ပြောပါ ကိုညီမင်း"

ရွှေယွန်းက သူ့ဖုန်းဆက်မယ်လို့ ပြောသွားပေမယ့် . . . ချက်ချင်းကြီး လှမ်းဆက်လိမ့်မည်ဟု မထင်ထားတာကြောင့် အံ့သြနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဖုန်းဆက်မယ်လို့ ပြောထားလို့ . . . ဒီအတိုင်း
လှမ်းဆက်လိုက်တာပါ"

"ဪ . . . အင်း"

"ကိုညီမင်းတို့ အိမ်ပြန်ရောက်နေပြီလား"

"ဟုတ်တယ် ရွှေယွန်း ... ကိုယ်တို့ အခုပဲအိမ်ပြန်ရော
တာ . . . ရောက်ရောက်ချင်းပဲ ရွှေယွန်းဆီဖုန်းဆ
လိုက်တာ"

"ရွှေယွန်း ကိုယ်ဖုန်းဆက်တာ အနှောင့်အယှက် မဖြ
ပါဘူးနော်"

"ဟင့်အင်း မဖြစ်ပါဘူး ကိုညီမင်းရဲ့ . . . ကိုညီမင်း
ရွှေယွန်းရဲ့ ကျေးဇူးရှင်ပဲဟာ"

"ဟာ မဟုတ်ပါဘူး ရွှေယွန်းကလဲ ကူညီတာက ကူညီ
သက်သက်ပဲ၊ ကျေးဇူးရှင်လို့ သတ်မှတ်စရာ မလိုပါ
ကိုယ်က ရွှေယွန်းနဲ့ သူငယ်ချင်းဖြစ်ချင်တာ"

"သူငယ်ချင်း"

ရွှေယွန်းက သူပြောတာကို သံယောင်လိုက်မိသည်။

"ဘယ်လိုလဲ ရွှေယွန်း . . . ကိုယ့်ကိုခင်ရဲ့လား"

"အင်း ခင်ပါတယ်၊ ကိုညီမင်းရော ကိုသက်တန့်ကို





"ဒါဆိုလဲပြီးရော ကိုယ်တို့ဒီနေ့ကစပြီး သူငယ်ချင်းတွေလို့
သတ်မှတ်လိုက်ပြီ"

"ဟင်း . . . ဟင်း ကိုညီမင်းက တကယ်ရယ်ရတယ်"

"ဘာလဲ ကိုယ်ပြောတာ ရယ်ရလို့လား"

"အင်းပေါ့"

ရွှေယွန်း သူနဲ့စကားပြောရင်း ပိုသွက်လက်လာသလို ခံစားရသည်။

"ရွှေယွန်းမှာ ရည်းစားမရှိဘူးထင်တယ်"

"ကိုညီမင်း ဘယ်လိုသိတာလဲ"

"ကိုယ်က ကိုယ့်အထင်ကို ပြောကြည့်တာပါ"

"အခုတော့ မရှိသေးဘူး"

ရွှေယွန်းစိတ်ထဲမှာ Star Rain ကို ဖျတ်ခနဲသတိရမိသည်။

Star Rain ဆိုသူကို ဘယ်သူမှန်း မသိပေမယ့် ရွှေယွန်း စိတ်ဝင်စားပါသည်။

"ဪ ဒါဆို ရှိလာမယ့်သဘောပေါ့"

"ကိုညီမင်းကို မပြောပြပါဘူး"

"ဟာ ရပါတယ် . . . ရွှေယွန်း မပြောချင်တာကို ကိုယ်
အတင်းမမေးပါဘူး"

"ဪ ရွှေယွန်း၊ ရွှေယွန်း . . . မနက်ဖြန် အားလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ကိုညီမင်း"

"ကိုယ်တို့နဲ့ ကန်တော်ကြီးမှာ ရှိုးပွဲကြည့်ဖို့ ဖိတ်ချင်လို့ပါ"

"အို ကေ ရွှေယွန်းလာခဲ့မယ်၊ ကိုညီမင်းနဲ့ ကိုမိုးသက်တန့်တို့နဲ့ ကန်တော်ကြီးထဲက FUN စားသောက်ဆိုင်မှာ ဆုံကြမယ်"

"ဒါဆို အိုကေနော်၊ ကိုယ်တို့စောင့်နေမယ်၊ ရွှေယွန်းသာ လာဖြစ်အောင် လာခဲ့လိုက်"

"အင်းပါ . . . ရွှေယွန်း လာခဲ့ပါ့မယ်"

"အဲဒါဆို ဒါပဲနော် ရွှေယွန်း၊ ဘိုင့်ဘိုင် . . . ဂွတ်နိုက်"

"ဂွတ်နိုက် . . . ကိုညီမင်း"

ရွှေယွန်းက ဖုန်းလေးကို ပိတ်လိုက်ပြီး ဝရန်တာမှ အိမ်ထဲသို့ ဝင်လာခဲ့သည်။

ဧည့်ခန်းမှာ ကြီးကြီးက ရွှေယွန်းကို ကြည့်နေတာနှင့် ဆုံသည်။

"ဘယ်သူဆီကလဲ သမီး"

"ကိုညီမင်းပါ ကြီးကြီး"

"ဪ မောင်ညီမင်းလား၊ ဒီသူငယ်လေးတွေကြည့်ရတာတော့ မဆိုးပါဘူး၊ လူရည်သန့်လေးတွေ ဖြစ်ပုံရတယ်၊





သမီး ယွန်းနဲ့ ခင်ခင်မင်မင်ရှိတာ ကောင်းပါတယ်ကွယ်၊ ကဲ ကြီးကြီး သွားနားတော့မယ်၊ သမီးလဲ အိပ်တော့လေ၊ သိပ်ညဉ့်နက်တဲ့အထိ မနေနဲ့နော်"

"ဟုတ်ကဲ့ပါ ကြီးကြီးရဲ့ . . . သမီးလဲ အိပ်တော့မှာပါ"

ကြီးကြီးက ရွှေယွန်းကိုပြောပြီး အိမ်ထဲဝင်သွားသည်။

ရွှေယွန်းလည်း သူမအခန်းရှိရာ အပေါ်ထပ်သို့ မဂ္ဂဇင်းစာအုပ်လေးယူပြီး တက်လာခဲ့သည်။

ရွှေယွန်းက ညဆို Online ပေါ်မှာ Chat room ဝင်ပြီး Star Rain နဲ့ စကားတွေပြောရတာ အလုပ်တစ်ခု။ ပြီးတော့ မဂ္ဂဇင်း ခဏဖတ်ပြီးရင် ဘုရားရှိခိုးပြီးမှ အိပ်ရာဝင်တတ်သည်။

ဒါကြောင့်လည်း ကြီးကြီးက ရွှေယွန်းကို သိပ်ညဉ့်နက်အောင် မနေဖို့ မှာနေတာပါ။

ရွှေယွန်းက အခန်းထဲဝင်ပြီး အရင်ဆုံး ဗီရိုထဲက ပေါ့ပေါ့ပါးပါး ချည်သားဂါဝန်လက်ပြတ်လေးကို လဲဝတ်လိုက်သည်။

ပြီးမှ ကော်ဖီတစ်ခွက်ဖျော်ကာ ဖန်ခွက်လေးကို ကိုင်ပြီး ကွန်ပျူတာရှေ့ လျှောက်သွားလိုက်သည်။

ကွန်ပျူတာကို ဖွင့်ကြည့်လိုက်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com



Star Rain ပို့ထားတဲ့ message လေးကို တွေ့ရသည်။ သူ ပို့ထားတာက ထူးထူးဆန်းဆန်း ပန်းခင်းလှလှလေးတွေပင်။

ဟယ် လှလိုက်တာဟု နှုတ်ကပင် ရေရွတ်မိသည်။

ခဏလောက်နေမှ သူက Online ပေါ် ရောက်လာသည်။

Star Rain ... ဟိုင်း ရောက်နေတာ ကြာပြီလား။

သူယောင်မယ် ...ဟင့်အင်း သိပ်မကြာသေးပါဘူး။

Star Rain ... ငါ ပို့ထားတဲ့ ပုံလေးတွေ တွေ့လား။

သူယောင်မယ်... အင်း တွေ့တယ်၊ အရမ်းလှတာပဲ။

Star Rain ... နင် သီချင်းနားထောင်ချင်လား။

သူယောင်မယ်... ဘာသီချင်းလဲ။

Star Rain... ငါ ပို့လိုက်မယ်လေ၊ နင် နားထောင်ကြည့်လိုက်။

သူယောင်မယ်... အင်း ... အင်း၊

ရွှေယွန်းက အီးယားဖုန်းလေးတပ်ပြီး နားထောင်ကြည့်လိုက်တော့ အာဇာနည်ရဲ့ ရွှေရုပ်ကလေးသီချင်း ဖြစ်နေသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ရွှေယွန်းလည်း R ဇာနည်ရဲ့ အဲဒီသီချင်းလေးကို အရမ်းကြိုက်တာ . . .

သိပ်ပျော်လိုက်တာ ရင်တောင်ခုန်တယ်
ပြန်စာပြန်စာ သူလေးကပေးလာ

ဉာဏ်ဝင်းစာပေ



ဝမ်းလည်းသာ ပျော်တယ်အချစ်ရယ်
ရွှေရုပ်ကလေးကောက်ရသလို
မာနကြီးလေး မောင့်ရဲ့ချစ်သူ
ပေးလိုက်တဲ့ စာလေးကြောင့် အသည်းလေးရွှင်
ကိုကိုခေါ်သံ သိန်းဆုထက်ခင်
မိုးလေးမြင့်ပေါ် ခုန်ကာတက်ချင်
မေတ္တာမြို့ဝယ် အတူတူနေမယ်
ရွှေရောင်အကြင်နာ လက်ကလေးကမ်းလှမ်းကာ
မီးပင်လယ် ကျော်ကာဖြတ်မယ်
ချစ်သူရှိတယ် ဆိုနိုင်ပြီကွယ်
လှလှသူ့သူ အချစ်လေးကိုယ်နံဘေးမှာ
ထမင်းလည်းမဆာ၊ ရင်မှာပြည့်လာ
စိန်စီသောလမ်း လျှောက်လှမ်းရသလို
ဘယ်နတ်မင်းလေးကကူ အိပ်မက်လေးထဲ
စွဲလမ်းရသူ လှပတဲ့ အချစ်လေးတစ်ချက်ရှိတယ်
ငွေလမင်းလေး မောင့်အချစ်နဲ့တူ နှလုံးသားလေးပေါ်
ပီတိလေးကူ
ရှား လားလား လာ လာ လာ လာ . . .
ဂုဏ်ရည်လေးများ တူရင်တော့ . . . .
အပြုံးလေးလက်ထပ်ထားမယ် အဟုတ်တကယ်

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူယောင်မယ် ... အင်း သီချင်းလေးက အရမ်းကောင်းတယ် . . . သူယောင်မယ် ကြိုက်တဲ့ သီချင်းလေးပဲ . . .

Star Rain ... ဟာ ဒါဆို ကိုယ်နဲ့ အကြိုက်ချင်းတူတာပေါ့။ ကိုယ်လဲ အဲဒီသီချင်းလေး ကြိုက်တယ်၊ ကိုယ်တို့ နှစ်ယောက် အကြိုက်ချင်းလဲ တူတယ်ဆိုတော့ ကိုယ်နဲ့ တို့ မမြင်ရခင် အပြင်မှာ ခင်ကြရင် မကောင်းဘူးလား။

သူယောင်မယ် ... ဟင့်အင်း မကောင်းပါဘူး။

Star Rain ... ဘာမကောင်းတာလဲ သူယောင်မယ်၊ ငါတော့ နင့်ကိုအရမ်းမြင်ဖူးချင်တယ်

သူယောင်မယ် ... ငါလဲ နင့်ကိုမြင်ဖူးချင်ပါတယ်၊ ငါ့စိတ်ထဲက နင့်ပုံစံနဲ့ အပြင်ကပုံစံ ထပ်တူကျ၊ မကျ သိချင်ပါတယ်၊ ဒါပေမဲ့ ငါ အချိန်တစ်ခု သတ်မှတ်ထားတယ်ဟ . . . အဲ့ဒီအချိန်ရောက်မှ ငါတို့ တွေ့ကြရအောင်နော်။

ဉာဏ်ဝင်းစာပေ



Star Rain ... အေး ဒါဆိုလဲပြီးရော၊ ငါလဲနင့်ရုပ်ကို မြင်ဖူးမှာ မဟုတ်ပါဘူး၊ နင့်ရဲ့ပုံရိပ်တွေက ငါ့ရင်ထဲမှာ ရှိနေပြီးသားပဲဟာ၊

နင့်ရဲ့အပြင်က ပုံစံက ငါ ထင်ထားတာထက် ပိုပြီးလှနေမှာလား၊ ဒါမှ မဟုတ် ဘယ်လိုပုံစံလေးလဲ၊ ငါ နင့်ရဲ့ ပုံစံကိုမှန်းပြီး ရင်ခုန်နေမိတယ်ဟာ။

သူယောင်မယ် ... နင် ရင်မခုန်ပါနဲ့ဟာ၊ ငါက ရုပ်ဆိုးမလေး ဆို . . . နင်တွေ့ရင် လန့်သွားလိမ့်မယ်။

Star Rain... မလန့်ပါဘူးဟာ၊ နင် ဘယ်လိုပုံစံဖြစ်ဖြစ် ငါကတော့ နင့်ကို ခင်မှာပဲ၊ ငါက နင့်ကို တကယ် သံယောဇဉ်တွယ်နေမိပြီထင်တယ်၊ နင့်ဆီ စာမရေးရရင် . . . တစ်နေ့တာ အဖြစ်အပျက်လေးတွေနင့်ကိုရေးမပြရလျှင် ငါ စားလို့မဝင်ဘူး၊ အိပ်လို့လဲမပျော်ဘူးဟာ . . .

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူယောင်မယ် ... အိပ်လို့မပျော်ရင် ဝတ္ထုဖတ်ပါလား

Star Rain ... ဘာဝတ္ထုလဲ

သူယောင်မယ်... တစ္ဆေဝတ္ထုတို့၊ စုံထောက်ဝတ္ထုတို့၊ အချစ်ဝတ္ထုတို့ပေါ့ဟာ . . .

Star Rain ... နင်ရော ဝတ္ထုဖတ်လား၊

သူယောင်မယ်... အင်း ဖတ်တာပေါ့၊ ငါက စာအုပ်ဆို အကုန်ဖတ်တယ်၊ ဒီနေ့တောင် မြို့ထဲက စာပေလောက-၂ မှာ ဆရာဖေမြင့်ရဲ့ ဘေဘီလုံမှာ အချမ်းသာဆုံးဆိုတဲ့စာအုပ်လေး ဝယ်လာသေးတယ်။ နောက်ပြီး ငါက အချစ်ဝတ္ထုတွေလဲ ဖတ်တယ်ဟ၊ စာရေးဆရာမဂျူးရဲ့ "ချစ်သူလား၊ စကားတစ်ပွင့်ပွင့်ခဲ့တယ်"ဆိုတဲ့စာအုပ်ကို ငါအရမ်းကြိုက်တယ်၊ ဖတ်လို့အရမ်းကောင်းတာပဲ၊ နင်လဲ ဖတ်ကြည့်ပါလား။

Star Rain ... ငါက ဝတ္ထုဖတ်ရမှာတော့ ပျင်းတယ်ဟ . . . ဒါပေမဲ့ နင်ပြောလို့ ဆရာမဂျူးဝတ္ထုကို ငါဖတ်ကြည့်ပါ့မယ်။





သူယောင်မယ်... အေး ကောင်းပြီ။ သိပ်ညဉ့်နက်နေပြီဆိုတော့ ငါ အိပ်တော့မယ်နော်၊ ကောင်းသောညချမ်းပါ Star Rain.

Star Rain... Ok, See you tomorrow, Bye, Good Luck.
You have a nice dream.



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့မှာလည်း online ပေါ်မှာပဲ နှစ်ယောက်
[illegible]း စကားလေးတွေ အပြန်အလှန်ရေးပြောဖြစ်ကြပြန်သည်။

Star Rain ... ဟေ့သူယောင် ... မင်း နေကောင်းလား။

သူယောင်မယ် ... အင်း ကောင်းပါတယ်။

Star Rain ... ဒီနေ့ ဘာနေ့လဲ သိလား ... သူယောင်မယ်

သူယောင်မယ် ... အင်း သိတာပေါ့ December 25 ရက်နေ့
လေ ... အဲဒါ ဘာဖြစ်လို့လဲ။

ညာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



Star Rain ... December 25 ရက်နေ့ဟုတ်တယ်၊ အဲဒါ ခရစ်စမတ်နေ့လေ ...

သူယောင်မယ်... အင်း သိသားပဲ၊ ဘာဖြစ်လို့လဲ

Star Rain ... နင်ကလဲဟာ မေးလိုက်တာ ... အဲဒါ ငါ့ Birthday မွေးနေ့ပေါ့ဟ။

သူယောင်မယ်... ဩော် အေး ဟုတ်သားပဲ၊ ငါ မေ့နေတာ သူငယ်ချင်း ဆောရီးဆောရီး ... So Sorry ပါဟာ၊ နင် စိတ်မဆိုးပါနဲ့နော် ဘယ်လိုလဲ မွေးနေ့မှာ ဘာတွေလုပ်ဖြစ်လဲ၊ ပျော်စရာကောင်းရဲ့လား။

Star Rain ... အင်း ပျော်စရာကောင်းပါတယ်၊ မွေးနေ့မှာ မနက်စောစော သူငယ်ချင်းတွေနဲ့ ဘုရားသွားတယ်၊ အပြန်မှာ သူငယ်ချင်းတွေနဲ့ ဆိုင်တစ်ဆိုင်မှာ Birthday မွေးနေ့ပွဲ ကျင်းပတယ်၊ အဲဒါပါပဲဟာ၊ ဒါပေမဲ့ ငါ မကျေနပ်တာ တစ်ခုရှိတယ်။

သူယောင်မယ်... အဲဒါဘာလဲ

Star Rain ... နင် ငါ့ကို မွေးနေ့လက်ဆောင် ဘာမှ မပေးဘူးလေ ... အဲဒါ ငါ မကျေနပ်ဘူး။





သူယောင်မယ်... ဟုတ်လား ... ဒါဆို ငါအခုပဲ နင့်ဆီ လက်ဆောင်ပို့လိုက်မယ်။

ရွှေယွန်းအသွင်က အင်း ... သူ့ကို ဘာလက်ဆောင်လေး ပို့လိုက်ရင်ကောင်းမလဲ ဆိုပြီး ခဏစဉ်းစားလိုက်သည်။ ပြီးမှ အကြံရသွားပြီး ကြယ်နှင်တံလေးတစ်ခုဆွဲပြီး သူ့ဆီပို့ပေးလိုက်သည်။ ကြယ်နှင်တံလေးရဲ့ ဘေးမှာ Star Rain ဆိုပြီး သူ့ရဲ့ Nice Name လေးကို ရေးပေးလိုက်သည်။

သူယောင်မယ်... ငါပေးတဲ့လက်ဆောင် သဘောကျရဲ့လား

Star Rain ... အင်း ... သဘောကျပါတယ်။ နင်ရော ခရစ်စမတ်နေ့မှာ ဘယ်တွေသွားခဲ့လဲ။

သူယောင်မယ်... သူငယ်ချင်းတွေနဲ့ လျှောက်လည်တယ်၊ နောက်ပြီး Blazon မှာကျင်းပတဲ့ Singing Contest ပွဲကို သွားကြည့်တယ်။

Star Rain ... သူငယ်ချင်းတွေဆိုတာ ဘယ်နှယောက်တောင်လဲ ...

သူယောင်မယ်... အများကြီးပဲပေါ့။

Star Rain ... ယောကျ်ားလေး သူငယ်ချင်းတွေရော ... ရှိလား။



www.burmeseclassic.com

www.burmeseclassic.com



သူယောင်မယ် ... အင်း ရှိတာပေါ့။

Star Rain ... သူတို့ထဲမှာ နှင့်ကိုစိတ်ဝင်စားနေတဲ့ လူရော ပါလား။

သူယောင်မယ် ... အင်း ရှိချင်ရှိမှာပေါ့၊ ဒါပေမဲ့ ငါက သူတို့ အပေါ်မှာ very clear ပဲ၊ ဘာခံစားချက်မှ မရှိဘူး (nothing feeling) ပါ။

Star Rain ... တော်သေးတာပေါ့။

သူယောင်မယ် ... ဟင်း ဟင်း ... ဘာမှလဲမဆိုင်ဘူး။

Star Rain ... ငါ့အတွက်တော့ ဆိုင်တယ်ဟာ ... ဒါတွေ နှင်မသိပါဘူးလေ။

သူယောင်မယ် ... ကဲပါ ထားလိုက်ပါတော့၊ ကြီးကြီးခေါ်နေလို့ ငါသွားတော့မယ်။ See you too.

Star Rain ... အေး ထပ်တွေ့ကြတာပေါ့။

ရွှေယွန်းက ကွန်ပျူတာကို ပိတ်လိုက်ပြီးမှ ... ရင်ဘတ်ကလေးကို အသာဖိသည်။

သူ တစ်ခုခုပြောလိုက်မှာကို စိုးရိမ်မိတာကြောင့် သူ့ကို အမြန်နှုတ်ဆက်လိုက်ရတာပါ။

သူ ဘာပြောမလဲဆိုတာကိုလည်း ရွှေယွန်းသိနေသားပဲ၊ ရွှေယွန်းကလဲ သူ မခွဲခင်ကတည်းက သူ့ကိုကြွေနေခဲ့တာပဲ။





အခုချိန်မှာ သူသာ တစ်ခုခုပြောခဲ့ရင် ... သူနဲ့ ရွှေယွန်း ချစ်သူအဆင့်ကို ပြောင်းလဲသွားတော့မှာ မလွဲမသွေ။

ဘာပဲဖြစ်ဖြစ် ... ရွှေယွန်း သူ့ကို တွေ့ချင်သည်။

ဟုတ်တယ် ... အဲဒါ ရွှေယွန်းရင်ထဲက လာတဲ့ဆန္ဒ။

ရွှေယွန်း သူနှင့် ခင်ချင်သည်။ သူ့ကို ရွှေယွန်း မသိစိတ်တစ်နေရာမှာ အားကိုးနေမိတာလည်းအမှန်ပါပဲ။ သူကလည်း ရွှေယွန်းနှင့် အပြင်မှာခင်ကြဖို့ အမြဲပြောနေသားပဲ၊ ရွှေယွန်းက အချိန်ဆွဲနေလို့သာ ... အခုလို အချိန်တွေ ကြာခဲ့ရတာ။ မနက်ဖြန်တော့ သူနဲ့တွေ့ဖို့ကို ရွှေယွန်း လက်ခံလိုက်တော့မည်။

သူကလည်း ရွှေယွန်းကို နှစ်သက်ပုံရပါသည်။ ရွှေယွန်းကလည်း သူ့ကို သံယောဇဉ်တွယ်နေမိသည် မဟုတ်လား။

ကဲ ... ဒါဆို ဘာလိုသေးလဲနော် ...

ရွှေယွန်း သူနှင့်တွေ့ဖို့ ကြိတ်ဆုံးဖြတ်လိုက်သည်။

မနက်ဖြန် Online ပေါ်မှာ တွေ့မှ သူ့ကို ပြောပြရမည်။ သူ အံ့သြဝမ်းသာသွားမှာ မလွဲမသွေ။

ဒီထက် အံ့သြစရာ Suprise တွေလည်း ရွှေယွန်းအနေဖြင့် ကွန့်မြူးချင်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဝမ်းသာစေချင်လို့ပါ။

ရွှေယွန်းကိုမြင်လျှင် အံ့ဩသွားမည့်သူ့ပုံစံကို ရွှေယွန်း မြင်ချင်လိုက်တာ ... တွေးရင်းနှင့်ပင် ရင်ခုန်ရသည်။

တကယ်သာဆို ရွှေယွန်း ဘယ်လောက် ပျော်နေလိုက်မလဲနော် ... တွေးရတာ သိပ်ရင်ခုန်စရာကောင်းနေသည်။

သူရော ... သူလဲ ရွှေယွန်းလိုပဲပေါ့နော်။

ရင်ခုန်နေမယ် မဟုတ်လားဟင် ...

◉

ဉာဏ်ဝင်းစာပေ

Star Rain ... သူယောင်မယ်လေး မနက်ဖြန်ဆို နှစ်သစ်ရောက်ပြီနော် ... Happy New Year

သူယောင်မယ် ... Happy New Year ပါ Friend

Star Rain ... မင်းကို ကိုယ်နှစ်သစ်အတွက် လက်ဆောင်လေးတစ်ခု အရမ်းပေးချင်တယ်ကွာ၊ အဲဒါ မင်းလက်ခံပေးပါလား။

တိုက်ဆိုင်စွာ သူနှင့်တွေ့ရဖို့ အကြောင်းဖန်လာတော့ ရွှေယွန်း ဝမ်းသာသွားရသည်။

ဒါပေမဲ့ မိန်းကလေးဆိုတော့ နည်းနည်းတော့ ဟန်ဆောင်ရတာပေါ့...

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူယောင်မယ်... ဟင် ဘယ်လိုပေးမှာလဲ Rain

Star Rain ... မင်းလိပ်စာကို ကိုယ့်ကိုပြောလေ ...
ပို့ပေးလိုက်မယ်။

သူယောင်မယ်... "ဩဘ်" အပြင်မှာတွေ့ပြီး ပေးမယ်
ထင်ထားမိတာ။ သူက လူလည်ပါလား
ရွှေယွန်းကို သူ အရင်သိထားချင်တာ

သူယောင်မယ်... အဲဒါဆို ရှင် ကျွန်မကို သိသွားမှာပေါ့

Star Rain ... မင်းမသိစေချင်ရင် ... ကိုယ်မလာပါ
မင်းအကြောင်းလည်းမစုံစမ်းပါဘူး၊ တ
ကတိပေးတယ်။ ကိုယ့်ကိုယုံပါကွာ၊
မင်းပြောသလိုပဲ ကိုယ်နဲ့မင်းကို ကံကြ
ဆုံပေးတဲ့ တစ်နေ့ကျမှ တွေ့ကြမယ်။

သူယောင်မယ်... တကယ်လား Rain ... တို့ပြောတဲ့ ကံ
ကို ယုံလို့လား၊ ဒါမှမဟုတ် တို့နဲ့ မတွေ့
တော့လို့လား။

Star Rain ... မဟုတ်ပါဘူး ကိုယ်မင်းကိုတွေ့ချင်ပါတ
ဒါပေမဲ့ ကိုယ် မင်းစကားကို နားထော
လိမ့်မယ်၊ တကယ်လို့ ကိုယ် မင်းပြော
မလုပ်ခဲ့ရင် ကိုယ်နဲ့ မင်း ဘယ်တွေ့





မလဲ၊ မင်း မုန်းသွားမှာပေါ့ ... အဲဒါ ကိုယ်
အရမ်းစိုးရိမ်တယ်၊ မင်းကိုယ့်ကို မခင်တော့
မှာလည်း ကြောက်မိတာကြောင့်ပါ ... မင်း
ကိုယ့်ကို မယုံဘူးလား။

အင်းပါ ယုံပါတယ်၊ တို့လိပ်စာ ရေးပေးလိုက်မယ်။

ရွှေယွန်းက လျှင်မြန်စွာပင် နေရပ်လိပ်စာကို ရိုက်ပြီး Enter ခလုတ်ကို နှိပ်လိုက်သည်။ အဲဒီလိုဆို လိပ်စာက သူ့ဆီ ရောက်သွားပါပြီ။

OK ကောင်းပြီ၊ ကိုယ့်လိပ်စာလည်း ရိုက်ပြမယ်။

သူ့လိပ်စာကလည်း ရွှေယွန်းကွန်ပျူတာမှာပေါ်လာသည်။ လိပ်စာကို စားပွဲပေါ်ရှိ စာရွက်တစ်ရွက်မှာ အမြန် ရေးမှတ်လိုက်သည်။

သူမတို့နှစ်ယောက် လိပ်စာတွေ အပြန်အလှန် လဲလှယ်လိုက်ပြီး အပြုံး (SMILE) ပုံလေးတွေ ရိုက်မိကြသည်။

ဝမ်းသာတယ်ဆိုတဲ့ သင်္ကေတလေးတွေပေါ့။

ရွှေယွန်းရဲ့ စိတ်ထဲမှာ Star Rain သည် ရွှေယွန်းကို လိမ်ညာလှည့်စားမည့်သူတစ်ယောက်မဟုတ်ဘူးလို့ ယုံကြည် နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒါ ... ဒါ" မိုးသက်တန့် အံ့သြလွန်းစွာ အာမေဋိတ်အသံပင် ထွက်လို့သွားသည်။

ဝမ်းသာလွန်းစွာ ပြုံးလိုက်မိသည်။ အဲဒီအချိန်က ခဏလေးပါ ... ခဏလေးပါပဲ။

ရင်ခုန်သံတို့ တိတ်ဆိတ်ငြိမ်သက်သွားရသည်။

သူယောင်မယ်ပေးလိုက်တဲ့ လိပ်စာကိုကြည့်ပြီး မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ပြည့်လျှံလာရသည်။

သူယောင်မယ်လေးက ရွှေယွန်းတဲ့လား၊ သူ မယုံကြည်နိုင်လောက်အောင်ပဲ ကံကြမ္မာက ဆန်းကြယ်လှသည်။

သူ သိပ်ချစ်နေရတဲ့ သူယောင်မယ်လေးဟာ ညီမင်းရဲ့ ရွှေယွန်း ဖြစ်နေလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့မိပါ။

အခုတော့လည်း သူ့ရဲ့ စိတ်ကူးယဉ် အိပ်မက်ကလေး ရုတ်တရက်ကြီးပျက်သွားသလို ရင်ထဲမှာ ဟာလာဟင်းလင်းကြီး ဖြစ်သွားရသည်။

သူယောင်မယ် ... Rain ပို့ပေးလိုက်တဲ့ လက်ဆောင်လေးကို
စောင့်နေမယ်နော် ...

ပို့ပေးထားတဲ့စာလေးကိုဖတ်ပြီး သူ တွေဝေနေမိသည်။ စားပွဲပေါ်က သူမအတွက် ရည်ရွယ်ပြီး hand mode ကြိုးလေး





တွေနဲ့ သူကိုယ်တိုင်လုပ်ထားတဲ့ ပိုက်ဆံအိတ်လေးကို လှမ်းကြည့်ပြီး ...

Star Rain ... ကိုယ်ပို့ပေးလိုက်မယ်လေဟု ရိုက်ပေးလိုက်သည်။ သူမအတွက် သူ့ရဲ့လက်ဆောင် ဒီပိုက်ဆံအိတ်ကလေးကို နောက်ဆုံးအနေနဲ့ လက်ဆောင်ပေးဖို့ ဆုံးဖြတ်လိုက်သည်။

မျှော်လင့်ချက်တွေထားခဲ့မိတဲ့ သူ့အတွက်တော့ ဒီနေ့မှာ သူ မျက်ရည်မကျဘဲ မနေနိုင်တော့ပါ။

သူယောင်မယ်ကို သူ့ဘဝရဲ့ မျှော်လင့်ချက်လေးတစ်ခု အဖြစ်နဲ့ သူ အမြဲပဲ တမ်းတနေခဲ့တာပါ။

အဲဒီမျှော်လင့်ချက်လေးကို ဘယ်တော့မှ အဆုံးရှုံးမခံဘူးလို့ ဆုံးဖြတ်ထားခဲ့တာပါ။

ဆုံးရှုံးသွားမှာမဟုတ်ဘူးလို့လည်း သူ ယုံကြည်ခဲ့သည်။

အခုတော့ သူ့ရဲ့ယုံကြည်ချက်တွေ မျှော်လင့်ချက်တွေကို သူကိုယ်တိုင်ပဲ ဖျက်ဆီးပစ်ရတော့မည်။

သူယောင်မယ်ရယ်၊ ကိုယ့်ကို ခွင့်လွှတ်ပေးပါ။

ကိုယ် မင်းကို ညာရတော့မယ်။

၁



www.burmeseclassic.com

www.burmeseclassic.com

ခြံထဲက ဒန်းပေါ်မှာထိုင်ပြီး ဂစ်တာတီးနေသော ညီမင်းကို သူ လှမ်းကြည့်မိသည်။

အချစ်အတွက်ဆို . . . ကံမကောင်းခဲ့သော ညီမင်းကို အချစ်စစ်နဲ့ တွေ့စေချင်မိသည်။ ညီမင်း တကယ်ချစ်မိတဲ့ ရွှေယွန်းဟာ သူ့ယောင်မယ်လေးဖြစ်နေတာ သူ့အတွက် ကံဆိုးမှု တစ်ခုဖြစ်သလို ညီမင်းအတွက် ကံကောင်းမှုပဲ ဖြစ်သည်။

သူ ညီမင်းဆီ လျှောက်သွားလိုက်သည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ညီမင်းက သူ့ကိုတွေ့တော့ တီးနေတဲ့ ဂစ်တာကို ဘေးမှာ ထောင်ထားလိုက်သည်။

"မင်းကို ပြောစရာရှိလို့ကွ"

သူက ဘာမှ မဖြစ်သလိုမျက်နှာထားနဲ့ ညီမင်းကို လှမ်းပြောလိုက်သည်။ တကယ်တော့ သူ့ရင်ထဲမှာ မီးတောက်နေတာပါ။

"ဟာ ထူးထူးဆန်းဆန်းပါလား . . . ဘာလဲ"

"ရွှေယွန်းကို တကယ်ချစ်လား" လို့ သူ မေးလိုက်တော့ ညီမင်းက ရယ်ပြီး . . .

"ဩော် ဘာများလဲလို့ကွာ . . . ချစ်တာပေါ့၊ တကယ်ကို ချစ်တာ"

"ချစ်ရင် မင်း ဖွင့်ပြောပါလား"

"သူ့ဘက်ကလဲ ရှိသေးတယ်လေကွာ၊ သူ ငါ့ကို ချစ်ပါ့မလား"

ညီမင်းရဲ့အသံက စိတ်ပျက် အားလျော့သွားသည်။ ဟုတ်လည်းဟုတ်ပါသည်။ ရွှေယွန်းရဲ့ပုံစံလေးက လုံးဝ ရိုးရိုးသားသား အေးတိအေးစက်ကလေး ဆိုတော့ ညီမင်းအတွက် စိုးရိမ်ရတာလဲ မမှားပါ။

"အဲဒီအတွက် မပူပါနဲ့ကွာ၊ မင်းကို ငါအကြံဉာဏ်ပေးမယ်"





ညီမင်းက သူ့ရဲ့စကားကို အံ့ဩသွားကာ သူ့ဘက်လှည့်ကြည့်ပြီး . . .

"မင်း . . . တကယ်ပြောတာလား၊ ဘယ်လိုအကြံဉာဏ်ပေးမှာလဲ"

သူကလည်း ညီမင်းရဲ့ ပခုံးကို လှမ်းဖက်ပြီး အားကိုတင်းလျက် . . .

"ဒီလိုကွာ ... ငါလဲ ဒီနေ့မှသိတာပါ၊ ငါ ညဘက် အားရင် chatting ထိုင်တယ်လေကွာ၊ မင်းသိတယ်မှလား"

ညီမင်းက ခေါင်းညိတ်ပြသည်။

"အဲဒီမှာ သူယောင်မယ် ဆိုတဲ့ တစ်ယောက်လဲ ငါ့ Account ထဲမှာရှိတယ်၊ သူနဲ့ငါ တစ်ခါတလေအားရင် ပြောဖြစ်တယ်၊ ဒါပေမဲ့ လူချင်းတော့လုံးဝမသိဘူး၊ ဒီနေ့မှ သူ့လိပ်စာပြောပြတော့မှ သိသွားတာ၊ အဲ့ဒါ ရွှေယွန်းရဲ့ လိပ်စာ ဖြစ်နေတယ်"

"နေပါဦး၊ မင်းနဲ့ သူနဲ့က အင်တာနက် (internet) ထဲမှာ တော်တော်ခင်နေကြပြီလား"

ညီမင်း ကပျာကယာ မေးခွန်းထုတ်သည်။

"အင်း ခင်တာတော့ ခင်ပါတယ်။ သိနေတာလဲ ကြာပြီ၊ ဒါပေမဲ့ကွာ chatting ဆိုတော့လဲ အပျော်သဘောပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com



လေးလေးနက်နက်တော့ မဟုတ်ဘူးပေါ့၊ မင်းသာ Star Rain ဆိုရင် သူ အံ့သြသွားမှာပဲ။ ပြီးတော့ ... သိထားပြီးသားလူဆိုရင် မင်းအတွက် ပိုအဆင်ပြေမလားလို့၊ ချက်ချင်းမပြောသေးဘဲနဲ့ G-talk နဲ့ အရင်ပြောကြည့်လေ ... ပြီးမှ သူ အံ့သြသွားအောင် ပြောပြလိုက်ပေါ့ မကောင်းဘူးလား"

"ဟုတ်တယ်၊ အဲဒီလိုပဲလုပ်မယ်၊ မင်းရဲ့ account ကို ငါ ဒီနေ့ကစပြီး သုံးတော့မယ်၊ Thank you မိုးသက်တန့်"

သူတို့နှစ်ယောက်လုံး ပြုံးတူရယ်လိုက်မိကြသည်။

"ဒါပေမဲ့ မင်းဆီက ငါ ကတိတစ်ခုတော့ တောင်းမယ်" မိုးသက်တန့်က ညီမင်းကို စိုက်ကြည့်ပြီးပြောလိုက်သည်။

"ဘာကတိလဲ ..."

"မင်းကို ငါက အချစ်ကိုတန်ဖိုးထားတဲ့လူတစ်ယောက်ပဲ ဖြစ်စေချင်တယ်။ မင်း ရွှေယွန်းကို တကယ်ချစ်ပါ၊ သူ စိတ်ချမ်းသာမှုရအောင် ဖန်တီးပေးပါ"

"ဟာ ညီမင်းရာ ... ဒါပြောစရာတောင် မလိုပါဘူးကွာ၊ ငါ တကယ်ချစ်တာပါ ... ကတိပေးပါတယ်ကွာ၊ မင်း စိတ်ချပါ"





"စိတ်ချပါတယ်ကွာ ... ကဲ ဒီအချိန်က သူရှိတတ်တယ် ထင်တယ်၊ မင်း သွားပြောတော့လေ ..."

ဒီအချိန်က သူနဲ့ သူယောင်မယ်ရဲ့ ပြောနေကျအချိန်ပါ၊ နေ့တိုင်းလိုလိုပဲပေါ့ ... သူ သတိရသလိုလို ပြန်တမ်းတမိတော့ မျက်ရည်များတောင် ဝဲချင်လာသောကြောင့် ထ,ထွက်သွားဖို့ ပြင်လိုက်သည်။

"ခဏနေပါဦးကွာ ... သူ့အကြောင်းတွေ နဲနဲပြောပြဦးလေ ..." ညီမင်းက လှမ်းမေးတော့ သူက ...

"သူက ပန်းရောင်ကြိုက်တယ်၊ ပီဇာမုန့်ကြိုက်တယ်၊ ရေခဲမုန့်လဲ ကြိုက်တယ်၊ ပြီးတော့ ... တိရစ္ဆာန်လေးတွေလဲ ချစ်တတ်တယ်၊ ပိုးဟပ်နဲ့ အိမ်မြှောင်ကိုတော့ သူ အရမ်းကြောက်တယ်။ ပြီးတော့ ... ကတိမတည်တဲ့ လူတွေကိုလဲ မုန်းတယ်၊ မင်း သူနဲ့စကားပြောတဲ့အခါ သတိထားပေါ့ကွာ ... ငါလဲ ဒီလောက်ပဲ သိတယ်"

"ကျေးဇူးပဲကွာ"

သူ ထွက်လာခဲ့မိသည်။ သူ့ရင်ထဲမှာ မွန်းကျပ်လွန်းလို့ပါ သူယောင်မယ်ရယ်။ မင်းအတွက်လည်း ညီမင်းက လူကောင်း တစ်ယောက်ဖြစ်မှာပါ။

"သက်တန့်"



www.burmeseclassic.com

www.burmeseclassic.com



ညီမင်းက လှမ်းခေါ်တော့ . . . သူ ခြေလှမ်းတွေရပ်ပြီး လှည့်ကြည့်လိုက်သည်။

"မင်း သူ့ကို ချစ်မနေပါဘူးနော်"

ညီမင်းရဲ့စကားကြောင့် သူ ပြုံးပြီး ခေါင်းယမ်းပြလိုက် ရသည်။

"မချစ်ပါဘူးကွာ"

သူ . . . စိတ်မကောင်းဖြစ်နေတဲ့ပုံစံ သိသာသွားလို့လား အတတ်နိုင်ဆုံး မျက်နှာကို ပြင်ထားလိုက်ရသည်။

ညီမင်း ရိပ်မိသွားလို့ လုံးဝမဖြစ်ပါ။

သူယောင်မယ်ဟာ သူ့ရဲ့ စိတ်ကူးယဉ်ကမ္ဘာလေးထဲမှာ အမြဲတမ်းရှိနေရမယ့်သူပါ . . . ။

ၿ၀ၿ



ရွှေယွန်းသည် အိပ်ရာကနိုးပြီး မျက်လုံးနှစ်လုံးပွင့်တာနှင့် အရင်ဆုံးသတိရသွားမိတာက ညက Star Rain ကို လိပ်စာ ပေးပြီးနောက် သူပြောခဲ့သော... "အိပ်ရာထတာနဲ့ အိမ်ရှေ့ ထွက်ပြီး ကြည့်လိုက်နော်" ဟူသော စကားဖြစ်သည်။

သူမ ချက်ချင်းပဲ အိမ်ရှေ့ပြေးထွက်လာခဲ့သည်။

အိမ်ရှေ့မှာ . . . ကြီးမေက သတင်းစာဖတ်ရင် ကြည့်ပြီး . . .

လှမ်း



www.burmeseclassic.com

www.burmeseclassic.com



"သမီး နိုးပြီလား ဟိုမှာကြည့်ပါဦး သမီးရယ် . . . သမီး
သူငယ်ချင်း ပေးခိုင်းတယ်လို့ ပြောပြီး ကောင်လေး
တစ်ယောက်က လာပေးသွားတာ"

ကြီးမေက ဖဲပြားအပြာရောင်လေးနှင့် ပက်ကင်ထုပ်ထား
သော လေးထောင့်ဘူးလေးတစ်ဘူးနှင့် ထင်းရှူးပင်ပေါက်
လေးကို ညွှန်ပြပြီး ပြောသည်။

"ဟယ် သစ်ပင်ပေါက်လေး ကြီးမေရယ်၊ ချစ်စရာလေး
နော် . . . လှလိုက်တာ"

"သမီးသူငယ်ချင်းက ဘာလို့ကိုယ်တိုင်မပေးတာလဲ၊ သူ
လက်ဆောင်ပေးမယ်ဆိုတာ သမီးကို ကြိုပြောပြီးသား
လား . . ."

"ဟုတ် သမီးသိပြီးသားပါ . . . သူကိုယ်တိုင်မလာအား
ဖြစ်ပါလိမ့်မယ်၊ သမီး ဒါကို ခြံထဲမှာ သွားစိုက်လိုက်ဦး
မယ်နော် . . ."

"အေး . . . အေး"

ရွှေယွန်းက ကြီးမေ နောက်ထပ်မေးလာမည့် မေးခွန်းတွေ
ကို မဖြေတတ်တော့မှာစိုးတာကြောင့် ကြီးမေ ရှေ့ကနေ လှစ်ခနဲ
ထွက်လာခဲ့လိုက်သည်။

ဉာဏ်ဝင်းစာပေ



ကြီးမေက ဘာမဟုတ်တာလေးနှင့် မေမေ့ကို ပြောပြ
အသိပေးတတ်သည် မဟုတ်လား။

သူပေးသည့် ထင်းရှူးပင်လေးကိုစိုက်နေရင်း သူ့အကြောင်း
စဉ်းစားမိသည်။ သူဟာ ဘယ်လိုလူမျိုးပါလိမ့်။ ရွှေယွန်း သိချင်
လိုက်တာ။ အင်္ဂလန်က Prince Wailliam လိုလား၊ ဒါမှမဟုတ်
ရောဘတ်ပတ်တင်ဆန်လို ပုံစံလား။

သူမ, ထင်သလိုမဟုတ်ဘဲ ဝတုတ်ကြီးများဖြစ်နေမလား၊
ဒါမှမဟုတ် အခုခေတ်လူငယ်တွေလို ခပ်ပိန်ပိန် ခပ်နွဲ့နွဲ့လား။
အဲဒီလိုမျိုးတွေတော့ ရွှေယွန်းသဘောမကျပါ။ အရပ်ရှည်ရှည်၊
အသားခပ်လတ်လတ်နဲ့ မေးရိုးလေးထောင့်ကျကျနှင့် Body
Structure ခပ်တောင့်တောင့်ရှိမှသာ ယောကျ်ားပီသသည်ဟု
ထင်မိသည်။

သူကတော့ ဘယ်လိုပုံစံရှိမယ်မှန်း မသိနိုင်ပါ။ ဘယ်လိုပဲ
ဖြစ်ဖြစ် သူ့ကိုတော့ ရွှေယွန်းနှစ်သက်မှာ သေချာပါသည်။
သူပေးတဲ့ သစ်ပင်လေးကို သေချာစိုက်ထားခဲ့တဲ့ နောက်မှာ
လက်ဆောင်ဘူးလေးကို ဖွင့်ကြည့်ဖို့ အခန်းထဲဝင်လာခဲ့သည်။
ပက်ကင်ဖွင့်လိုက်တော့ "ဟယ်တော့" ဟု နှုတ်မှ ရေရွတ်မိသည်
အထိ အံ့သြသွားရသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်ဆိုကော့ ရွှေယွန်းစိတ်ထဲမှာ ဆိုင်တစ်ဆိုင်မှ ဝယ်ထားသည့် တန်ဖိုးရှိပစ္စည်းတစ်ခုလို့သာ ထင်ထားမိတာ။ အခုတော့ Hand made ကြိုးလေးတွေနဲ့ သူကိုယ်တိုင်လုပ်ထားတဲ့ပိုက်ဆံအိတ်လေးလေ။ စိတ်ကူးက တော်တော်လှပန်းညှံ့နေသည်။ သူမနှုတ်ခမ်းလေးတွေ ပြုံးသွားရသည်။ ရွှေယွန်းအတွက်တော့ သူပေးတဲ့ လက်ဆောင်လေးက တန်ဖိုးရှိလွန်းစွ ...။ သူ့လက်နှင့်ထိတွေ့ကိုင်တွယ်ပြီး သူကိုယ်တိုင် အချိန်ပေး ဖန်တီးထားတာမို့ လေးနက်မှုက ရှိပြီပေါ့။

"Star Rain ရယ် ရှင်ပေးတဲ့လက်ဆောင်လေးကို ရွှေယွန်းအရမ်းကြိုက်ပါတယ်။ ရှင့်ကိုကျေးဇူးတင်ပါတယ်။ သေချာသိမ်းထားပါ့မယ်" ဟု Star Rain ဆီ ချက်ချင်း mail ပို့လိုက်သည်။

ရွှေယွန်းနှလုံးသားမှာ ပီတိလှိုင်းလေး လူးလွန့်လှုပ်ခတ်နေသည်။

တကယ်တော့ သူမရဲ့ Star Rain ဟာ သူမ,ထင်သလိုမဟုတ်ဘဲ သံယောဇဉ်တွေအားလုံးကို တခြားတစ်ယောက်ဆီ လက်လွှဲထားခဲ့ပြီဆိုတာသိလျှင် သူမ ဘယ်လောက်ထိ ကြေကွဲခံစားရမည်ဆိုတာ မသိရှာ။





Star Rain ဘက်ကကျတော့လည်း သူမပို့ထားတဲ့ Mail လေးကို ဖွင့်ဖတ်ခွင့်ရတာ နောက်ဆုံးပဲလား မသေချာ။

သူ့ရဲ့ ဒီနာမည်ဟာ နောက်ဆို ညီမင်းအတွက် ဖြစ်သွားခဲ့ပြီမဟုတ်လား။

အမှန်တရားကို သူမ သိမြင်သွားလို့မဖြစ်။ မိုးသက်တန့်တစ်သက်လုံး နှုတ်လုံလုံနှင့် လျှို့ဝှက်ထားရမှာ။ ရှေ့ဆက်လာမယ့် ဇာတ်လမ်းလေးကိုသာ နံဘေးကနေ တိတ်တဆိတ်စောင့်ကြည့်နေရမှာ မိုးသက်တန့် သက်ပြင်းအခါခါ ချနေမိသည်။

~၀~



www.burmeseclassic.com

www.burmeseclassic.com

"တီ ... တီ ... တီ"

ရွှေယွန်းက စားပွဲပေါ်တင်ထားသော သူမရဲ့ ဖုန်းလေး မြည်လာသောကြောင့် ဖတ်လက်စ စာအုပ်ကိုပိတ်ပြီး ဖုန်းနံပါတ်လေးကိုကြည့်လိုက်သည်။ ဒါ ... ညီမင်းရဲ့ ဖုန်းနံပါတ်ပဲ။

အခုတလော ညီမင်းက သူမဆီ မကြာခဏ ဖုန်းဆက်နေတာ သူမ သတိထားမိပါသည်။

"ဟယ်လို"

သူမ ဖုန်းကို ဖွင့်ပြီး နားထောင်လိုက်သည်။

"ယွန်းလား၊ ညီမင်းပါ"

"ဟုတ်ကဲ့"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ညီမင်းက သူမ့ကို သူများတွေခေါ်သလို "ယွန်း" လို့တည်း ခေါ်တတ်လာသည်။

"တနင်္ဂနွေနေ့ကျရင် မြနိုပ်ညီမှာ Show ပွဲရှိတယ်၊ ယွန်း ကြည့်ချင်လား၊ အားလုံးက ယွန်းကြိုက်တဲ့ အဆိုတော် တွေချည်းပဲ"

"ဟုတ်လား ဘယ်သူတွေလဲ ဟင် . . . ရွှေယွန်းက ဘယ် အဆိုတော်တွေ ကြိုက်လဲ ရှင်သိလို့လား"

"သိတာပေါ့ . . . ရွှေယွန်းက R ဇာနည်၊ ရဲလေး၊ ဝိုင်းစု ချမ်းချမ်း၊ ပြီးတော့အေသင်ချိုဆွေ ဟုတ်တယ်မှတ်လား"

ညီမင်းရဲ့စကားကြောင့် သူမ့အံ့သြပြီး မျက်လုံးလေးများ ဝိုင်းသွားရသည်။ အဲဒီ ညီမင်းတစ်ယောက် သူမ့ကြိုက်တာတွေ ဘယ်လိုများသိနေလဲ မသိဘူး။

"ဟုတ်တယ်၊ အဲဒါ ရွှေယွန်းကြိုက်တဲ့ အဆိုတော်တွေ ချည်းပဲ၊ ကိုညီမင်း ဘယ်လိုသိနေတာလဲ ဟင်"

သူက Star Rain များ ဖြစ်နေမလားဟု ရွှေယွန်းထင်မိ သည်။ ရွှေယွန်းအကြိုက်တွေအားလုံးသိနေခဲ့သူက Star Rain တစ်ယောက်တည်းပဲ မဟုတ်လား။

"ဒီလိုပဲပေါ့ ယွန်းရဲ့၊ ဒါနဲ့ ယွန်း အခုဘာတွေစဉ်းစားနေလဲ"

"ရှင်ဘာလို့မေးတာလဲ"





"ယွန်း အသံတိတ်သွားလို့ပါ၊ ယွန်းတစ်ခုခုကို သတိရ မိလားလို့ မေးတာပါ"

"အင်း . . . ယွန်း တစ်စုံတစ်ယောက် သတိရသွားမိလို့ပါ၊ အဲဒါ ကိုညီမင်းက ဘယ်လိုသိတာလဲ"

"ယွန်း သတိရမိတာ ဘယ်သူလဲ"

"ပြောချင်ပါဘူး"

"ကျွန်တော့်ကိုခင်ရင် ပြောပြပါဗျာ"

"ဟင့်အင်း . . . ဘယ်သူမှ မဟုတ်ပါဘူး၊ ယွန်းနဲ့ Online မှာသိတဲ့ သူငယ်ချင်းတစ်ယောက်ကိုပါ"

"ဘယ်သူလဲ၊ သူ့ရဲ့ Nick Name က Star Rain တော့ မဟုတ်ပါဘူးနော်"

"ရှင် ဘယ်လို"

ရွှေယွန်း တအံ့တသြဖြစ်သွားရသည်။ ညီမင်းက ရွှေယွန်း ထင်သလိုပဲ Star Rain ဖြစ်နေခဲ့သည်။ သူ မတရားဘူး၊ ရွှေယွန်း ကို ပြောပြသင့်တာပေါ့။

သူက သိနှင့်ပြီး ရွှေယွန်းက မသိခဲ့ရတဲ့အတွက် ရင်ထဲ မချင့်မရဲဖြစ်ကာ ရှက်လည်းရှက် စိတ်လည်းဆိုးမိသည်။

"ဘာလဲ၊ သိလို့လား"

"ဟင့်အင်း မသိပါဘူး၊ ဘယ်က Star Rain လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်မသိဘူးလား၊ ဒါဆို သူယောင်မယ်ကိုတော့ သိမှာပေါ့"

"တော်ပြီ ... တော်ပြီ ရွှေယွန်း ဖုန်းချလိုက်ပြီ"

ဟု ဆိုကာ ဖုန်းပိတ်လိုက်သည်။

ဒါဆို သေချာပါသည်။ သူက ရွှေယွန်း အရမ်းတွေ့ချင်နေခဲ့မယ့် Star Rain လေးပဲပေါ့။ ကံကြမ္မာက ရွှေယွန်းတို့ကို မထင်မှတ်ဘဲ ဆုံပေးလိုက်တာ . . . ရွှေယွန်းကို သူက နှစ်သစ်လက်ဆောင်ပေးမယ်ဆိုပြီး လိပ်စာချင်း ဖလှယ်လိုက်တော့မှ သူသိသွားတာနေမှာ။

အဲဒါကို သူ ရွှေယွန်းကို ပြောမပြခဲ့ဘူး။ တော်တော်ဆိုးတဲ့ ညီမင်းပဲ။ ဖုန်းပြန်ခေါ်ရင် ကောင်းကောင်း ရန်တွေ့ပစ်ရမည်ဟု တေးမှတ်ထားလိုက်သည်။

"တီ . . . တီ" ဟု ဖုန်းလေးက ချက်ချင်းဆိုသလို ပြန်မြည်လာခဲ့သည်။ ရွှေယွန်းထင်သလိုပဲ ညီမင်းက ဖုန်းပြန်ခေါ်လိုက်တာပဲ ဖြစ်သည်။

"ဟော့ . . . ဘာလို့ ဖုန်းချလိုက်တာလဲ"

"ဖုန်းချလိုက်တာသိရက်နဲ့ ဘာလို့ ပြန်ဆက်ရတာလဲ"

"ကိုယ်ပြောမယ့်စကားကို ခဏလောက် အလေးအနက် နားထောင်ပေးပါ ယွန်းရယ်"





လို့ဆိုတဲ့ သူ့အသံချိုချိုကြားမှ ရင်ထဲ အလိုလိုပျော့ပျောင်းနူးညံ့သွားရသည်။ သူ့ကိုပြောမည်ဟုစဉ်းစားထားတဲ့စကားတွေ ဘယ်ရောက်သွားမှန်း မသိတော့ပါ။

ကိုယ် တမင်သက်သက် လျှို့ဝှက်ထားတာ မဟုတ်ပါဘူးကွာ ...တိုက်ဆိုင်လို့သိသွားခဲ့ပေမယ့်၊ မင်းကို ကိုယ် ဘယ်လိုပြောရမှန်း မသိခဲ့ဘူး၊ ကိုယ် အရင်သိသွားလို့ မင်းကို အားနာမိတာလဲ ပါတယ်၊ ကိုယ်ပြောနေတာတွေကို မင်း ယုံရဲ့လား"

မိုးသက်တန့် သင်ပေးတဲ့အတိုင်း သူ ယွန်းကို ပြောနေပေမယ့် စိတ်ထဲက မလုံသလို ခံစားရသည်။ ယွန်းကို ညာမိတာ သူ စိတ်မကောင်းပါဘူး။ ညာမိတာလည်း ယွန်းကို သိပ်ချစ်မိသွားလို့ပါကွာ။

"အင်းပါ ယုံပါပြီ . . . သူယောင်မယ်နဲ့ Star Rain က ကံကြမ္မာကို ယုံခဲ့ကြတယ်လေ။ အဲဒါကြောင့် ယွန်းတို့ကို ကံကြမ္မာက သနားသွားပြီး ဆုံပေးလိုက်တာ ဖြစ်မယ်နော်"

"ဟာ . . . ယွန်း တကယ်နောက်တယ်"

"နောက်တာမဟုတ်ဘူး ကိုညီမင်းရဲ့၊ ရွှေယွန်းကတော့ ကံကြမ္မာကို ယုံတယ် သိလား"

ကိုယ်ညာနေတာကိုသာ မင်းသိရင် မင်းရဲ့ ကံကြမ္မာကို ဆက်ယုံနေဦးမှာလား ယွန်းရယ် . . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လဲ ယုံပါတယ်ကွာ"

"ရွှေယွန်း ဒီနေ့သိပ်ပျော်တာပဲ သိလား"

"ဘာဖြစ်လို့လဲ"

"ရွှေယွန်း သိချင်နေတဲ့လူကို သိခွင့်ရလို့ပေါ့"

"ယွန်း တကယ်ပဲ Star Rain ဆိုတာကို အလေးအနက် ထားခဲ့လို့လား"

"အင်းပေါ့ . . . ရှင်ရော"

"ကိုယ်လဲ မင်းလိုပဲပေါ့ကွာ" တဲ့

ရွှေယွန်းရင်ထဲမှာကြည်နူးသွားရသည်။ ယွန်းတို့ကို ဆုံပေးခဲ့တဲ့ ကံကြမ္မာကိုလည်း သိပ်ကျေးဇူးတင်မိပါသည်။

ယွန်းရယ် မင်းက Online ပေါ်မှာခင်တဲ့ သူငယ်ချင်းကို တောင် သိပ်အလေးအနက်ထားတာပဲလား။ ယွန်းရဲ့စိတ်ဓာတ် လေးကို ညီမင်း သိပ်လေးစားသွားရသည်။

ညီမင်းတို့ ဖုန်းပြောနေတာကို မကြားချင်တာကြောင့် မိုးသက်တန့်က နံရံမှာချိတ်ထားသော ဂီတာကို လှမ်းယူလိုက်ပြီး . . . သီချင်းဆိုနေလိုက်သည်။ သီချင်းဆိုနေရင် သီချင်းလေးထဲမှာ ပျော်ဝင်ပြီး ခံစားနေရတာတွေကို ခဏတ္တခဏတော့ မေ့သွားနိုင်တာပဲလေ။ ဒါပေမဲ့ သီချင်းဆိုနေရင်းလည်း သူမကိုတော့ သတိရနေမိတာပါပဲ။





"ပြောပြချင်တယ် အချစ်စကားတွေ ထာဝရသိမ်းထား ရမယ်လေ xxx တို့နှစ်ယောက်အကြောင်းတွေ ကံကြမ္မာ ကိုပဲ အပြစ်ဖွဲ့ရမလားလေ xxx နာကျင်တဲ့ မျက်ရည် မြင်နိုင်မလား အချစ်ရေ xxx ဘယ်အချိန်မှာလဲ ဘယ် နေရာမှာလဲ xxx အကြင်နာတွေ ဖွင့်ပြောခွင့် ရှိတယ် အဖြေမသိခဲ့တော့လဲ သံသရာရှည်မယ် ဒဏ်ရာတွေနဲ့ နာကျင်စွာ လျှောက်လှမ်းရတော့မယ် xxx ရင်မှာ သိုဝှက်ဆဲ လျှို့ဝှက်အချစ်ရယ် xxx မချစ်တတ်သူတွေရဲ့ ကြားမှာ အချိန်လွန်ပြီးတော့ ရောက်လာသလား အချစ်စစ်တရားရယ် ဘယ်လိုပြန်ပြီး မေ့ဖျောက်နိုင်မလဲ လေ xxx ရင်မှာ မိုးစက်တွေ xxx သံသရာအဆုံးထိလေ အချစ်စစ်တွေ့မှ xxx တကယ်ခံစားတတ်ပြီလေ xxx ဒီလိုအချိန်မှာ အဝေးကြီး ဝေး xxxxx

ညီမင်းက ဖုန်းပြောနေရင်းမှ မိုးသက်တန့်ကို လှမ်းကြည့်မိသည်။ အယ်လ်လွန်းဝါရဲ့ "လျှို့ဝှက်ချစ်" သီချင်းကို ဂစ်တာ တီးပြီး ခံစားချက်ပါပါ သီဆိုနေလေသည်။

"ကိုညီမင်း သီချင်းသံကြားရတယ်နော် ...သီချင်းဖွင့်ထား တာလားဟင်"

"မဟုတ်ဘူး ရွှေယွန်း၊ မိုးသက်တန့် ဂစ်တာတီးပြီး သီချင်း ဆိုနေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဟုတ်လား၊ အသံကောင်းတယ်နော်၊ ကိုညီမင်းရော ဂစ်တာတီးတတ်လားဟင်"

"ကိုယ်က သိပ်မရဘူး၊ မိုးသက်တန့်က ဝါသနာပိုပါတယ်လေ၊ ဒီကောင်က အမြဲတမ်းလဲ သီချင်းနားထောင်တယ်"

"ဩော်"

"ဘာဖြစ်လို့မေးတာလဲ ရွှေယွန်း"

"ဘာမှမဖြစ်ပါဘူး၊ ရွှေယွန်းလဲ ဂစ်တာတီးဝါသနာပါတယ်သိလား၊ ဂစ်တာအရမ်းတီးတတ်ချင်တာပဲ၊ ကိုညီမင်းသာ ဂစ်တာတီးတတ်ရင် ရွှေယွန်းကို သင်ပေးဖို့ပြောမလို့ပါ"

"ဟာ . . . ရပါတယ် ရွှေယွန်းရဲ့၊ ကိုယ် သင်ပေးမှာပေါ့၊ ကိုယ်က ဂစ်တာတီးတာကို အရမ်းကြီး ဝါသနာမပါပေမယ့်၊ မိုးသက်တန့်က သင်တန်းတက်တော့ ကိုယ်ပါလိုက်တက်ဖြစ်တယ်လေ၊ အဲဒါကြောင့် နည်းနည်းပါးပါးလေ့ကျင့်ရင်း တီးတတ်သွားပါတယ်၊ ရွှေယွန်းအားတဲ့နေ့ပြောလေ၊ ကိုယ် ဂစ်တာယူလာခဲ့မယ်၊ ကိုယ်ရယ် . . . ရွှေယွန်းရယ် . . . မိုးသက်တန့်ရယ် ဂစ်တာတီးပြီး သီချင်းဆိုကြမယ်လေ၊ ကိုယ်က ရွှေယွန်းကို ဂစ်တာတီးတတ်အောင်လဲ သင်ပေးပါ့မယ်"





"အင်း ကောင်းသားပဲ၊ ဒါဆို ရွှေယွန်းသူငယ်ချင်း လဝန်းအိမ်ကိုလဲ ခေါ်ခဲ့မယ်နော်၊ ဒါမှ ရွှေယွန်းတို့လေးယောက်ဆို . . . ပိုပျော်ဖို့ကောင်းတာပေါ့ မဟုတ်ဖူးလား"

"သူငယ်ချင်းကိုပါ ခေါ်ခဲ့မယ်ဆိုတော့ ရွှေယွန်းတို့က ကိုယ်တို့အိမ်ကို လာမှာလား"

"ဟင့်အင်း အိမ်ကိုတော့ မလာချင်ပါဘူး"

ရွှေယွန်းဘက်က "ဒါဆိုရင်" ဟု စကားစ,ပြီး အသံ ခဏတိတ်သွားပြီးမှ . . .

"Ok သိပြီ . . . ကိုညီမင်း ကန်တော်ကြီးထဲမှာ ဂစ်တာသွားတီးကြမယ်လေ . . . မကောင်းဘူးလား"

"အင်း ကောင်းပါတယ်၊ ရွှေယွန်းသွားချင်တဲ့နေ့ ကိုယ့်ကိုပြောလေ . . . ဟုတ်ပြီလား"

"ဟုတ်ကဲ့ ကိုညီမင်း . . . ဒါဆို ရွှေယွန်း ဖုန်းချလိုက်တော့မယ် နော်"

"Ok လေ"

ရွှေယွန်းက ခေါက်ဖုန်းလေးကို ပိတ်ပြီး အိမ်ထဲပြန်ဝင်လာခဲ့သည်။

"သမီး ရွှေယွန်း . . . ဒီမှာ တီဗီလာကြည့်ပါဦး၊ သမီးကြိုက်တဲ့ Champion Dance အစီအစဉ်လာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဟုတ်သားပဲ ရွှေယွန်းမေ့နေတာ ကြီးမေရဲ့၊ အဲဒီ အစီအစဉ်ဆို ကြည့်မှာပေါ့" ဟုပြောရင်း ကြီးမေဘေးက ထိုင်ခုံမှာ ဝင်ထိုင်ဖြစ်သည်။

MRTV-4 မှလာသော The Champion of the Dance အစီအစဉ်ကို ရွှေယွန်း နှစ်သက်ပါသည်။ အဲဒီ အစီအစဉ်က ဖျော်ဖြေမှုသာမက Performance လဲ ပါတာကြောင့် ကြည့်လို့ကောင်းပါသည်။

"ကြီးမေ ဘယ်အဖွဲ့နိုင်မယ်လို့ ထင်လဲဟင်"

ပထမအဖွဲ့ရဲ့ တင်ဆက်မှုအပြီးမှာ ဒုတိယအဖွဲ့က ထပ်မံဖျော်ဖြေတင်ဆက်နေစဉ်မှာ ရွှေယွန်းက မေးတာဖြစ်သည်။

"မဆိုးပါဘူး၊ နှစ်ဖွဲ့လုံး ကြည့်လို့ကောင်းသားပဲ"

"ဟုတ်တယ်နော် က,ကွက်တွေဆန်းတယ်"

ကြီးမေရဲ့စကားကို ရွှေယွန်းကထောက်ခံပါသည်။ Double A star အဖွဲ့နှင့် Black Diamon အဖွဲ့နှစ်ဖွဲ့စလုံး မဆိုးပါဘူး အရမ်းတော်ကြပါသည်။ အဖွဲ့တစ်ဖွဲ့မှာ လူငါးယောက် ပါဝင်သည်။

ပထမ Double A star အဖွဲ့က ထီးလေးတွေနှင့် က၍ ဖျော်ဖြေတင်ဆက်ခဲ့သည်။

ဒုတိယ Black Diamon အဖွဲ့ကတော့ Performance နှင့် အရင်တင်ဆက်ခဲ့သည်။





ငါးယောက်စလုံးက တခြားယောက်တစ်မျိုးစီ အလုပ်ရှုပ်နေကြပုံနှင့်ပါ။

မိန်းကလေး တစ်ယောက်က စာအုပ်ထိုင်ဖတ်နေပုံနှင့် ကျန်တာက ယောကျ်ားလေးယောက်။

ပထမတစ်ယောက်က Laptop နှင့် Internet ထဲ ဝင်ပြီး အီးယားဖုန်းနှင့် စကားပြောနေပုံ၊

ဒုတိယတစ်ယောက်က ကက်ဆက်တစ်ခုကို ပြင်နေသည့်ပုံ၊

တတိယတစ်ယောက်က သူတို့အားလုံးကို လိုက်ခေါ်နေသည်။ ဒါပေမဲ့ တစ်ယောက်မှ လိုက်ခေါ်နေသူကို ဂရုမပြုကြဘူး။

ဒါကြောင့် သူက ဆောင်းဘောက်စ်နှင့် မြူးဇစ် ခပ်ကျယ်ကျယ်ကိုသွားဖွင့်လိုက်ပုံရသည်။ ဆောင်းဘောက်စ်မှ သီချင်းရဲ့ တီးလုံးသံ ခပ်ကျယ်ကျယ်ထွက်ပေါ်လာမှပဲ သူတို့အားလုံးက လုပ်နေကြတဲ့ အလုပ်တွေကို ရပ်ပြီး အားလုံး ထ,ကကြတော့သည်။

Black Diamon အဖွဲ့က လူငယ်စရိုက် အပြင်အဆင်လေးတွေကို ဖော်ပြသွားခဲ့တာ တော်တော့်ကိုပီပြင်ပါသည်။

ရွှေယွန်းကတော့ သူတို့အဖွဲ့ကိုသာ အနိုင်ရစေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒုတိယအဖွဲ့ နိုင်မယ်ထင်တယ်နော် ကြီးမေ . . . "

"အင်း ဒုတိယအဖွဲ့က သရုပ်ဆောင်တော့ကောင်းသားပဲ"

ဒုတိယအဖွဲ့ရဲ့ဖျော်ဖြေမှုအပြီးမှာ အမှတ်တွေကို ကြေညာပြီး Black Diamon အဖွဲ့က အနိုင်ရသွားခဲ့သည်။ ကြည့်နေရင်းဘာရယ်မဟုတ် ပျော်ရွှင်သဘောကျမိစွာ . . .

"တွေ့လား၊ ရွှေယွန်း ပြောသားပဲ"

"အေးပါ၊ ရွှေယွန်းလေး တော်မှန်း ကြီးမေ သိပါတယ်တော်"

ကြီးမေက ငေါ်တော့တော့နှင့် ချစ်စနိုး ခိုးမွမ်းပါသည်။ ရွှေယွန်းအသွင်သည် တခြားနေရာတွေမှာတော့ ချင့်ချိန်မှန်းဆ တွက်ချက်တာတွေ မှန်ကောင်းမှန်နိုင်ပေမယ့် မိမိကိုယ်တိုင်ရဲ့ နှလုံးသားရေးရာမှာတော့ ဘယ်လိုမှ ကြိုတင်မှန်းဆမရနိုင်တာ သေချာပါသည်။

~၉~

ဉာဏ်ဝင်းစာပေ

ကန်တော်ကြီးဥယျာဉ်ထဲမှာကျင်းပတဲ့ရှိုးပွဲက တော်တော်စည်ကားပါသည်။ မီးရောင်စုံတွေက တဖျပ်ဖျပ်နှင့် လင်းလာလိုက်၊ မှောင်သွားလိုက်နှင့် အဆိုတော်တွေက သီချင်းတွေကို အက ပါဖောင်းမင့်(စ်) (Performance) တွေနှင့် ခပ်မြူးမြူးလေး တပြ ဖျော်ဖြေနေကြသည်။

Ball Room လို ကွင်းပြင်ကျယ်ကျယ်ကြီးမှာ မတ်တတ်ရပ်ပြီး ကြည့်ရတာမို့ ... လွတ်လပ်ပျော်ရွှင်မှုအပြည့်အဝရှိ၏။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ညီမင်းက ရွှေယွန်းကို လူတွေတိုးဝှေ့မှာစိုးသဖြင့် ဘေးက နေ ကာထားပေးရာ . . . သူမ မျက်နှာပူမိ၏။

ရွှေယွန်းနှင့် ညီမင်းက တစ်တွဲ . . . သီးသန့်လိုပုံစံနှင့် ကိုမိုးသက်တန့်နှင့် လဝန်းအိမ်က တစ်တွဲလို ဖြစ်နေသည်။

ရွှေယွန်းကတော့ ရှုံးပွဲထက်ပို၍ ကိုမိုးသက်တန့်ကိုသာ စိတ်ဝင်စားနေမိပါသည်။ သူ့ဘာသာ ရင်ထဲကဖြစ်လာတာလေး ကိုမိုးသက်တန့်ကိုကြည့်ရတာ ... တစ်ခုခုကိုဟန်ဆောင်မျိုသိပ် ထားသလိုပင်။ ရွှေယွန်းကို စိတ်ဝင်စားလျက်နှင့် ဂရုမစိုက် ချင်ယောင် ဆောင်နေသလို ထင်မိသည်။

ရွှေယွန်းတို့ Fun စားသောက်ဆိုင်မှာ မုန့်စားကြတုန်းက ရွှေယွန်းပေါ်ကို ကော်ဖီခွက်မှောက်မလိုဖြစ်တုန်းက ရွှေယွန်း ဘေးမှာ ထိုင်နေတဲ့ ညီမင်းက သတိမထားမိဘဲ သူက လျှင်မြန် ဖျတ်လတ်စွာ တားဆီးပေးနိုင်သည်။ ရွှေယွန်းက သူ့ကိုကျေးဇူး တင်သလို လှမ်းကြည့်မိတော့ ... သူက ဘာမှမဟုတ်သလို ဟန်ဆောင်လိုက်တာတွေ့ရသည်။

သူ့မျက်လုံးထဲမှာ ရွှေယွန်းအပေါ် ကြင်နာရိပ်တွေစွန်းနေ သည်ဟု ရွှေယွန်းထင်မိပါသည်။ ပြီးတော့ သူ့ကို မြင်မြင်ချင်း ကတည်းက စိတ်ထဲမှာ ရင်းနှီးသလို ခံစားရသည်။ ခုမှမဟုတ် Dagon Center ပေါ်မှာ စ,မြင်ဖူးကတည်းကပါ။





တစ်နေရာရာမှာ ဆုံဖူး၊ သိဖူးသလိုခံစားချက်က အလိုလို ပေါ်ပေါက်လာခဲ့တာ. . .။

ရွှေယွန်းစိတ်ထင်တော့ သူက ရွှေယွန်းကို ရှောင်ချင်နေ သလိုပင်။ အဲဒါဘာဖြစ်လို့လဲတော့ ရွှေယွန်းမသိတာအမှန်ပါ။

သေချာတာတစ်ခုကတော့ . . . သူ့ဘက်က ရွှေယွန်းကို ရှောင်ဖယ်မယ် လုပ်လေလေ၊ ရွှေယွန်းဘက်က သူ့ကို ပိုပြီး စိတ်ဝင်စားမိလေပဲဖြစ်သည်။ ဘယ်လိုရေစက်မှန်းမသိ။

သူက ရွှေယွန်းအပေါ် အရမ်းကြီး ခင်မင်နှစ်လိုပုံမရပေ မယ့် ရွှေယွန်းကတော့ သူ့ကို ညီမင်းထက်ပို၍ ခင်မင်မိလေ သည်။ ရွှေယွန်းဘေးမှာ တစ်ချိန်လုံးရှိနေတဲ့ ညီမင်းထက်ပို၍ သူ့ကို နှစ်သက်သဘောကျမိတာတော့ဆန်းသား . . .။

တကယ်တမ်း ရွှေယွန်းစိတ်ဝင်စားသင့်တာက ညီမင်းပါ။ ညီမင်းနဲ့က Online မှာကတည်းက သံယောဇဉ် ရှိခဲ့ကြတာ။ ယခု အပြင်မှာ ခင်မင်ကြတော့လည်း ညီမင်းဘက်က အရင် အတိုင်းပါ။ ရွှေယွန်းကလည်း သူ့ကို သံယောဇဉ်ရှိနေမှာပဲဟု သူ ယုံကြည်နေပုံရသည်။

ခက်နေတာက ရွှေယွန်း။

ရွှေယွန်းရင်ခုန်သံတွေက ပြောင်းလဲကုန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ညီမင်းကို သူငယ်ချင်းတစ်ယောက်လိုသာ သဘောထားနိုင်သည်။ ဒီထက်မပိုနိုင်။

"ရွှေယွန်း ပြန်ချင်ပြီလား၊ ပြန်ချင်ရင် ကိုယ့်ကိုပြောနော်"

"ဟင့်အင်း . . . မပြန်ချင်သေးပါဘူး၊ ရွှေယွန်းကြိုက်တဲ့ အဆိုတော်တွေ သီချင်းဆိုဦးမှာ"

သူမ,က ကြားရအောင် အော်ဖြေလိုက်သည်။

"ကိုယ်က ရွှေယွန်း ညောင်းနေမှာစိုးလို့ပါဗျာ၊ ကြည့်ချင် ကြည့်ပါ"

"ရပါတယ် . . . ရွှေယွန်း မညောင်းသေးပါဘူး"

ရွှေယွန်းကို ညီမင်းက အခုလိုပဲ ဂရုစိုက်လွန်းပါသည်။

သူတို့နှင့်ခင်ပြီးနောက်ပိုင်း ရွှေယွန်းတို့ အခုလို ဟိုဟိုသည်သည် လျှောက်လည်ဖြစ်ကြပါသည်။

ရွှေယွန်းသူငယ်ချင်းတွေနဲ့လည်း သူတို့ကို မိတ်ဆက်ပေးပြီး . . . သူတို့ကလည်း သူတို့သူငယ်ချင်းတွေနှင့် ပြန်မိတ်ဆက်ပေးတာကြောင့် အုပ်စုဖွဲ့တစ်ဖွဲ့တည်းလို ဖြစ်သွားခဲ့သည်။

သူငယ်ချင်းတွေ အားလုံးစုပြီး . . . တစ်ပတ်တစ်ခါ လျှောက်လည်ခြင်း၊ ရုပ်ရှင်သွားကြည့်ခြင်း၊ ရေကူးကန်သွားခြင်း စသည်တို့ကို အတူတူလုပ်ဖြစ်ကြသည်။





များသောအားဖြင့်တော့ ရွှေယွန်းရယ်၊ လဝန်းအိမ်ရယ်၊ ကိုညီမင်းနှင့် ကိုမိုးသက်တန့်တို့ လေးယောက်သာ အတူဆုံဖြစ်ကြသည်။

လေးယောက်သားဆုံပြီး တွဲဖြစ်ကြတာ များလာခဲ့သည်။ အတူသွား အတူစားပါများမှလည်း စကားတပြောပြောနှင့် တစ်ယောက်အကြောင်း တစ်ယောက်ပိုသိလာပြီး ထဲထဲဝင်ဝင် နားလည်မှုတွေ ရလာကြမှာ မဟုတ်လား။

ထိုအခိုက်အတန့်လေးတွေမှာ ရွှေယွန်းစိတ်ထဲ အလိုလို ပျော်ရွှင်တက်ကြွနေမိတာ ဝန်ခံစရာပင်လိုမည်မထင်။

အဲဒါ ဘယ်သူ့ကြောင့်ပါလဲ။ ညီမင်းကြောင့်လား . . .

ဟင့်အင်း . . .

ညီမင်းကြောင့် မဟုတ်ဘူးဆိုတာ . . . သူမ သိလာလျှင် အလန့်တကြား ပိုရင်ခုန်မိသည်။ ဒါဆို ဘယ်သူ့ကြောင့်လဲ . . .။

မိုးသက်တန့် . . .။

သူ့အပေါ် ငြိတွယ်စိတ်တွေက ဆန်းကြယ်ပြီး အားကောင်းလှသည်။ ရွှေယွန်း မျှော်လင့်ထားတာထက်ပင်ပို၍ နစ်မျောသာယာ ရင်ခုန်မိတာ . . .။

သူ့ကိုကြည့်လိုက်လျှင်တော့ ရွှေယွန်းကို မကြည့်သလိုလို၊ စိတ်မဝင်စားသလိုလို ပုံဖမ်းထားတာ။ ဒါပေမဲ့ တစ်ချက်တစ်ချက် ခိုးကြည့်တာနှင့် သူမက ရိပ်မိနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရှင်က ဟန်ဆောင်ကောင်းလွန်းပါလား မိုးသက်တန့်ရေ၊ ရွှေယွန်းကို ညီမင်းနဲ့ ကျေနပ်ကြည်ဖြူ သဘောတူနိုင်တယ် ပေါ့လေ . . .။

ရှင်က အသည်းမာမာနဲ့ ဥပေက္ခာပြုနိုင်သူကြီးဆိုပါတော့။

ရွှေယွန်းရင်မှာ မကျေနပ် . . . ၊ နှုတ်ခမ်းလေးကို အလိုလို စူထော်ထားမိသည်။ သူ လဝန်းအိမ်ကို ပြုံးပြီး စကားပြောလိုက်တိုင်း . . . ဒီဘက်ကနေ မနာလိုဖြစ်ရတာ . . . ဆောက်တည်ရာ မရအောင်ပင်။

အချစ်ရဲ့သဘောက ဆန်းကြယ်လွန်းပါဘိနော် . . .။

❁



မိုးသက်တန့်က မြို့ထဲသို့သွားပြီး စာအုပ်တန်းတွေကို လျှောက်ကြည့်နေရင်းမှ ရွှေယွန်းကို တွေ့တာကြောင့် အံ့ဩသွားရသည်။ သူ့ကို ရွှေယွန်းကလည်း မြင်သွားပုံရတာကြောင့် သူဘာမှ သိပ်မစဉ်းစားတော့ဘဲ သူမကို သွားနှုတ်ဆက်လိုက်သည်။

"ရွှေယွန်း . . . ဘယ်လာတာလဲ"

"ဪ . . . ဒီနားမှာနေတဲ့ သူငယ်ချင်းတစ်ယောက်ဆီ လာရင်းနဲ့ အပြန် စာအုပ် ဝင်ဝယ်နေတာလေ . . . ကိုမိုးသက်တန့်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က စာအုပ်ဝယ်ဖို့ သက်သက်ပဲလာခဲ့တာပါ"

"ဩော် ကိုမိုးသက်တန့်က စာဖတ်ဝါသနာပါတာကိုး"

"ဟုတ်တယ် . . . ကိုယ်က စာဖတ်ရတာ ကြိုက်တယ်"

ရွှေယွန်းစိတ်ထဲ သူက Star Rain များ ဖြစ်နေမလား ဟု ထင်မိသည်။

ကိုညီမင်းက မိုးသက်တန့်လို စာဖတ်ဝါသနာမပါ။ ရွှေယွန်းနှင့် သိတဲ့ Star Rain က စာဖတ်ဝါသနာပါသူတစ်ယောက်ပါ။ ပြီးတော့ သူက ရွှေယွန်းဆီ ကဗျာလေးတွေ ခဏခဏ ရေးပို့ပေးတတ်ပါသည်။

ညီမင်းကတော့ . . .

"ကဗျာရေးရတာ ပျင်းစရာကောင်းပါတယ်၊ ကိုယ်တော့ လုံးဝ ဝါသနာမပါဘူး" လို့ ပြောပါသည်။

ဘာလို့ အဲဒီလိုတွေ ဖြစ်နေရတာပါလိမ့်။ ရွှေယွန်းဖြင့် မစဉ်းစားတတ်တော့ပါဘူး။

"ကိုမိုးသက်တန့် တခြား ဘယ်ဝင်စရာရှိသေးလဲ၊ ဘယ်မှ သွားစရာမရှိဘူးဆိုရင် ရွှေယွန်းနဲ့ စာပေလောက (၂) စာအုပ်ဆိုင်ကို လိုက်ခဲ့ပါလား"

"Ok လေ . . . ကိုယ်လိုက်ခဲ့ပါ့မယ်"





ဆိုပြီး သူနဲ့ ရွှေယွန်းတို့နှစ်ယောက် စာပေလောက (၂) မှာ စာအုပ်တွေ လျှောက်ကြည့်ဖြစ်ကြသည်။

သူဖတ်တဲ့ စာရေးဆရာအမည်၊ ရွှေယွန်းဖတ်တဲ့ စာရေးဆရာအမည်တွေ ပြောပြကြ။ ပြီးတော့ သူဖတ်ဖူးတဲ့စာအုပ်တွေ အကြောင်း၊ ရွှေယွန်းကလည်း သူမ, ဖတ်ဖူးတဲ့ စာအုပ်တွေ အကြောင်း ပြောပြကြရင်း ထိုဆိုင်မှ စာအုပ်တွေဝယ်ခဲ့ကြသည်။

ပြီးတော့ သူက ရွှေယွန်းဖတ်ချင်တဲ့ စာအုပ် (၅) အုပ် ကိုလည်း လက်ဆောင် (Present) ဆိုပြီး ဝယ်ပေးခဲ့ပါသည်။ ရွှေယွန်းက လိုချင်တဲ့စာအုပ်တွေလည်း ရပြီမို့ သူ့ကိုကျေးဇူးတင်တဲ့အနေနဲ့ နီးရာ အအေးဆိုင်မှာ ဖာလူဒါနှင့် ဒင်ဆမ်း ဝယ်ကျွေးမည်ဟု ဆိုပြီး သူနဲ့ ရွှေယွန်းတို့ နီလာအအေးဆိုင် ရှိရာသို့ လမ်းလျှောက်သွားကြသည်။

အအေးဆိုင်ရောက်တော့ သူက ရွှေယွန်းစားသလိုပင် ဒင်ဆမ်းစားပါသည်။ ပုစွန်နိုင်လွန်၊ ငုံး၊ ဥ၊ အသားတွေကိုတူနဲ့ ညှပ်ပြီး အချဉ်ရည်နဲ့ တို့စားပြီး စံပယ်ရေနွေးကြမ်းကို အတူ မှုတ်သောက်ရတာ သိပ်အရသာရှိတာပဲ။

ရွှေယွန်းအကျင့်က ဒင်ဆမ်းစားပြီးတိုင်း . . . ဖာလူဒါ သောက်လေ့ရှိပါသည်။ နီလာက ဖာလူဒါက ကောင်းတာကိုး။ မိုးသက်တန့်ဖို့လဲ ရွှေယွန်းမှာသလို ဖာလူဒါ မှာပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖူတွေနဲ့ အအေးတွေနဲ့ ဗိုက်ထဲမှာ စစ်ဖြစ်ကုန်တော့မှာပဲ"

"ဘာမှမဖြစ်ပါဘူး မိုးသက်တန့်ရဲ့၊ ရွှေယွန်း အဲဒီလို အမြဲစားနေကြပဲဟာ"

"ရွှေယွန်းကတော့ဗျာ ...တကယ်စံပဲ" ဟု မိုးသက်တန့်က ရယ်ပြီး ဆိုပါသည်။

"မိုးသက်တန့် . . . ပတ္တမြားကိတ်နဲ့ အဆော့တစ်ကိတ် ထပ်မှာရင် ကောင်းမယ်နော်" ဟု ရွှေယွန်းက ကလေးလို သူ့ကို တိုင်ပင်မိသည်။

သူက ဆိုင်က ဝိတ်တာလေးကို ခေါ်ပြီး ရွှေယွန်းစားချင်တာတွေ မှာပေးပါသည်။

ဝိတ်တာလေးက ယောကျာ်းလိုလို မိန်းမလိုလိုနှင့် ခပ်နွဲ့နွဲ့လေးနှင့် ရုပ်ကလေးကတော့ တော်တော်ချောပါသည်။

"သူက မိန်းကလေးပဲဖြစ်ရမယ်"ဟု ရွှေယွန်းကပြောတော့ သူက လက်မခံဘဲ . . .

"ယောကျာ်းလေးပါ" ဟု ဆိုတာကြောင့် သူနဲ့ ရွှေယွန်း တော်တော်ကြာကြာ အငြင်းပွားခဲ့ကြသည်။

နောက်ဆုံးတော့ . . . သူက မန်နေဂျာကို တီးတိုးသွားမေးလိုက်သည်။ သူ တကယ်ပဲ သွားမေးရဲလိမ့်မည်ဟု ထင်မထားတာကြောင့် ရွှေယွန်း အံ့သြနေမိသည်။





"တွေ့လား ကိုယ်ပြောသားပဲ" ဟု သူက လက်မလေးထောင်ပြပြီး ဟန်အမူအရာနှင့် ရွှေယွန်းကို လှမ်းပြောနေသေးတာမို့ . . . ရွှေယွန်း သဘောကျစွာ ရယ်မောမိတော့သည်။

"မိုးသက်တန့်ကလဲ ဘာလို့ သွားမေးရတာလဲ အားနာစရာကြီး"

"ဟာ သူ့ကိုမေးတာမှမဟုတ်ဘဲ တခြားတစ်ယောက်ကို မေးတာပဲဟာ ဘာအားနာစရာရှိလို့လဲ၊ ပြီးတော့ ရွှေယွန်းက အတင်းကြီး ငြင်းနေလို့သာ ကိုယ် သွားမေးလိုက်ရတာ"

"အင်း ဒါလဲဟုတ်တာပဲ၊ ရွှေယွန်းမှားတယ်ပဲထားပါတော့"

"ထားပါတော့ ဘယ်ဟုတ်မလဲ၊ ရွှေယွန်း မှားတာပါနော်၊ အဲဒီလို" ဟု သူက မိန်းကလေးလို တမင်လုပ်ယူထားသောအသံဖြင့် ပြောတာကြောင့် ရွှေယွန်း ရယ်လို့မပြီးတော့ပါ။

ရယ်နေရင်းနှင့် သီးတောင်သီးယူရသည့်အထိ။

သူနှင့်အတူ မုန့်စားရတာ ရွှေယွန်းဘဝမှာ ပျော်ရွှင်ဆုံးသော အချိန်ပါပဲ။ စိတ်ထဲက အလိုလိုကိုပျော်ပြီး ရယ်ရွှင်မြူးနေတာ ဆန်းသည်။

ပြီးတော့ သူ့ကို သူစိမ်းရယ်လို့မထင်မိဘဲ ရွှေယွန်းစိတ်ထဲ ရင်းနှီးနေသလို ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို စ,နောက်နေရတာ ရွှေယွန်း ပျော်ပါသည်။ သူက လည်း စိတ်မဆိုးဘဲ ရွှေယွန်းကို ပြန်နောက်ပါသည်။ ရွှေယွန်းတို့ အဲဒီနေ့က ညနေ (၆) နာရီလောက်မှ အိမ်ပြန်ဖြစ်ကြသည်။

နှစ်ယောက်လုံးက ကားမပါကြတာမို့ တက္ကစီအငှားယာဉ် နှင့်သာ ပြန်ခဲ့ကြသည်။

ရွှေယွန်းကို အရင်ပို့ပေးပြီး . . . သူက အဲဒီတက္ကစီနှင့်ပဲ ပြန်သွားခဲ့ပါသည်။

ထွက်သွားသော တက္ကစီနောက်မြီးလေးကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့သူက ရွှေယွန်းအသွင်။

အဲဒီနေ့က ရွှေယွန်း ညဘက် တော်တော်နှင့် အိပ်မပျော် ခဲ့ဘူး။

သူ့အကြောင်းတွေပြန်တွေးရင်း ... တော်တော်ညဉ့်နက် သွားခဲ့ပါသည်။

-ၿ၀ွှ-



ရွှေယွန်းအသွင်က ရေချိုးပြီးခါစ သူမရဲ့ မျက်နှာဖွေးဖွေး သန့်သန့်လေးကို နှီုရည်ခရင်မ်လေး အရင်လိမ်းလိုက်သည်။ ပြီးမှ Two way လေးထပ်ရိုက်လိုက်သည်။ မျက်ဝန်းတစ်ဝိုက်ကို တော့ သေချာဂရုစိုက်ပြီး ခြယ်သလိုက်သည်။ နှုတ်ခမ်းလေးကို (Lip Gloss) ပန်းရောင် ခပ်ရွှဲရွှဲလေး ဆိုးလိုက်ရင် လှပရွှန်းစို သော နှုတ်ခမ်းသားလေးကို ပိုင်ဆိုင်သွားပြီ။

ရွှေယွန်းရဲ့ ခုမှကောက်ထားတာ မကြာသေးတဲ့ Wave ကြီး ဆံပင်အလိပ်တွေကို ပုံစံမပျက်အောင် SilK-n-Shine ခေါင်းလိမ်းဆီကို လက်ဖဝါးမှာ နည်းနည်းထည့်ပြီး ဖွဖွလေးမီး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်။ ပြီးမှ . . . အသင့်ထုတ်ထားတဲ့ ( Blouse ) ပုံစံ ပန်းရောင်အကျီ အရှည်လေးနှင့် အသားကပ်ဘောင်းဘီအနက် |စတော်ကင် (န်)| လေး ဝတ်ပြီး ( DKNY ) ပန်းသီးရနံ့ ရေမွှေးလေး ဆွတ်လိုက်သည်။

အပြီးသတ်အနေနဲ့ ခဲချွန်ဒေါက်အနက်ရောင် ( Pencil heels) လေး စီးလိုက်လျှင် ရွှေယွန်းရဲ့ပြင်ဆင်မှုက ( Perfect) ဖြစ်သွားပြီ။

အားလုံး ပြင်ဆင်လို့ပြီးမှ ကိုယ်လုံးပေါ်မှန်လေးမှာ ကိုယ်လေး တစ်ပတ်လည်ကာ ကြည့်လိုက်သည်။

ကိုယ့်ကိုယ်ကို အဆင်ပြေကြည့်ကောင်းရဲ့လားလို့ စိုးရိမ်မိလို့ပါ။ မှန်လေးထဲမှာ မြင်နေရတဲ့ ရွှေယွန်းရဲ့ပုံစံသည် ရိုးရိုးလေးနဲ့ ဆွဲဆောင်မှုရှိတယ်လို့ ထင်မိတာပဲလေ။

တကယ်လည်းပဲ ရွှေယွန်းအသွင့်ပုံစံလေးက ...ချစ်စဖွယ် မျက်နှာဖူးဖူး ပြည့်ပြည့်လေး။ ပြီးတော့ ... ကိုယ်လုံးလေးက အပိုအလိုမရှိ သွယ်သွယ်လျလျလေး။

ကကြိုးပုံ နှုတ်ခမ်းထူ အာအာလေးနှင့် နူးညံ့ပျော့ပျောင်းတဲ့ အသားအရေကို ပိုင်ဆိုင်ထားပြီး လက်တံ၊ ခြေတံလေးတွေက ရှည်ရှည်သွယ်သွယ်လေးတွေနှင့်မို့ ... တော်တော်ကြည့်ကောင်းပါသည်။





သူငယ်ချင်းတွေဆို "နင်က သိပ်လှတာပဲ"တို့၊ "နင့်အလှက ပြီးပြည့်စုံတယ်ဟ" တို့ အမြဲအားကျပြီး ချီးမွမ်းပါသည်။ ဒါပေမဲ့ ရွှေယွန်းရဲ့အလှကို အသိအမှတ်ပြုတဲ့အထဲမှာ သူတော့မပါဘူး။ သူက ရွှေယွန်းရဲ့အလှကို မြင်ပုံမရဘူး ထင်ပါရဲ့နော်။

ဪ အချစ်ဆိုတဲ့အရာကလည်း ကိုယ်ပုံဖော်ချင်သလို ကိုယ်ကြိုက်နှစ်သက်သလို ဖန်တီးနိုင်တဲ့ ကိတ်မုန့်တစ်လုံးမှ မဟုတ်ဘဲ။

တကယ်တော့ ချစ်ခြင်းမေတ္တာဆိုတာ ကိုယ်က ပေးချင်ရင်တောင် သူက ယူဦးမှ။ ပြီးတော့ သူက ပေးချင်နေရင်လည်း ကိုယ်က လက်ခံနိုင်ဦးမှ။

အိုး . . . ဘယ်လိုပဲ ဖြစ်ဖြစ် . . . အချစ်ဆိုတဲ့ အရာက ပုလောင်လွန်းပါတယ်လေ။ ကိုယ်လိုချင်သလို ကိုယ်ဖြစ်ချင်သလို ဖြစ်မလာရင် ဝမ်းနည်းကြေကွဲရသည်။

ရွှေယွန်းဘက်က မိုးသက်တန့်ကို ချစ်မြတ်နိုးမိနေပေမယ့် သူက ရွှေယွန်းကို မချစ်ဘူးဆိုတာ အခုတော့ ရွှေယွန်းနားလည်နေပါပြီ။

ရွှေယွန်းက သူ့ကို တစ်ခါမှမချစ်ဖူးတဲ့အချစ်မျိုးနဲ့ ရင်ထဲက နက်နက်ရှိုင်းရှိုင်း ချစ်မိသွားတာပါ။

ရွှေယွန်းအတွက်တော့ သူက (First and Last) ပထမဆုံးနဲ့ နောက်ဆုံးချစ်သူပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ . . .

သူက ရွှေယွန်းကို မချစ်ဘူး၊ ဂရုမစိုက်ဘူး။ ရွှေယွန်းမှာလည်း ခံစားတတ်တဲ့ အသည်းနှလုံးနဲ့ပါ။

တဖြည်းဖြည်းနဲ့တော့ သူ့ကိုစိတ်နာနေမိပါပြီ။ (love and heat) အချစ်နဲ့အမုန်း ဒွန်တွဲနေသလိုပဲ ကြာလာရင် . . . သူ့ကို အချစ်ကြီး ချစ်မိနေရာကနေ တဖြည်းဖြည်းနဲ့ စိတ်နာလွန်းပြီး အမုန်းကြီး မုန်းသွားမိတော့မယ် ထင်ပါရဲ့။

တီ တီ တီ . . . တီ တီ

ရွှေယွန်း မှန်ကြည့်နေရင်း . . . အတွေးလွန်နေရာမှ ကားဟွန်းတီးသံကြောင့် သူတို့ ရောက်လာကြပြီဆိုတာ သိလိုက်ပါသည်။

လဝန်းအိမ်က ထုံးစံအတိုင်း ခြံရှေ့ကနေ ဟွန်းအဆက်မပြတ် တီးနေပြီ။

"လာပါပြီဟဲ့ ဘာလို့ဟွန်းတီးနေရတာလဲ" ဟု လဝန်းကို မြင်မြင်ချင်းပဲ ရန်တွေ့မိသည်။

"နောက်ကျနေလို့ပါနင်ကလဲ"ဟု လဝန်းကရယ်မောရင်း ဆိုပါသည်။

"ကဲပါ ရွှေယွန်းရဲ့ တက်လေ ... ကားပေါ်မြန်မြန်တက်တော့" ဟု လော်ဆော်လေသည်။

ဉာဏ်ဝင်းစာပေ



လဝန်းအိမ်က ကားမောင်းတာ သိပ်မြန်သည်။

"ဟဲ့ ဖြည်းဖြည်းမောင်းပါ ... ဒီလောက်မြန်မြန်မောင်းရင် ငါတို့ အန္တရာယ်ရှိနိုင်တယ်ဟ" လို့ သူငယ်ချင်းတွေက အမြဲ သတိပေးနေရတာက ထုံးစံ။

ကားပေါ်ထိုင်မိတာနဲ့ ဒီမိန်းမရဲ့စိတ်တွေက မြောက်ကြွမြောက်ကြွ ဖြစ်သွားရော. . .။

လဝန်း ပြန်ဖြေနေကျစကားက . . .

"ငါသိပါတယ်ဟ၊ ကားကို မြန်မြန်မောင်းတတ်တာက ငါ့အကျင့်ပဲဟာ၊ ငါ ကားမောင်းလာတာ ၁၈-နှစ်သမီးအရွယ်ကတည်းကပါ ... တစ်ခါမှ ဘာမှမဖြစ်ဘူး"

"အေးပါ ... နင် အဲဒီလို မြန်မြန်သာမောင်း၊ နင် တစ်ခုခုဖြစ်မှ နောင်တ,မရနဲ့ သိလား" ဟု သူငယ်ချင်းတွေက သူမကိုတော့ မနိုင်ဘူးဆိုတဲ့ သဘောနှင့် မငြင်းခုန်ကြတော့ပါ။

ကဲ ... ရောက်ပြီ သယ်ရင်းတို့လို့ ဆိုပြီး ကားကို တုန့်ခနဲရပ်လိုက်တော့ ကရဝိက်ဉယျာဉ်ရဲ့ အဝင်ဝသို့ပင် ရောက်နေပါပြီ။

သူမ,မောင်းတဲ့ကား စီးလာရတာ ... ဘယ်လိုက ဘယ်လို ရောက်လာမှန်းပင် မသိ။ လူက ရင်တွေတုန်ပြီး မောဟိုက်တုန်လှုပ်လို့နေပါသည်။ မိန်းကလေးဖြစ်ပြီး ကားမောင်းကြမ်းရ တယ်လို့ မမြင်စဖူးနှင့် အထူးအဆန်းပင်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကရဝိက်သို့ ဝင်ဝင်ချင်းမှာပင် မိုးသက်တန့်တို့ရဲ့ကား အမိုးဖွင့် အဝါလေးကို တန်းမြင်ရပါသည်။

ညီမင်းက အရင်မြင်သွားပြီး တံတားပေါ်ကနေ ရွှေယွန်းကို လှမ်းလက်ပြပါသည်။

သူငယ်ချင်းတွေ အားလုံး ဆုံကြပြီဆိုတာနဲ့ ခေါင်းချင်းဆိုင်ပြီး ဘယ်သွားမလဲဆိုတာ အစီအစဉ် စ,ဆွဲနေမိကြ၏။

ညီမင်းက ရွှေယွန်းနားကို လျှောက်လာပြီး . . .

"နောက်ကျလိုက်တာ ရွှေယွန်းရာ ...ဘယ်လိုဖြစ်တာလဲ ကိုယ်တို့ရောက်နေတာ . . . နာရီဝက်လောက်တောင်ရှိပြီ" ဟု တန်းပြောလေသည်။

"ဟုတ်တယ် ရွှေယွန်းတို့ နည်းနည်းနောက်ကျသွားတာ လဝန်းလေ . . . သူ့ကားနဲ့ဝင်ခေါ်မယ်လို့ ပြောထားလို့ သူ့ကို စောင့်နေလိုက်တာ၊ ရွှေယွန်းကဖြင့် အဆင်သင့် ( Ready ) ဖြစ်နေတာ ကြာပါပြီ"

ရွှေယွန်းက ညီမင်းရဲ့ဘေးမှာ ကားကိုမှီရပ်ပြီး ကန်တော်ကြီးရဲ့ လေကို တစ်ဝကြီးရှူရှိုက်နေရင်း ပြန်ဖြေပါသည်။

"ရွှေယွန်းကိုကြည့်ရတာ မောနေသလိုပဲ" ဟု ညီမင်းက သူမကို သေချာစေ့စေ့ကြည့်ပြီး ပြောသည်။





"အင်း ...ဟုတ်တယ်၊ မောနေတာပေါ့၊ လဝန်းဆိုတဲ့မိန်းမ မောင်းတဲ့ကား စီးရတာ မလွယ်ဘူး၊ လမ်းမှာ ဘာများဖြစ်မလဲ ဆိုပြီး ဘုရားတ,နေရတာ သိရဲ့လား"

"ဟား ... ဟား ဖြစ်ရမယ်ဗျာ၊ မိရွှေယွန်းတို့ကတော့"

ညီမင်းက သူမကိုကြည့်ပြီး ရယ်ပါသည်။

မိုးသက်တန့်က ဘာမှဝင်မပြောဘဲ သူ့လက်ထဲမှာ ကိုင်ထားတဲ့ ရေသန့်ဘူးလေးကို ရွှေယွန်းထံ လှမ်းပေးပါသည်။

ရွှေယွန်းက သူပေးတဲ့ ရေသန့်ဘူးလေးကို ယူပြီး ဟန်မဆောင်နိုင်ဘဲ ချက်ချင်းဖွင့်သောက်မိသည်။

အား . . . ရင်ထဲကို အေးသွားတာပဲ။

အခုလိုကျတော့လည်း သူက ရွှေယွန်းကို ဂရုတစိုက် ရှိဖော်ရသားပဲ။

သူ့ကို ရေဘူးပြန်ပေးရင်း "Thank You" ဟု ခပ်တိုးတိုး ပြောပြီး လိုက်လိုက်လှဲလှဲ ပြုံးပြမိသည်။

သူကလည်း ပါးချိုင့်လေးတစ်ဖက်ပေါ်အောင် ပြန်ပြုံးပြပါသည်။

အပြုံးချင်းဖလှယ်လိုက်တဲ့အချိန်ကလေးမှာ သူနဲ့ ရွှေယွန်း ကြားမှာ နားလည်မှုတစ်ခုရသွားသလို ခံစားရသည်။ သူ့အပြုံးလေးက လေအေးအေးနဲ့အတူ လတ်ဆတ်ချိုမြိန်လွန်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ အားလုံးတိုင်ပင်ပြီး Fun စားသောက်ဆိုင်မှာ အရင်မုန့်စားကြဖို့ ဆုံးဖြတ်လိုက်ကာ တံတားပေါ်ကနေ သူငယ်ချင်းတွေအားလုံး လျှောက်လာကြရင်း . . .

"ဟယ် ဟိုမှာကြည့်စမ်း၊ အောင်ရဲလင်းနဲ့ သင်ဇာဝင့်ကျော်ပလား" လို့ ထအော်တဲ့ ဟန်နီရဲ့ အသံကျယ်ကျယ်ကြောင့် မိုးသက်တန့်ကိုကျော်ပြီး လှမ်းကြည့်ဖို့အပြင် ရွှေယွန်းစီးထားတဲ့ ခဲသျှန်ဒေါက်ကလေးက တံတားအပေါက်လေးထဲဝင်ပြီး နိမ့်သွားရသည်။

မိုးသက်တန့်က အချိန်မီလှမ်းထိန်းပေးတာကြောင့် အရှိန်ခကို့နိုင်ဘဲ သူ့ပါးကို ရွှေယွန်းနှုတ်ခမ်းတွေနှင့် နမ်းလိုက်မိသည်။

ရုတ်တရက်ရှက်လွန်းအားကြီး၍ သူ့မျက်နှာကိုပင် မကြည့်ရဲတော့ပါ။ သူကတော့ ဟန်ဆောင်ကောင်းစွာဖြင့် ချက်ချင်းပဲ ငုတ်တုတ်ထိုင်ချကာ ထုတ်မရတဲ့ ရွှေယွန်းဖိနပ်တစ်ဖက်ကို ချွတ်ခိုင်းပြီး သူကိုယ်တိုင် ဆွဲထုတ်ပေးပါသည်။

ရွှေယွန်း မိုးသက်တန့်ပါးကို နမ်းသလိုမျိုး ဖျတ်ခနဲ ထိကပ်မတတ် ဖြစ်သွားတာကို မြင်ဖြစ်အောင်မြင်လိုက်သူက ညီမင်းပင် . . .။

ရင်ထဲမှာဘယ်လိုကြီးဖြစ်သွားမှန်းမသိ။ အဲ့လိုလည်လည်နှင့် သူတို့နှစ်ယောက်ကိုထားပြီး သူ ဆက်လျှောက်သွားမိသည်။





ရွှေယွန်းအနားကို အရင်လို အပြေးအလွှား မသွားဖြစ်တော့ပါ။ အဝေးကသာ လှမ်းကြည့်နေမိပါသည်။ ကိုယ်နှင့်မဆိုင်သလို စိမ်းသက်သက်ခံစားရသည်။

"ဟာ . . . သွားပါပြီကွာ"

ဖိနပ်ကလေးက အတင်းဆွဲထုတ်ရသဖြင့် ဒေါက်ကျိုးသွား၏။ သူက ဒေါက်ပြုတ်သွားတဲ့ဖိနပ်ကိုထားပြီး သူ့ဖိနပ်ကို ရွှေယွန်းကို စီးဖို့ ပြောပါသည်။

ရွှေယွန်းကတော့ ရှက်တာရော၊ အားနာတာရောကြောင့် ဘာပြောရမှန်းမသိ။

သူငယ်ချင်းတွေက တော်တော်အားကိုးရသည်။

အောင်ရဲလင်းနဲ့ သင်ဇာဝင့်ကျော်တို့ ဗီဒီယိုရိုက်နေတာကို သွားပြေးကြည့်နေကြသည်။

တစ်ယောက်မှ ရွှေယွန်းနားမှာ မရှိတော့ . . .။

ညီမင်းကလည်း ဘယ်ပျောက်သွားမှန်း မသိပါဘူး။

"ရတယ် .., နေပါစေ မိုးသက်တန့်" လို့ပြောပြီး ရွှေယွန်းက နောက်ဖိနပ်တစ်ဖက်ကိုပါ ဒေါက်ပြုတ်ပစ်ဖို့ ကြိုးစားလိုက်သည်။ အဲဒီလိုဆို စီးလို့ရပြီလေ ... နှစ်ဖက်စလုံး ဒေါက်မပါတော့မှဖြစ်မှာ။ မိုးသက်တန့်က ဖိနပ်ရဲ့ဒေါက်ကို အတင်းဆွဲဖြုတ်နေသော သူမကိုကြည့်ပြီး ရယ်ချင်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရယ်ချင်စိတ်ကို မနည်းထိန်းကာ ပြုံးစိစိဖြင့် . . .

"ပေးပါကွာ ကိုယ်ဖြုတ်ပေးမယ်" လို့ဆိုပြီး သူပဲ ဖြုတ်ပေးလိုက်ပါသည်။ ပြီးမှ . . .

"ကဲ မင်း ဒီနားက ဆိုင်တစ်ဆိုင်မှာ ခဏထိုင်စောင့်နေ ဟုတ်ပြီလား" ဟုပြောပြီး သူကားကို ကရဝိက်နှင့် အနီးနား တစ်ဝိုက်ကို မောင်းသွားပြီး နီးရာဖိနပ်ဆိုင်မှ သူမ,ဖို့ ဖိနပ်တစ်ရံ အမြန်သွားဝယ်လိုက်သည်။

ချက်ချင်းပင် ဖိနပ်တစ်ရံဝယ်ပြီး ပြန်ရောက်လာသဖြင့် မိုးသက်တန့်ကိုကြည့်ကာ ရွှေယွန်း အံ့သြနေမိသည်။

သူ ဘာလို့ ရွှေယွန်းကို ဒီလိုဂရုတစိုက် ရှိရတာလဲ၊ ရွှေယွန်းဖြင့် မစဉ်းစားတတ်တော့ပါဘူး။

သူဝယ်လာတဲ့ Shoes ပန်းရောင်လေးက ရွှေယွန်း ဝတ်ထားတဲ့ ပန်းရောင်အင်္ကျီလေးနှင့် ပန်သင့်စွာ . . .

ရွှေယွန်းရဲ့ ခြေထောက်လေးနှင့် ကွက်တိပင်။

"ကျေးဇူးပဲ" လို့ သူ့ကို ရွှေယွန်းပြောလိုက်ပါသည်။ သူက နှစ်ခါရှိဆိုတဲ့သဘောနှင့် လက်နှစ်ချောင်းထောင်ပြပြီး ရွှေယွန်းကို စ,နေသည်။

အဲဒီနေ့လေးကို ရွှေယွန်းဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး။ ရွှေယွန်းရဲ့ပထမဆုံးအနမ်းကို ဦးဦးဖျားဖျား သူ့ကို အမှတ်တမဲ့နဲ့





ပေးလိုက်မိသလို ဖြစ်သွားရတဲ့ နေ့လေးတစ်နေ့ကို နောင်သော အခါ ပြန်တွေးမိရင်ရော ခုလိုပဲ ရင်ခုန်မိမှာလား။

သူ့ပါးပြင်ကို နမ်းလိုက်မိချိန်မှာ ရွှေယွန်း ရင်တစ်ခုလုံး ပရမ်းပတာ တုန်ယင်သွားခဲ့သည်။

ပြန်တွေးလိုက်တိုင်းပင် ... အမှတ်ရကာ ရင်ခုန်လှုပ်ရှား နေမိပါသည်။

မိုးသက်တန့်က ပါးပြင်လေးကို ပြန်စမ်းကြည့်ရင်း ရင်ခုန် နေမိသည်။ သူမရဲ့ နှုတ်ခမ်းလေးနှင့် ထိကပ်ခွင့်ရခဲ့တဲ့ သူ့ပါးပြင် ကို မနာလို ဖြစ်နေမိပါသည်။

ပြန်တွေးလိုက်တိုင်းပင် သူမရဲ့နှုတ်ခမ်းလေးကို သူ စွဲလမ်း နေမိပါသည်။ သူ့ပါးပြင်ကို သူမ,နှုတ်ခမ်းလေးနှင့် ထိကပ်ခွင့် ရလိမ့်မည်ဟု သူ အိပ်မက်ထဲမှာပင် ထည့်မမက်ဖူးခဲ့ပါ။

အခုတော့ . . .

သူမရဲ့အနမ်းလေးတစ်ပွင့်က သူ့ကိုလှလှပပ နှိပ်စက်နေ ခဲ့ပြီ။ သူမကို သူ ရိုးရိုးလေးပဲ ချစ်ခဲ့တာဖြစ်သည်။

သူ့ရင်ထဲက တိတ်တခိုး စွဲလမ်းရသော ချစ်သူလေးကို လူမသိ သူမသိ ဒီအတိုင်း ဆုံးရှုံးလိုက်ရတော့မှာလား။

အဲဒီခံစားချက်က တော်တော်ဆိုးပြီး အခံရခက်စေမှန်း သူ အခုမှပဲ နားလည်တော့သည်။ တဖြည်းဖြည်း သူ့ခံနိုင်ရည် အားက ကုန်ဆုံးနေခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူ ဘာကြောင့် ညီမင်းထံ အခွင့်အရေး အားလုံး ရော့ . . . အင့် ဆိုပြီး အလွယ်တကူပေးမိတာလဲ။

ကိုယ့်နှလုံးသားကို စတေးဖို့၊ တစ်စုံတစ်ယောက်နင်းဖြတ် လျှောက်ဖို့ ခွင့်ပြုပေးမိတာ အခုတော့ သူ့ကိုယ်သူ မချင့်မရဲ ပြန်စဉ်းစားဖို့ ဖြစ်လာခဲ့ပြီ။

ငါ ဘာလုပ်မိတာလဲ . . . ငါ ဘာကြောင့် ဒီလိုဆုံးဖြတ် မိတာလဲ၊ ဒီပါးစပ်က ဘာလို့လျှောက်ပြောမိတာလဲဟု တိတ် တဆိတ် နောင်တ ရချင်လာပါသည်။

အခြေအနေတွေ အားလုံးကလည်း သူ့ကို တစ်စထက် တစ်စ ပိုပြီး နောင်တရစေသလို ဖြစ်နေသည်။

သူမ,မျက်နှာလေးကို နီးနီးကပ်ကပ် ကြည့်မိတဲ့အခါတိုင်း ဆုံးဖြတ်ချက်က ယိုင်နဲ့ပြီး . . . သတိလက်လွတ် ဖြစ်ဖြစ်သွား တတ်သည်။

ရှေ့လျှောက် ဒီခံစားချက်ကို ဘယ်လို သိုသိပ်ဟန်ဆောင် ရမလဲမသိ။ စဉ်းစားလိုက်မိတိုင်းမှာ ရင်ထဲ မွန်းမွန်းကျပ်ကျပ် ဖြစ်လာတတ်သည်။

ကိုယ် မှားပြီထင်တယ်ကွာ . . . ။

❧◎❧



"ကိုမိုးသက်တန့်လည်း လိုက်ခဲ့ပါလား"

"မလိုက်တော့ပါဘူးဗျာ၊ ရွှေယွန်းတို့ပဲ သွားကြပါ"

"ဟင် မရပါဘူး၊ လိုက်ခဲ့ရမယ်၊ ကိုညီမင်း ရှင့်သူငယ်ချင်း ကို ပြောပါဦး"

ရွှေယွန်းက ညီမင်းကိုပါ လှမ်းပြောလိုက်သည်။

"အေးကွာ မင်းကလဲ လိုက်ခဲ့လိုက်ပါ၊ နီးနီးလေးပဲဟာ"

ညီမင်းနှင့်ရွှေယွန်းတို့က အခုမှဖွင့်ထားတာ သိပ်မကြာ သေးတဲ့ (Mahar Htani Cafe) ဆိုင်လေးမှာ မုန့်သွားစားဖို့ သူ့ကိုပါ ခေါ်နေတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက သိပ်မလိုက်ချင်ပါ၊ သူတို့နှင့်မို့ ပိုလို့မလိုက်ချင်တာပါ။ ဒါပေမဲ့ သူတို့ပုံကြည့်ရတာ မလိုက်မချင်း အတင်းခေါ်နေကြမည့်ပုံမို့ သူလိုက်သွားဖို့ပဲ ဆုံးဖြတ်လိုက်သည်။

အမြဲတမ်းလိုလို သူမ နှုတ်ခမ်းက ထွက်ကျလာတဲ့စကားတွေကို သူ မလွန်ဆန်နိုင်ခဲ့ပါဘူး။ နာခံလိုက်လျောမိတာချည်းပါပဲ။ သူ့စိတ်တွေကို တင်းထားဖို့ ရည်ရွယ်ပေမယ့် သူမရှေ့ရောက်လျှင် စိတ်ယိုင်နေမိတာကိုတော့ သူ မုန်းပါသည်။

သူမရဲ့ စကားတွေမှာ ကျရှုံးမိတာချည်းပဲ။

သူမကို ကြည့်လိုက်ရင် . . . ဘယ်အချိန်ပဲဖြစ်ဖြစ် အမြဲစမတ်ကျ လှပအောင် နေတတ်တာတစ်ခုတော့ သူချီးကျူးမိပါသည်။ တခြားမိန်းကလေးတွေလို ဟော့ဟော့ရမ်းရမ်းတွေ မဝတ်။

ခုလည်း သူမ,ဝတ်ထားတဲ့ A line ဂါဝန်စပျစ်မှည့်ရောင်လေးက သူမရဲ့ခန္ဓာကိုယ်အချိုးအစားအတိုင်း ပကတိထင်ဟပ်ပေါ်လွင်စေပြီး ပိုမိုအချိုးကျအောင် ပံ့ပိုးပေးထားသော Leather ခါးပတ်အပြားကြီးကြီးကို စတိုင်(လ်)ကျကျပတ်ထားတာကြောင့် ဖြစ်မည်။

"မိုးသက်တန့်" ဟုခေါ်လိုက်တော့မှပဲ သူ့အတွေးလွင့်စဉ်သွားတော့သည်။





"ဗျာ . . . ဘာလဲ ရွှေယွန်း ဘာဖြစ်လို့လဲ"

"မိုးသက်တန့် မလိုက်ချင်လည်း ရပါတယ်။ ရွှေယွန်း အတင်း မခေါ်တော့ပါဘူး၊ အဲဒီလောက်ထိလဲ စဉ်းစားမနေနဲ့တော့ သိလား"

ရွှေယွန်းက စိတ်ဆိုးသွားသလိုဆိုတာကြောင့် မိုးသက်တန့်က ပျာပျာသလဲ ဖြစ်သွားရသည်။

"ဟာ မဟုတ်ပါဘူး ရွှေယွန်း ... ကျွန်တော် လိုက်ခဲ့မှာပါ၊ စိတ်မဆိုးပါနဲ့ဗျာ"

"ဒါဆိုလဲ ပြီးရော"

ခုမှပဲ ရွှေယွန်းမျက်နှာလေး ပြုံးနိုင်တော့သည်။ သူ့ကိုပဲ လိုက်ခေါ်နေရတာ။

"လာလေ ရွှေယွန်း သွားရအောင်" ဟု ညီမင်းကခေါ်တာမို့ ရွှေယွန်း ညီမင်းရဲ့ဘေးခုံမှာပဲ ထိုင်စီးလိုက်သည်။

မိုးသက်တန့် သူ့ကားနှင့်သူ နောက်မှ ပါလာသည်။

(Mahar Htani) မဟာဌာနီ ဆိုင်ကလေးကိုရောက်တော့ ဆိုင်ထဲကို အတူဝင်ဖြစ်ကြသည်။ ဆိုင်ကလေးက အပြင်ကကြည့်လျှင် သိပ်မကျယ်ဘူးလို့ ထင်ရပေမယ့် အတွင်းဘက်မှာ တော်တော်ကျယ်ပါသည်။ ဘူဖေးစားပွဲရှည်ကြီးနှင့် စားပွဲဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



တွေနှင့် ဘောလုံးပွဲကြည့်နေသူများလည်းရှိသည်။ မုန့်မှာစားကြတော့ မီနူးထဲမှာ အစားအစာတွေအစုံပါပဲ။ ကိုရီးယား၊ ဂျပန်၊ တရုတ်၊ ရှမ်း၊ ယိုးဒယား၊ အစားအစာ တော်တော်များများရပါသည်။

ကော်ဖီ မှာသောအခါမှာ . . .

"ဘာစတိုင်(လ်)ကော်ဖီမှာမလဲ"လို့ အရင်မေးကြသည်။

ဂျပန်စတိုင်(လ်)၊ ရုရှားစတိုင်(လ်)၊ အီတလီစတိုင်(လ်)၊ ဗီယက်နမ်စတိုင်(လ်) စသဖြင့် ကော်ဖီကို စတိုင်(လ်) မျိုးစုံနှင့် မှာနိုင်ပါသည်။

မိုးသက်တန့်ကတော့ ရိုးရိုး (Cappuccino) ကက်ပက်ချီနို တစ်ခွက်ပဲ မှာလိုက်ပါသည်။ ရွှေယွန်းအသွင်နှင့် ညီမင်းတို့ကတော့ မီနူးကိုကြည့်ပြီး မုန့်တွေ မှာနေကြသည်။

"ကကတစ်မရောနီးစ်၊ အာလူးငါးဖယ်လိတ်၊ ပုစွန်တမ်ပူရာ၊ ကြက်သားလုံးကြော်နဲ့ (Cone Selet) တစ်ပွဲ စသဖြင့် ဖွယ်ဖွယ်ရာရာတွေ မှာနေသည်။

အဲဒီအချိန်မှာ ညီမင်းက သူ့ဖုန်း မြည်လာတာကြောင့် ဖုန်းသွားပြောလေသည်။





"Sorry ပဲ ရွှေယွန်းရာ၊ ကိုယ်အပြင်ခဏသွားရမယ်" ဟု စားပွဲနား ပြန်လျှောက်လာပြီး ရွှေယွန်းကို တောင်းပန်သလို ဆိုသည်။

"ဟင် ညီမင်းကလဲ၊ မသွားလို့မဖြစ်ဘူးလား"ဟု ရွှေယွန်း မသွားစေချင်သလို ဆိုတာမို့ . . .

"အရေးကြီးလို့ပါရွှေယွန်းရာ၊ ကိုယ်ခဏသွားမှဖြစ်မှာမို့လို့၊ မိုးသက်တန့်လဲ ရှိတာပဲဟာ၊ ပလိစ် ကိုယ်သွားပြီနော်" ဟု မရမက ခွင့်တောင်းကာ တစ်ဆက်တည်းပင် . . . "မိုးသက်တန့်ပါ ခဏသွားလိုက်မယ်"ဟုနှုတ်ဆက်ပြီးတာနှင့် ထွက်သွားသည်။

"အဲဒီ ညီမင်းတစ်ယောက်ကလေ အမြဲတမ်းအဲဒီလိုပဲ" ဟု ရွှေယွန်းက ပွစိပွစိနှင့် ရေရွတ်နေသည်။

"သူပြန်လာမှာပါ ရွှေယွန်းရဲ့" ဟု မိုးသက်တန့်က ရွှေယွန်းကို နှစ်သိမ့်စကားဆိုမိသည်။ အဲဒီအချိန်မှာ မှာထားတဲ့ စားစရာတွေလဲ ရောက်လာတာမို့ . . . မုန့်စားရင်း စကားတွေပြောဖြစ်ကြသည်။

"ဟယ် ဟိုမှာကြည့်စမ်း" လို့ ရွှေယွန်းက သူတို့ဘေးက စားပွဲကို ညွှန်ပြပြီး အံ့ဩသလိုဆိုတာကြောင့် သူပါ သူမကြည့်ရာသို့ လှမ်းကြည့်မိသည်။ ဘာမှမထူးခြားပါဘူး၊ အဲဒီစားပွဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်သာ ထိုင်နေကြသည်။ ဒါပေမဲ့ ကောင်လေးရဲ့ လက်ထဲမှာတော့ (Cupid) မြားနတ်မောင်ရုပ်ကလေးကိုင်ထားတာတွေ့ရသည်။

"ဘာလဲ . . . ရွှေယွန်း"

"မြားနတ်မောင်အရုပ်ကလေးလေ၊ အရမ်းလှတာပဲနော်"

"ဪ . . . အင်း ဟုတ်တယ်"

"မိုးသက်တန့် . . . အဲဒီမြားနတ်မောင်အရုပ်ကလေးကို ဘယ်လိုမြင်လဲဟင်၊ ရွှေယွန်းကတော့ (Cupid) မြားနတ်မောင် အရုပ်ကလေးတွေဆို အရမ်းချစ်တာပဲ၊ ဒါပေမဲ့ . . . တစ်ယောက်နဲ့ တစ်ယောက် ( Cupid ) မြားနတ်မောင် အရုပ်ကလေးတွေ လက်ဆောင်ပေးကြတဲ့ အဓိပ္ပာယ်ကို နားမလည်ဘူး သိလား"

သူမ့ကမသိဟန်ဆောင်ပြီးမေးလျှင် သူက ခပ်တည်တည်ဖြင့် သေချာရှင်းပြသည်။

"ကျွန်တော် . . . စာအုပ်တစ်အုပ်ထဲ ဖတ်ဖူးတာ ပြောပြရမလား"

"အင်း . . . ပြောပြလေ"

ရွှေယွန်းက . . . သူပြောမည့်စကားကို စိတ်ဝင်တစား နားထောင်နေသည်။





"အဲဒီ Cupid အရုပ်ကလေးတွေက . . . တစ်ယောက်နဲ့ တစ်ယောက် အရူးအမူးချစ်သွားရအောင် လုပ်ဆောင်ပေးတယ်လို့ ယုံကြည်ထားကြတယ်။ အံ့ဩစရာကောင်းလောက်အောင်ပဲ အချင်းချင်း ချစ်ခင် နှစ်သက်သွားကြရအောင် မြားနတ်မောင်က စွမ်းဆောင်ပေးတယ်လေ။ မြားနတ်မောင်ရဲ့ မြားချက်ထိလိုက်တာနဲ့ မြင်မြင်ချင်း ချစ်သွားတဲ့အချစ်မျိုးကို ဖော်ကျူးတယ်။ ပြီးတော့ ချစ်သူတွေ အချင်းချင်း မြားနတ်မောင်ရုပ်လေးတွေကို လက်ဆောင်အဖြစ် ပေးလေ့ရှိကြတယ်။ အဲဒါကြောင့် မြားနတ်မောင်ပုံ ပန်းချီလေးတွေ၊ ကတ်တွေနဲ့ နံရံကပ်စက္ကူတွေ အရုပ်လေးတွေဟာ ချစ်သူတွေ ကြားမှာ ထင်ရှားတဲ့ လက်ဆောင်ပစ္စည်းအနေနဲ့ အမြဲရှိခဲ့တာ ပေါ့ဗျာ"

"ဪ အဲဒီလိုကိုး၊ ခုမှပဲ သေချာနားလည်သွားတော့တယ် . . . ကျေးဇူးပဲ ကိုမိုးသက်တန့်"

သူမသည် မြားနတ်မောင်ရုပ်ကလေးရဲ့ လေးနက်တဲ့ သဘောကို စိတ်ရှည်ရှည်ပြောပြတဲ့ မိုးသက်တန့်ကို အလိုလိုပင် ငေးကြည့်နေမိ၏။

"ဘာအတွက်လဲ ရွှေယွန်း"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေယွန်း သိချင်တာကို ခုလိုရှင်းပြတဲ့အတွက်ပေါ့"

"ရပါတယ်ဗျာ၊ ကျွန်တော်တို့က သူငယ်ချင်းတွေပဲဟာ ကျေးဇူးတွေ ဘာတွေ မလိုပါဘူး"

ရွှေယွန်းနဲ့ သူက တကယ်ပဲ သူငယ်ချင်းတွေတဲ့လား။ ရွှေယွန်းစိတ်ထဲက မေးမိသည်။ အင်းလေ ဟုတ်ပါတယ်။ ကိုမိုး ဘက်က သူငယ်ချင်းလိုသဘောထားတယ်ဆိုတာ ရွှေယွန်းနား လည်ပါတယ်။

"ဟုတ်တယ်နော် ရွှေယွန်း တို့က သူငယ်ချင်းတွေ ဖြစ်ပြီ ပဲဟာ"

"ကိုယ့်မှာ အခင်မင်ရဆုံးသူငယ်ချင်းဆိုလို ညီမင်းရယ် ရွှေယွန်းရယ်ပဲ ရှိတာပါ"

ဟု ရွှေယွန်းကို ရင်ဖွင့်ပါသည်။

"ရွှေယွန်းလည်း ကိုမိုးသက်တန့်ကို ခင်ပါတယ်နော်"

ဟု ရွှေယွန်းက ပြန်ပြောပါသည်။

"ကိုယ်က ရွှေယွန်းအတွက် ထာဝရသူငယ်ချင်းပါ"

ဟု ရွှေယွန်းရှေ့သို့ လက်တစ်ဖက်ဆန့်တန်းပြီး ဆိုလာတာ ကြောင့် . . . ရွှေယွန်းရင်ထဲ တစ်မျိုးသောအောင့်သက်သက် ခံစားချက်နှင့် လက်ဆွဲနှုတ်ဆက်လိုက်မိသည်။

ဉာဏ်ဝင်းစာပေ



လက်ဖဝါးချင်းထိပြီး လက်ဆွဲနှုတ်ဆက်လိုက်တော့ သူနှင့် ပိုပြီး ခင်မင်ရင်းနှီးသွားသလို ခံစားရသည်။

သူ့ရဲ့ သူငယ်ချင်းအပေါ်ထားတဲ့ စည်းကိုလည်း ရွှေယွန်း လေးစားမိသည်။

ရွှေယွန်းကို ညီမင်းရဲ့မိန်းကလေးအဖြစ် သူ သဘောထား နေတာ ရွှေယွန်းသိပါသည်။

ဒါပေမဲ့ သူ့ကို ရွှေယွန်း ဘယ်လိုရှင်းပြရမလဲ။ ရွှေယွန်း နဲ့ ညီမင်း Online မှာကတည်းက ခင်မင်ရင်းနှီးကြတာ မှန်ပေ မယ့် ချစ်သူတွေမှ မဟုတ်ဘဲ . . . ဒါကို သူလည်းသိမှာပါ။

ညီမင်းကို တွေ့ရတဲ့အချိန်က စ,လို့ . . . အချစ်ရေးရာနှင့် ပတ်သက်လျှင် ဆုံးဖြတ်ချက် အဆောတလျှင်မချမိဖို့ သူမကိုယ် သူမ သတိပေးမိသည်။

အချစ်ဆိုတာ တစ်ခါတစ်ရံ ကိုယ်ထင်ထားသလို ဖြစ်မလာ ဘတ်ကြောင်း သူမ,ရိပ်စားမိစ ပြုလာသည်မဟုတ်လား . . .။

❦⓪❦

ဉာဏ်ဝင်းစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

မိုးသက်တန့်နှင့်ညီမင်းဆက်က Mr. Guitar ဆိုင်ကလေးထဲ ဝင်လာတော့ . . . ရွှေယွန်းတို့အုပ်စုကို သိပ်မရှာလိုက်ရဘဲ ချက်ချင်းတွေ့သည်။

"ဟာ မင်းနဲ့ ရွှေယွန်းနဲ့ အကျႌဆင်တူဖြစ်နေတယ်" ဟု အတူလျှောက်လာနေရင်းက . . . ညီမင်းက မိုးသက်တန့်ကို တိုးတိုးကပ်ပြောသည်။

ဟုတ်သားပဲ။ သူနှင့်ရွှေယွန်းက တိုင်ပင်ပြီး ဝတ်ထားသည့် "Giordano" တံဆိပ်အဖြူလေးတွေ ဆင်တူဖြစ်နေသည်။ အကျႌ



www.burmeseclassic.com

www.burmeseclassic.com



ဆင်တူကြီးဖြစ်နေတော့ . . . မိုးသက်တန့်စိတ်ထဲ တစ်မျိုးရှက်သွားရသည်။

"ဟဲ့ ရွှေယွန်း၊ နင်နဲ့ မိုးသက်တန့်နဲ့က အင်္ကျီဆင်တူကို တိုင်ပင်ပြီး ဝတ်ထားကြတာပေါ့ . . . ဟုတ်လား"

"ဟာ မဟုတ်ပါဘူး . . . လဝန်းအိမ်ကလဲ"

ရွှေယွန်းအသွင်က ရှက်စနိုးနှင့် ငြင်းမိသည်။

ဟိုတစ်ရက်က ဆုံဖြစ်ကြတုန်းကလည်း အင်္ကျီအနက်ရောင်လေးတွေ့ဝတ်ထားတာချင်း တူနေခဲ့သည်၊ တိုက်ဆိုင်မှုပါနော်။

ဒီနေ့လည်း တီရှပ်အဖြူချင်း တူနေပြန်ပြီ။

သူနဲ့ ရွှေယွန်းကြားမှာ စိတ်ချင်းဆက်နွယ်မှုတစ်မျိုး ရှိနေသည်ဟု ခံစားမိပါသည်။

သို့သော် . . . ဒါကို ကိုယ့်ဘာသာ အတည်မပြုရဲသေး။ ထူးတော့ ထူးဆန်းနေတာအမှန်။

ညီမင်းဆက်က ရွှေယွန်းရဲ့ ဘေးခုံမှာ ဝင်ထိုင်လိုက်ပြီး မိုးသက်တန့်ကတော့ ရွှေယွန်းနှင့်မျက်နှာချင်းဆိုင်က ခုံအလွတ်မှာ ဝင်ထိုင်လိုက်သည်။

ဒီနေ့က ရွှေယွန်းသူငယ်ချင်း နှင်းပွင့်သစ္စာရဲ့ မွေးနေ့ဖြစ်တာကြောင့် ပိုစည်ကားသွားအောင် သူတို့ကိုပါ ဖိတ်လိုက်တာပါ။





"ဟက်ပီးဘတ်ဒေး (Happy Birthday) သစ္စာ" ဟု ပန်းစည်းလေးနှင့် လက်ဆောင်ပစ္စည်းလေးတွေကို ညီမင်းဆက်နှင့် မိုးသက်တန့်တို့က နှင်းပွင့်သစ္စာကို တစ်ပြိုင်နက်တည်း လှမ်းပေးကြသည်။

တစ်ဆက်တည်းမှာပင် ကျေးဇူးပါ (Thank) ဟုပြောရင်း သူ့ရဲ့ချစ်သူဖြစ်တဲ့ "ဇော်နိုင်ထက်" နှင့် မိတ်ဆက်ပေးပါသည်။

"တွေ့ရတာ ဝမ်းသာပါတယ်" ဟု သူတို့က ဇော်နိုင်ထက်နှင့် လက်ဆွဲနှုတ်ဆက်ရင်း တစ်ချိန်တည်းမှာ ရင်းနှီးသွားကြသလို ပေါ့ပေါ့ပါးပါး ရယ်မောသည်။

"ကဲ . . . ဘာသောက်မလဲ၊ ဘာစားမလဲ၊ စားချင်တာမှာစားကြနော်" ဟု သစ္စာက ဆိုပါသည်။

"ဒီနေ့ ရွှေယွန်း အရမ်းလှတာပဲဗျာ" ဟု ညီမင်းက ရွှေယွန်းနား တီးတိုးကပ်ပြောသည်။

ဒါကို မိုးသက်တန့် မြင်သည်။ မိုးသက်တန့်ကြည့်လိုက်တာကြောင့် ရွှေယွန်းနှင့် မျက်လုံးချင်းဆုံသွားတော့ သူက အကြည့်ကို သိသိသာသာ လွှဲလိုက်သည်။

ရွှေယွန်းနှင့် ညီမင်းက စကားလက်ဆုံကျနေတာမို့ . . . မိုးသက်တန့်ကလည်း ရွှေယွန်းသူငယ်ချင်းတွေနှင့် စကားတွေပြောကြီး ရယ်မောနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ရယ်လိုက်ရင် ပါးချိုင့်တစ်ဖက် ခွက်ဝင်သွားတာကြောင့် လခြမ်းကွေးလေးသဖွယ် ကြည့်ကောင်းလွန်းပါသည်။ သူ့ရဲ့ သွားချွန်ချွန် ညီညီသေးသေးလေးတွေကိုလည်း ရွှေယွန်း သဘောကျတာပါပဲ။

ဆွဲဆောင်မှုရှိတဲ့သူ့မျက်နှာကို ဘယ်မိန်းကလေးပဲဖြစ်ဖြစ် ကြွေကြမှာပင်။ အခုလည်းကြည့် . . . ရွှေယွန်းသူငယ်ချင်း ဟန်နီကိုက သူ့ကို အပြတ်ငေးနေသည်။ မိန်းကလေးချင်းမို့ သူမရဲ့ အကြည့်တွေကို ရွှေယွန်းရိပ်မိပါသည်။

"ဒါဆို ကိုမိုးက ညီမင်းဆက်တို့နဲ့ အတူတူနေကြတာပေါ့ ဟုတ်လား" တဲ့။

ဒါ သူမ့မေးစရာ မေးခွန်းလား။ သူ့ဘာသာ ဘယ်မှာ နေနေပေါ့။ ပြီးတော့ ခုမှ သိပြီး ရင်းနှီးတဲ့ သိပ်မကြာသေးတဲ့ သူကိုများ . . .

"ကိုမိုး" "ကိုမိုး"နဲ့ နားကြားပျင်းကပ်စရာ။

နှစ်ယောက်သား . . . စကားတွေ ဖောင်ဖွဲ့နေကြတာကို ကြာလာတော့ ရွှေယွန်းကြည့်မရတော့ပါ။ သူငယ်ချင်း ဟန်နီ့ကိုလည်း တော်တော်လေး အမြင်ကတ်သွားမိသည်။





အဲဒီလို စိတ်ထဲကမကျေနပ်မှုတွေကို အပြင်မှာဖွင့်ပြောခွင့် မရှိတော့လည်း မျက်နှာလေးသာ ပျက်နေမိသည်။ ဘယ်သူ့ကို အပြစ်တင်ရမှန်း မသိပါဘူး။

အရာအားလုံးက ရွှေယွန်း ဖြစ်ချင်သလို ဖြစ်မလာဘဲ လွဲချော်ကုန်ပြီ။ အဲဒါကို ရွှေယွန်း မခံစားနိုင်အောင် ဖြစ်နေမိ၏။

ရွှေယွန်းက မှားနေတာများလား။ မှားတယ်ဆိုလည်း ရင်ထဲက ဖြစ်တည်လာတဲ့ အချစ်စစ်တစ်ခုကြောင့် ဖြစ်ပေါ်လာတဲ့ အမှားတွေပါပဲ။

အဲဒီအမှားတွေကြောင့် ရွှေယွန်းကိုယ့်ကိုကိုယ်သာ အပြစ်မြင်မိတော့သည်။

ခံစားမှုတွေက ပူလောင်ရှတနေသည်။ ပြုံးနေတဲ့ သူ့မျက်နှာနဲ့ ချိုသာနူးညံ့တဲ့စကားတွေက ရွှေယွန်းအသွင် အတွက်ပဲ ဖြစ်စေချင်တာ။

အခုတော့ သူငယ်ချင်းတစ်အုပ်ထဲမှာ သူက ဆွဲဆောင်မှု အကောင်းဆုံး မင်းသားတစ်ပါး ဖြစ်လို့နေပါသည်။ ဒါဟာ သဝန်တိုတဲ့ ခံစားချက်ပဲလား . . . သဝန်တိုရအောင်လည်း မိုးသက်တန့်က ရွှေယွန်းချစ်သူမှ မဟုတ်တာပဲ . . .။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံကိုကလည်း မုန်းစရာပဲ . . .။

ကောင်မလေးချောချောတွေနဲ့စကားပြောရတိုင်း ဒီလိုပဲ ခပ်များများ အပြုံးပေါပေါ အလကားပေးနေတော့တာပဲလား။ တစ်ချိန်လုံး ပြုံးထားရမယ်လို့ ဘယ်သူက အမိန့်ပေးထားလို့လဲ၊ သူပျော်နေလို့ ဖြစ်မှာပါလေ ဟု တွေးသည်။

ရှင်ဟာလေ . . .။

လှတဲ့ကောင်မလေးတွေနဲ့ နီးစပ်ပတ်သက်တိုင်း ဒီလိုပဲ အူမြူးပျော်ရွှင်ပြီး ရယ်နေတတ်သလား။

အလိုမကျသောစိတ်တွေနှင့် ရွှေယွန်းအသွင်ရဲ့ စိတ်မှာ ယောက်ယက်ခတ်နေမိတာ ညီမင်းပြောတဲ့စကားတွေပင် နားထဲသို့ မဝင်တစ်ချက်၊ ဝင်တစ်ချက်ဖြစ်နေခဲ့သည်။

⁂



ရွှေယွန်းအသွင်တို့ ခြံထဲမှာ သူငယ်ချင်းတွေစုပြီး Bar be cue လုပ်စားကြတာမို့ ပျော်ဖို့ကောင်းပါသည်။ သူငယ်ချင်းတွေဆိုပေမယ့် သိပ်အများကြီးမဟုတ်ပါဘူး။ ရွှေယွန်းနဲ့ အရမ်းခင်တဲ့ ချယ်ရီ၊ ချစ်စု၊ ဟန်နီ၊ လဝန်းအိမ်၊ ရွှန်းနဒီနဲ့ နှင်းပွင့်သစ္စာတို့ သူငယ်ချင်းခြောက်ယောက်ပါပဲ။ ကျန်တာကတော့ ကိုညီမင်းနဲ့ ကိုမိုးသက်တန့်တို့ရဲ့ သူငယ်ချင်းတွေပါ။

ရွှေယွန်းတို့က ဘာမှသိပ်လုပ်စရာမလိုပါဘူး။ နာမည်ကြီးဆိုင်တစ်ဆိုင်ကို ခေါ်ထားလိုက်တာမို့ . . . ခြံထဲမှာပဲ လာကင်ပေးကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အသားမျိုးစုံပါပဲ၊ ငါး၊ ပုစွန်၊ ကြက်၊ ဆိတ်၊ အသီးအရွက် အစုံပါသည်။ ရွှေယွန်းသိပ်ပျော်ပါသည်။

ရွှေယွန်းရဲ့ဘေးမှာ ကိုညီမင်းကလဲ တစ်ချိန်လုံး ရှိနေခဲ့တာ။ သူက DOCKERS တံဆိပ်ရှပ်အဝါနဲ့ Levi's 501 ဂျင်းပဲန်အနက်ကို တွဲဝတ်ထားတာကြောင့် ဒီနေ့ တော်တော်ကြည့်ကောင်းပါသည်။

ပြီးတော့ . . . သူက ရွှေယွန်းရဲ့မျက်နှာကို အရိပ်လိုက်ကြည့်နေခဲ့သည်။ နှုတ်ခမ်းတွေကလဲ ပြုံးရောင်သမ်းနေသည်။

သူက ရွှေယွန်းကို တော်တော်ချစ်မြတ်နိုးပုံရတယ် လို့ သူငယ်ချင်းတွေက ကပ်တိုးလေး ပြောကြပါသည်။ ပြီးတော့ သူတို့တွေက ငုံးကင်တွေကို အလုအယက် သွားစောင့်ကင်ခိုင်းနေကြသည်။

ရွှေယွန်းကတော့ ကိုညီမင်း ယူလာပေးတဲ့ ငါးကင်နဲ့ ပုစွန်ကင်ကို စားရင်း စားပွဲတစ်ခုမှာထိုင်နေလိုက်သည်။ ညီမင်းကလည်း ရွှေယွန်းဘေးမှာထိုင်ပြီး ကြက်ကင်ကိုဖွဲ့စားနေသည်။

ပျောက်နေတာက ကိုမိုးသက်တန့်။ ရွှေယွန်းက ခြံထဲမှာ မိုးသက်တန့်ကို ဝေ့ဝဲရှာမိသည်။ ဟော . . . တွေ့ပါပြီ။

ကိုမိုးသက်တန့်က ေါင့်နားကကျ ဘားပွဲတစ်ခုမှာ တစ်ယောက်တည်း သွားထိုင်နေသည်။





သူ ဘာဖြစ်နေပါလိမ့် . . .

ရွှေယွန်းတို့နှင့်အတူမရှိဘဲ သူတစ်ယောက်တည်း သီးသန့်ခွဲထွက်ချင်နေသည်ဟု ရွှေယွန်း ထင်ပါသည်။ အဲဒီလိုဆိုလဲ တခြားသူငယ်ချင်းတွေ ရှိသားပဲ။ သူတို့နှင့်လည်း အတူ ရှိမနေတာ ဘာကြောင့်လဲ ရွှေယွန်း မစဉ်းစားတတ်တော့ပါဘူး။

ပြီးတော့ သူ့စိတ်တွေကိုလည်း ရွှေယွန်းနားမလည်နိုင်ဘူး။ ရွှေယွန်းကသာ သူ့အပေါ် သံယောဇဉ်ပိုနေရတာ။ သူကဖြင့် ရွှေယွန်းကို ရှိတယ်တောင် ထင်ပုံမရပါ။

ညီမင်းကမှ ရွှေယွန်းအနားမှာ တစ်ချိန်လုံး နေပေးဖော်ရပါသည်။

ညီမင်းကဆို ရွှေယွန်းကိုဂရုစိုက်လွန်းလို့ သူငယ်ချင်းတွေကတောင် ပြောယူရသည်အထိ။

တဖြည်းဖြည်းနဲ့တော့ . . . ရွှေယွန်း ကိုမိုးသက်တန့်ကို မုန်းမိတော့မယ် ထင်တယ်။

မိုးသက်တန့်က တဟေးဟေး ဘဝါးဝါး တဟားဟားနှင့် ရယ်မော ပျော်ရွှင်နေကြတဲ့ အုပ်စုကို ငေးကြည့်နေမိသည်။ သူတို့လို သူ ဘာဖြစ်လို့ မပျော်နိုင်ရတာလဲ။

ရွှေယွန်းရဲ့ သူငယ်ချင်းတွေက အသံကျယ်ကျယ်နှင့် ရွှေယွန်းနှင့် ညီမင်းကို တွဲနောက်နေကြသည်။ သူတို့ ထွန်းပို့



www.burmeseclassic.com

www.burmeseclassic.com



နေပုံအရ ဒီနေ့တော့ ညီမင်းက ရွှေယွန်းကို ရည်းစားစကား ပြောဖြစ်တော့မည် ထင်ပါသည်။

ညီမင်းက ဖွင့်ပြောလို့ . . . ရွှေယွန်းကလည်း အဖြေသာ ပြန်ပေးလိုက်ရင် နောက်တစ်နေ့မှာ သူတို့နှစ်ယောက်ချစ်သူတွေ ဖြစ်သွားကြတော့မှာပါ။

ကိုယ် ရင်ထဲမှာငိုနေမိတယ် ရွှေယွန်းလေးရယ်။ မင်းကို ကိုယ်သိပ်ချစ်တာပဲဆိုတာ တဖြည်းဖြည်းနဲ့သေချာသိလာတယ်။

ကိုယ် သိပ်မှားသွားပြီလား။

အဲဒီလို ကိုယ် နောင်တမရချင်ဘူး။

ညီမင်းမှာက အချစ်ဒဏ်ရာတွေများလွန်းတော့ ဒီတစ်ခါ တော့ သူ့ကို ကံကောင်းစေချင်ပါသည်။

အဲဒါ မိုးသက်တန့်ရင်ထဲကလာတဲ့ ဆန္ဒ။

ဒါပေမဲ့ . . . ညီမင်းက သူ့ရဲ့ သူယောင်မယ်လေး ရွှေယွန်းအသွင်လေးကိုမှ လာချစ်မိသည်။

ဒါ ကံတရားရဲ့ တိုက်ဆိုင်မှု တစ်ခု။

ကိုယ် ကံမကောင်းခဲ့ဘူး။ ကိုယ့်မှာ မင်းကိုချစ်လျက်နဲ့ ကြိုးစားခွင့်လည်းမရှိ၊ မျှော်လင့်ခွင့်လည်းမရှိဘဲနဲ့ အပြီးအပိုင် ဆုံးရှုံးလိုက်ရပြီကွာ။

❧⓪❧



အားလုံးပြန်သွားကြတော့ . . . ညီမင်းနှင့် ရွှေယွန်းတို့ နှစ်ယောက်သာ ခြံထဲမှာ ကျန်ရစ်ခဲ့သည်။

မိုးသက်တန့်ကလဲ ခေါင်းကိုက်လို့ အရင်ပြန်နှင့်ပြီဟုဆိုပြီး ပြန်သွားခဲ့သည်။

"ရွှေယွန်း အားလုံး ပြန်သွားကြပြီနော် . . .။ ကိုယ်တို့ နှစ်ယောက်ပဲ ကျန်တော့တယ်"

ညီမင်းက ရီဝေဝေမျက်လုံးတွေနှင့် ရွှေယွန်းကို စိုက်ကြည့် ပြီး ပြောလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာဖြစ်လဲ"

ရွှေယွန်း သူ့ကိုခပ်တင်းတင်းပဲ ပြန်မေးလိုက်သည်။

"ဘာမှ မဖြစ်ပါဘူးကွာ"

ညီမင်းက ရွှေယွန်းကိုကြည့်ရင်း . . . ရင်ခုန်လှုပ်ရှားလာ မိသည်။ ဒီညတော့ ဖွင့်ပြောလိုက်ဖို့ ဆုံးဖြတ်ထားမိသည်။

သူမ,ဝတ်ထားတာလေးက အနက်ရောင်အပွင့်ကျဲကျဲလေး အဲဒီအောက်မှာ အသားနဲ့တစ်ရောင်တည်းဖြစ်တဲ့ နို့နှစ်ရောင် ပိုးသားပျော့ပျော့ကလေး ခံထားသော ဂါဝန်လေးနှင့်မို့ . . . ဆွဲဆောင်မှု ရှိလှသည်။

ဖာပွင့်ကလေးတွေနှင့် လည်ပင်းကို V-Shape ခပ်နက်နက် ကလေး ဖောက်ထားပြီး . . . ပခုံးပြတ်ပြတ်ပုံကလေးနှင့် တော်တော်လှပါသည်။

သူမကိုကြည့်ရင်း သူ့စိတ်တွေအတင့်ရဲလာကာ ချစ်စကား ဆိုမိသည်။

"ရွှေယွန်းရယ် မင်းကို ကိုယ်သိပ်ချစ်တယ်"

လို့ သူမနှင့်မျက်လုံးချင်းဆုံပြီး လေးလေးနက်နက် ရင်ဖွင့်မိသည်။

"ဟင့်အင်း . . . ရွှေယွန်း ကိုညီမင်းကို မချစ်ဘူး"

ရွှေယွန်းက သူချစ်နေတာ ရိပ်မိပေမယ့် ရုတ်တရက်ကြီး သူက ဖွင့်ပြောလိမ့်မည်ဟု ထင်မထားခဲ့ပါ။ ပြီးတော့ . . . နေ အပြင်မှာတွေ့ပြီး ခင်ကြတာ သိပ်မကြာသေးပါဘူး။





Online ပေါ်မှာကတည်းက သူ့ကို သံယောဇဉ်ရှိတော့ ပါသည်။ ဒါကြောင့်လည်း သူ့ကို ယုံကြည်ထားမိတာပါ။

ဒါပေမဲ့ အခုချိန်မှာတော့ ရွှေယွန်းစိတ်တွေ ဝေခွဲမရဘူး ဖြစ်နေတယ်။ Online ပေါ်မှာကတည်းက ညီမင်းနဲ့ခင်နေခဲ့ပေ မယ့် အခုအပြင်မှာတော့ ရွှေယွန်းစိတ်ထဲ ကိုမိုးသက်တန့်ကို ညီမင်းထက် သံယောဇဉ်ပိုနေမိတာ ဆန်းသည်။

ပြီးတော့ မိုးသက်တန့်နဲ့ ရွှေယွန်းတို့နှစ်ဦးကြားမှာ တခြား သူတွေမသိနိုင်တဲ့ စိတ်ချင်းဆက်သွယ်မှုတစ်မျိုး ရှိနေတယ်ဟု ရွှေယွန်းထင်မိသည်။

ညီမင်းကိုတော့ . . . ရွှေယွန်း မချစ်တာ သေချာပါသည်။ သူ့အပေါ် သူငယ်ချင်းတစ်ယောက်ထက် အစ်ကိုတစ်ယောက် လိုသာ ချစ်ခင်မိသည်။ ဒါကြောင့် သူ့ကို မျှော်လင့်ချက်မပေး ချင်ဘဲ အပြတ်ငြင်းလိုက်တာပါ။

ညီမင်း ခဏတော့ ငြိမ်သက်သွားမိသည်။ သူမ ခုလို အပြတ်ငြင်းလိုက်လိမ့်မည်ဟု ထင်မထားတာကြောင့် သူ့ရင်ထဲ ဆွေးသွားရသည်။

"အဲဒီလိုတော့ ရွှေယွန်းအပြတ်ကြီးမငြင်းပါနဲ့ကွာ၊ ကိုယ် ရွှေယွန်းကို သိပ်ချစ်တာသိရက်နဲ့ ရွှေယွန်းမို့ ငြင်းရက် တယ်ကွာ၊ ကိုယ့်မှာ ရွှေယွန်းမကြိုက်တဲ့အချက်ရှိလို့လား။



www.burmeseclassic.com

ရှိရင်ပြောပါ ကိုယ်ပြင်ပါ့မယ် ... ကိုယ့်ကို အဲဒီလိုတော့
မငြင်းပါနဲ့ကွာ၊ ကိုယ်က မင်းကို ဖွင့်ပြောတာစောတယ်လို့
မင်းထင်လို့လား၊ အဲဒါ ကိုယ် မင်းကို သိပ်ချစ်လို့ပါကွာ
ကိုယ့်ထက်အရင် မင်းကို ဖွင့်ပြောတဲ့လူရှိရင် ကိုယ်
နောက်ကျသွားမှာ စိုးရိမ်လို့ပါ၊ စဉ်းစားပါဦး၊ ကိုယ့်ကို
မင်းချစ်လာမယ့်နေ့အထိ ကိုယ်စောင့်နေပါ့မယ်"

ရွှေယွန်းအသွင်က ညီမင်းရဲ့ စကားတွေကို တအံ့တသြ
- နှင့် နားထောင်နေမိပါသည်။

အဲဒီလို စကားတွေကို . . . ရွှေယွန်း ပြောစေချင်တာက
တစ်ယောက်၊ အခုပြောနေတာက တစ်ယောက် ... ကံကြမ္မာက
ရွှေယွန်းကို ကျီစယ်နေတာများလား။

ရွှေယွန်းရင်ခုန်မိသူက သူ မဟုတ်ပါ။

ဒါပေမဲ့ . . . ရွှေယွန်းရဲ့ ရင်ခုန်ဘက်လူကတော့ . . .
သူဖြစ်လာမလားပဲ။

"ရွှေယွန်း စဉ်းစားပါ့မယ် ကိုညီမင်း၊ ဒါပေမဲ့ တစ်ခုတော့
ရှိတယ် . . . ရွှေယွန်းဆီက ခဏခဏ အဖြေမတောင်း
ရဘူး၊ အခုတော့ ကိုညီမင်းကို မချစ်သေးဘူး၊ ရွှေယွန်း
ချစ်လာတဲ့နေ့ကျရင်လည်း ရွှေယွန်းကိုယ်တိုင်ပဲ ညီမင်း
ကို ဖွင့်ပြောပါ့မယ် . . . ဟုတ်ပြီလား"





"ရွှေယွန်းပြောတာ ကိုယ်နားလည်ပါတယ်။ အချစ်မှာ အရေးပါဆုံးက နှလုံးသားတစ်စုံပဲ ...။ တစ်ယောက်နဲ့ တစ်ယောက် နှလုံးသားနဲ့ရင်းပြီး ချစ်မှလည်း ကြင်ကြင် နာနာ နားလည်မှု ရှိမှာပါ။ တကယ်လို့ ချစ်ခြင်းမှာ နှလုံးသားတစ်စုံသာမပါခဲ့ရင် အချစ်စစ်လို့လည်း ပြောလို့ ရမှာမဟုတ်ပါဘူး။ ကိုယ်ကလည်း မင်းရင်ထဲကအခုလိုပဲ ကိုပဲ လိုချင်တယ်၊ မင်းကိုယ့်ကို ချစ်လာမယ့်နေ့အထိ ကိုယ် စောင့်နေပါ့မယ်"

"ရွှေယွန်းကို အခုလိုနားလည်ပေးတဲ့အတွက် ကျေးဇူးပဲ ညီမင်း"

"ကိုယ်ကသာ မင်းကိုကျေးဇူးတင်ရမှာပါ၊ မင်း ကိုယ့်ကို စဉ်းစားပေးလို့လေ... မင်းဆီက အဖြေကို ကိုယ်မျှော်နေ ပါ့မယ်၊ သိပ်ညဉ့်နက်နေပြီ၊ ရွှေယွန်း ကိုယ်ပြန်ဦးမယ် နော် . . . မင်းအရင် အိမ်ထဲဝင်ပါ"

ရွှေယွန်း အိမ်ထဲဝင်သွားသည်အထိ သူ ရပ်ကြည့်နေခဲ့ သည်။ သူ့အကြည့်များက ချိုမြိန်နွေးထွေးစွာ ...။

ရွှေယွန်း ညဉ့်ခန်းထဲရောက်မှ သူ ကားစက်နှိုးသံ ကြားရ သည်။

၀



www.burmeseclassic.com

www.burmeseclassic.com

ညီမင်း အိမ်ပြန်ရောက်တော့ ... မိုးသက်တန့်က ခြံတံခါး လာဖွင့်ပေးသည်။

"ညီမင်း ဘယ်လိုလဲ ... အဆင်ပြေရဲ့လား"

မိုးသက်တန့်က ညီမင်းမျက်နှာကိုကြည့်ပြီး စိုးရိမ်မိတာကြောင့် ချက်ချင်းမေးမိသည်။

"Ok ပါတယ် သူငယ်ချင်းရာ၊ ငါ ဒီနေ့ ရွှေယွန်းကို ချစ်မိနေတဲ့အကြောင်း ဖွင့်ပြောလိုက်တယ်ကွ"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဟုတ်လား"

သူ ဖွင့်ပြောတော့မယ်ဆိုတာ သိနေပြီးသားပါ။ ဒါပေ
သူ ဖွင့်ပြောလိုက်ပြီဆိုတာ ကြားလိုက်ရတော့ . . . ဟုန်လ
ချောက်ချားရသည်။

"ရွှေယွန်းက ဘာပြန်ပြောလဲ" ဟု ညီမင်းကို အလေ
တကြီး မေးမိသည်။

"ငါ ပြောတာကိုတော့ သူ အသိအမှတ်ပြုပါတယ်ကွာ
ဒါပေမဲ့ ခဏခဏ အဖြေမတောင်းရဘူးတဲ့၊ သူ ငါ့ကို
ချစ်လာတဲ့နေ့ကျရင် သူကိုယ်တိုင် ဖွင့်ပြောမယ်တဲ့ကွ"

"ဪ"

သူက "ဪ" တစ်ခွန်းသာ ဆိုမိသည်။

သူမ, ပြောတာလဲ အဓိပ္ပာယ်ရှိသားပဲ။ လောလောဆယ်
မချစ်သေးပေမယ့် နောက်ကြာရင်ချစ်မိလာနိုင်တာပဲ။ အဲဒီလို
သာဆို ညီမင်းနဲ့ ရွှေယွန်းတို့ သိပ်မကြာသော အချိန်မှာပင်
ချစ်သူတွေ ဖြစ်သွားကြတော့မှာပါ။

ညီမင်းက သူမကို အမှန်တကယ် မြတ်နိုးစုံမက်နေတာပဲ
ဟာ ... သူမဆီက ရောင်ပြန်မေတ္တာလည်း ရရှိမှာမလွဲမသွေပါ။
မေတ္တာဆိုတဲ့ အရာဟာ . . . အသွားအပြန်ရှိတဲ့ သဘောပဲ
မဟုတ်လား။





"မိုးဆက်တန့်၊ မင်းတော့ ရွှေယွန်းကိုချစ်မနေပါဘူးနော်"

"ဟာ ... မချစ်ပါဘူးကွာ"

သူ အလန့်တကြား ငြင်းမိသည်။

"မသိနိုင်ဘူးလေ ... မင်းတို့က Online မှာထဲက သိနေ
ကြတာဆိုတော့ ငါက သေချာအောင် မေးတာပါ"

"ငါချစ်နေတဲ့ ကောင်မလေးသာဆို ... မင်းကို ဘယ်ပေး
နိုင်ပါ့မလဲ၊ ဘာမှ လျှောက်တွေးမနေပါနဲ့ကွာ"

"အေး ... ဟုတ်သားပဲ၊ Sorry ပါ သူငယ်ချင်းရာ"

"ရပါတယ်ကွာ"

"ဘာပဲဖြစ်ဖြစ် ... ငါ မင်းကို အရမ်းကျေးဇူးတင်ပါတယ်၊
မင်းရဲ့ကျေးဇူးကို ငါ ဘယ်တော့မှ မမေ့ပါဘူး၊ ငါ့ကို
ရွှေယွန်းက Online မှာထဲက သိနေတဲ့ Star Rain
ထင်လို့သာ ယုံကြည်နေတာကွ ... အဲဒါ မင်းကျေးဇူး
ကြောင့်ပါပဲ။ ငါ ဒီနေ့ ဖွင့်ပြောလိုက်တော့ သူ စိတ်မဆိုး
တာလဲ အဲဒီသံယောဇဉ်ကြောင့်ပဲ ငါထင်တယ်"

"အဲဒီလို ဟုတ်ချင်မှလဲ ဟုတ်မှာပါကွာ၊ မင်းကိုလဲ သူ
သဘောကျလို့နေမှာပါ၊ မင်းရဲ့အချစ်သာ စစ်မှန်ခဲ့ရင်
သူ့ဆီက အချစ်တွေကိုလဲ တစ်နေ့ မင်းပိုင်ဆိုင်ရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... မင်းပြောတာလဲ မှန်တာပဲ"

"ကဲပါ ညီမင်းရာ သိပ်ညဉ့်နက်နေပြီ၊ မနက် ငါသွားစရာရှိလို့အိပ်တော့မယ်၊ မင်းကံကောင်းပါစေလို့ ငါဆုတောင်းပေးပါတယ်။ Good Night ကွာ"

"ကျေးဇူးပဲ သက်တန့်ရာ"

မိုးသက်တန့် ပြောသလိုပဲ သူ ကံကောင်းချင်ပါသည်။ မမနှင့် တွေ့ပြီးကတည်းက သူ့နှလုံးသားက သေဆုံးသွားခဲ့တာ။ အခုရွှေယွန်းနှင့်တွေ့မှ သူ့နှလုံးသားက ပြန်ရှင်သန်နိုးထလာခဲ့ရတာ။ ဒီတစ်ခါတော့ သူ ရွှေယွန်းရဲ့အချစ်တွေကို ရယူပိုင်ဆိုင်လိုပါသည်။

သူ အတ္တကြီးတာ မဟုတ်ပါဘူး။

အချစ်ဆိုတဲ့အရာကိုကြောက်လန့်သွားခဲ့တာ၊ မိန်းကလေးတစ်ယောက်ကို ရူးရူးမူးမူးကြီးချစ်မိသွားပြီးတော့ သူ့နှလုံးသားမှာ ကွဲအက်နာကျင်ခံစားခဲ့ရသည်။ ထိုဒဏ်ရာကို သူအခုထိကြောက်နေမိဆဲ။

အဲဒီဒဏ်ကို သူ အလူးအလိမ့်ခံစားခဲ့ပြီးနောက်မှာတော့ သူ့နှလုံးသားက ဘယ်မိန်းကလေးကိုမှ မချစ်ချင်တော့အောင် ဖြစ်ခဲ့သည်။ သူ့အသည်းကပဲ ကြီးသွားတာလား။





သူ့နှလုံးသားက နာကျင်လွန်းပြီး မချစ်တတ်တော့တာလားတော့မသိပါ။ သူ မိန်းကလေးတွေအများကြီးနှင့် တွဲခဲ့မိသည်။ တစ်ယောက်ကိုမှ သူ အတိအကျ မရည်ရွယ်ခဲ့ပါဘူး။ ရည်းစားမကျ၊ ဟိုမကျ သည်မကျနှင့် ဘာလိုလို ညာလိုလို မိန်းကလေးတွေသာ သူ့အနားမှာ ဝိုင်းနေခဲ့သည်။ သူ့အနားချဉ်းကပ်လာတဲ့ မိန်းကလေးတိုင်းကို သူ အလိုက်အထိုက်တော့ နွေးထွေးမှု ပေးခဲ့ပါသည်။

အခွင့်အရေးယူချင်တဲ့စိတ်တော့ သူ့မှာလုံးဝမရှိခဲ့ပါဘူး။

အဲဒါသေချာပါသည် . . .

ညတစ်ည၊ မိုးတွေရွာနေတဲ့ ညတစ်ညပေါ့။ အဲဒီညလေးကို သူ ဘယ်တော့မှ မေ့မှာမဟုတ်တော့ဘူး။ အဲဒီညလေးမှာ သူမကို သူ စ,တွေ့ခဲ့တာ မဟုတ်လား။ သူမကို စ,မြင်မြင်ချင်းမှာပဲ သူ့ရဲ့ရင်အုံက တဒုတ်ဒုတ်နှင့် အချက်ပေးမြည်သံကို သူ ပြန်ကြားရတော့မှပဲ သူ့အံ့ဩသွားရသည်။

မမဇံနှင့်လမ်းခွဲပြီးကတည်းက ...အဲဒီလို ခံစားမှုမခံစားရတာ ကြာပါပြီ။

အဲဒီလိုခံစားမှုမျိုးကို သူ အမည်မဖော်တတ်ပေမယ့် သူ ကောင်းကောင်းနားလည်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကို သူ ချစ်မိသွားပြီ။

သူမက တိုက်တိုက်ဆိုင်ဆိုင် ကားရှေ့မှာ လဲကျနေတာကို ပွေ့ထူပေးပြီး ကားပေါ်တင်ကာ သူမအိမ်ကို ပြန်ပို့ပေးခဲ့ရာမှစ၍ သူမနှင့် သူငယ်ချင်းတွေ ဖြစ်ခဲ့ကြသည်။

ကံတရားက ကိုယ့်ဘက်ပါချင်တော့ သူမက မိုးသက်တန့်ရဲ့ Online ထဲက သူငယ်ချင်းမလေး ဖြစ်နေခဲ့သည်။ သူမရဲ့ Nick Name လေးက ချစ်စရာလေး . . . သူယောင်မယ်တဲ့။

မိုးသက်တန့်ရဲ့ Nick Name က ကြယ်မိုး Star Rain တဲ့။

မိုးသက်တန့်က သူ့ရဲ့ Nick Name ဖြစ်တဲ့ Star Rain နာမည်နဲ့ Account ကို သူ့ကို ကြည်ကြည်ဖြူဖြူပေးခဲ့ပါသည်။

မိုးသက်တန့်က သူမကို စိတ်ဝင်စားနေမလား . . . ဟု သူ ဖွင့်မေးခဲ့ပေမယ့် သူ့ဘက်က ပြတ်ပြတ်သားသား ငြင်းဆိုခဲ့သည်။ အဲဒီတော့ သူက Star Rain အမည်ခံနေရာကို အလွယ်တကူပင်ရလိုက်ပါသည်။ ပြီးတော့ သူမဆီက ယုံကြည်မှုကို အချိန်တိုလေးအတွင်းမှာ ရယူနိုင်လိုက်တာကလည်း သူ့ရဲ့ Star Rain ဆိုတဲ့ အမည်လေးကြောင့်ပါပဲ။

အဲဒါတွေအားလုံးက သူငယ်ချင်းမိုးသက်တန့်ရဲ့ ကျေးဇူးတွေကြောင့်ပါပဲ။

ဉာဏ်ဝင်းစာပေ



အခုဆို သူမအပေါ် စိတ်ဝင်စားမြတ်နိုးမိတဲ့အဆင့် ရင်းနှီးကျွမ်းဝင် ခင်မင်လာတဲ့ အဆင့်ကနေ ဒီညမှာ ချစ်ခွင့်ပန်တဲ့အဆင့်ထိ ရောက်ခဲ့ပြီ။ ချစ်သူတွေဖြစ်ဖို့ပဲလိုတော့သည်။ သူမဆီက ချက်ချင်းအဖြေမရခဲ့ပေမယ့် သိပ်မကြာသောအချိန်မှာတော့ သူမျှော်လင့်နေတဲ့အဖြေကို ပြန်ရလိမ့်မည်ဟု ညီမင်းယုံကြည်ပါသည်။

သူ့ဆန္ဒကတော့ သူမကို သိပ်အချိန်မဆွဲစေချင်ပါ။ သူမနှင့် ချစ်သူတွေဖြစ်ပြီး တစ်လလောက်ဆို စေ့စပ်ပြီး လက်ထပ်လိုက်ချင်ပါသည်။

သူ ဆန္ဒတွေ စောနေတာ မဟုတ်ဘူး။ သူမကို ဆုံးရှုံးလိုက်ရမှာကို သူ သိပ်ကြောက်နေမိတာပါ။

ဒါပေမဲ့ သူမက သူ့ကို အဖြေခဏခဏ မတောင်းရဘူးလို့ ပြောထားပါသည်။ သူ ဘာမှမတတ်နိုင်ပါဘူး။

သူမဆီက သူ့ကို အဖြေပေးလာမည့်ရက်ကိုသာ ရင်ခုန်လှုပ်ရှားစွာဖြင့် စောင့်မျှော်နေရုံသာ ရှိတော့သည်။

၀

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

"ရွှေယွန်းရေ . . . သမီး ထတော့လေ၊ သမီး မာမီနဲ့ ဒက်ဒီ ရောက်နေပြီကွယ့်"

"ရှင်"

ကြီးမေက သူမကိုနှိုးသောအခါ . . . နာရီကြည့်လိုက်ရင် ဆယ်နာရီခန့်ရှိပြီဖြစ်သည်။

မာမီနဲ့ ဒက်ဒီက လာမယ်ဆိုတာ ကြိုပြောထားပေမယ့် အချိန်အတိအကျ မသိရသေးတာကြောင့် ရွှေယွန်းက အိပ်နေမိတာပါ။ ကြီးမေ လာနှိုးမှပဲ နိုးတော့တာ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရွှေယွန်း အိမ်ရှေ့ဧည့်ခန်းကို ထွက်သွားကြည့်တော့ မာမီနှင့် ဒက်ဒီက တကယ်ပဲရောက်နေကြပြီဖြစ်သည်။

"ဟယ် . . . မာမီ၊ ဒက်ဒီ"

ရွှေယွန်းက မာမီနှင့် ဒက်ဒီကို ဖက်ပြီး နှုတ်ဆက်လိုက်သည်။ မာမီက ရွှေယွန်း၏နဖူးလေးကို ဖွဖွနမ်းပါသည်။

"ဒက်ဒီရေ . . . သမီးကိုကြည့်ပါဦး၊ မာမီ့သမီးလေးက ချောလာလိုက်တာ၊ မင်းသမီးလေးလိုပဲ"

"အေး . . . ဟုတ်တယ်ကွ၊ ငါ့သမီးလေးက ငါနဲ့တူတာကိုး ချောမှာပေ့ါ"

"အမလေး ... ရှင်နဲ့မတူပါဘူး၊ သမီးလေးက အမေနဲ့တူလို့ ချောတာပါ"

"ကဲပါ မာမီရယ်၊ သမီးချောတာ သမီးသိပါတယ်။ မာမီ ငြင်းမနေနဲ့တော့နော်"

သူမက ရယ်ကျဲကျဲလေး ပြန်နောက်လိုက်သည်။

"သမီး"

"ရှင် ... ဒက်ဒီ"

"သမီးဖို့ ဒက်ဒီမှာ အထူးလက်ဆောင်ပါလာတယ်၊ အဲဒါ ဘာလဲ . . . သမီး မသိချင်ဘူးလား"

ဉာဏ်ဝင်းစာပေ



"ဟင် ဟုတ်လား၊ ဘာလက်ဆောင်လဲ ဒက်ဒီ၊ ပြော ... သမီး သိချင်တာပေ့ါ"

"ဒက်ဒီ ပေးမယ့် လက်ဆောင်က သမီးအတွက် ဘဝ လက်တွဲဖော်ပဲ၊ သမီးနဲ့ ဒက်ဒီသဘောတူထားတဲ့လူ၊ သူတို့နဲ့ ဒက်ဒီတို့က ဟိုးငယ်ငယ်ကတည်းက ခင်ကြတဲ့ သူငယ်ချင်းတွေလေ၊ သူတို့ရဲ့သားနဲ့ သမီးကိုလက်ထပ် ပေးချင်တယ် သမီး"

"ဒက်ဒီ သမီးမှာ ငြင်းခွင့်မရှိဘူးလား"

"အတင်းအကျပ်ကြီး သမီးကို ဒက်ဒီက ဘယ်တုန်းကများ ပြောဖူးလို့လဲ သမီး ... သမီး သူနဲ့ အရင်တွေ့ကြည့် လိုက်ပါဦး၊ လူငယ်ချင်း လက်ခံသဘောကျမှ ဒက်ဒီတို့က စီစဉ်မှာပါ၊ သမီး ဘာမှမစိုးရိမ်နဲ့ ဟုတ်ပြီလား"

ဒက်ဒီက ရွှေယွန်း၏လက်ကလေးကိုဆုပ်ကိုင်၍ အားပေး ပါသည်။ ရွှေယွန်းမှ မျှော်လင့်မထားသော အစီအစဉ်ကြောင့် မျက်လုံးလေး ဝိုင်းနေမိတာ . . .

"ဒက်ဒီတို့နဲ့ အရင်ကတည်းက ခင်ကြတဲ့သူတွေကို သမီး ဘာလို့ မမြင်ဖူးရတာလဲ ဒက်ဒီ"

ဟု အထွန့်တက်မိသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"သူတို့နဲ့ ဒက်ဒီတို့က အပြင်မှာတော့ ခဏခဏဆုံဖြစ်ကြတယ် သမီး၊ အိမ်ကိုတော့ လာမလည်ဖူးဘူး၊ အခုမှ ဒက်ဒီတို့က အိမ်ကိုဖိတ်ထားတာ"

"ဟုတ်တယ် သမီးရဲ့၊ သူတို့ရဲ့ သားလေးကလဲ တကယ့်ကို မွန်မွန်ရည်ရည်နဲ့ကြည့်ကောင်းပါတယ်၊ မေမေကလဲ ပြောလိုက်ပါတယ်။ ကလေးနှစ်ယောက်ကို အရင်ပေးတွေ့ပြီးမှပဲ သူတို့ချင်း ရင်းနှီးမှုတည်ဆောက်ပါစေလို့ သမီးဆန္ဒမပါဘဲ ဘာမှ မလုပ်ပါဘူး၊ မာမီ ကတိပေးပါတယ်ကွယ်"

"ဒက်ဒီတို့က ဒီနေ့မှပြန်ရောက်တာဆိုတော့ နောက်လာမယ့်အပတ် တနင်္ဂနွေ (Sunday) မှာ သူတို့ကို ဖိတ်လာတယ် သမီး"

"ဟုတ်ကဲ့ . . . ဒက်ဒီ"

ရွှေယွန်းအသွင်က . . . ဒက်ဒီကို စိတ်မသက်မသာနှင့် ခေါင်းညိတ်ပြရသည်။ အခုအချိန်မှာ ရွှေယွန်းဘေးမှာ ခေါ်ပြစရာ ချစ်သူကလည်း အဆင်သင့် မရှိသေးပါဘူး။

မာမီတို့ မိတ်ဆက်ပေးတဲ့လူကို ရွှေယွန်း တွေ့ကြည့်ရတော့မည်။ မတတ်နိုင်။





အခုချိန်မှာ . . . သူသာ ရွှေယွန်းကို ဖွင့်ပြောထားခဲ့ရင် သိပ်ကောင်းမှာပဲလို့ တွေးမိပါသည်။

ရွှေယွန်းကသာ သူ့ကို တိတ်တဆိတ်ငေးမောသဘောကျနေရတာ။

သူက ရွှေယွန်းကို စိတ်မဝင်စားသောကြောင့် ရွှေယွန်းက သူ့ကို မချဉ်းမရဲဖြစ်ကာ အသည်းယားနေမိသည်။

သူ့ဘက်က သူငယ်ချင်းလို့ ခင်မင်ရင်းနှီးတာက လွဲလို့ အဆင့်တက်မလာခဲ့ပါ။

သူနှင့် ရွှေယွန်းက နီးကပ်စွာရှိပြီး သူ့မှာ အခွင့်အရေးတွေ ရှိနေပါလျက်နှင့် မကြိုးစားချင်တာပါ။

သူက ရွှေယွန်းကို ဂရုစိုက်ပါလျက်နှင့် မချစ်ချင်ယောင်ဆောင်နေသည်။ သူ့အပေါ်မှာ ရွှေယွန်းက (Favour) ပေးသည် ကိုထင်၍ တမင်ပဲမျှားနေတာလားတော့ မသိပါ။

ဒါမှမဟုတ် ရွှေယွန်း ချစ်နေတာကိုသိလို့ တမင်ရက်စက်နေတာများလား။

သူနဲ့ မျက်လုံးချင်းတော့ နားလည်မှုရှိနေပြီးသားပါ။ သူဖွင့်မပြောတာဟာ တကယ်မချစ်လို့လား၊ ရွှေယွန်းရဲ့စိတ်တွေကို စမ်းယူ ဖမ်းစားခဲ့ရုံသက်သက်ပဲလား။



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက်တွေပေးပြီး ခံစားရစေရုံပဲလား။ ရွှေယွန်း မတွေးတတ်တော့ဘူး။ သူ ရွှေယွန်းကို စိတ်မဝင်စားဘူးလား ဆိုတော့ အဲဒီလိုလဲ မဟုတ်ဘူး။

ရွှေယွန်းကလဲ မိန်းကလေးတို့ရဲ့ သဘောသဘာဝအရ မွေးရာပါ စိတ်စွမ်းအင်အရ ကိုယ့်ကိုစိတ်ဝင်စားနေလား၊ စိတ် မဝင်စားဘူးလား ဆိုတာတော့ ခွဲခြားသိပါသည်။

ခုချိန်မှာတော့ ရွှေယွန်းသည် ဖြစ်ချင်တာက တခြား ဖြစ်နေတာက တခြားလို့ ပြောရတော့မည်။

လိုတာမရ ရတာမလို ဟူသော စကားသည် ရွှေယွန်း အတွက်ဟု ဆိုရတော့မလို ဖြစ်နေသည်။

ရွှေယွန်းကို ချစ်ချင်သူတွေ ကြိုက်ချင်သူတွေ ဝိုင်းနေပါ လျက်နှင့် ရွှေယွန်းက သူ့ကိုသာ စိတ်ဝင်စားနေမိပါသည်။

သူနှင့်ဆို လိုက်ဖက်တဲ့စုံတွဲဟု အများက အားကျကြမှာ သေချာပါသည်။ အချောချင်းညီ၊ အကြိုက်ချင်းလည်းတူ စိတ်သဘောထားချင်းလည်း တိုက်ဆိုင်သူမို့. . . ရွှေယွန်း သူ့ကို စွဲလမ်းနေမိတာ မဆန်းပါဘူး။

✿ ◎ ✿

ဉာဏ်ဝင်းစာပေ

ရွှေယွန်းနှင့် မိတ်ဆက်ပေးမယ် . . . ရွှေယွန်းရဲ့ သတို့ သားလောင်း ဆို၍ ဘယ်သူများလဲမှတ်တာ ညီမင်းဖြစ်နေသည်။

ညီမင်းက . . . ရွှေယွန်းဆီက အဖြေကို မျှော်လင့်နေသူ တစ်ယောက်မို့ အခုချိန်မှာ သူလောက်ပျော်နေတဲ့သူ ရှိမယ် ထင်ဘူး။ သူ့အတွက်တော့ သိန်းဆုကြီးပေါက်သလိုပင်။

ပြုံးပျော်နေလိုက်တာများ ပါးစပ်က နားရွက်တက်ချိတ် တော့မတတ်ပင်။ ပျော်နေတာဖုံးဖိမရ ပေါ်လွင်နေသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးနှင့်လည်း သူက ရင်းနှီးနေတာကြောင့် ကြီးကြီး သူ့ကို သိနေပြီးသားဖြစ်ကြောင်း သူနှင့် ဆုံဖြစ်ကြပုံကိုလည် မာမီတို့ကို ရှင်းပြလိုက်ပါသည်။

"အမလေး ဒါများသမီးရယ် မာမီဖြင့် စိတ်ပူလိုက်ရတာ အခုတော့ သမီးတို့ချင်း ခင်မင်ရင်းနှီးပြီးသား ဆိုတော့ မာမီ စိတ်အေးရပြီကွယ် မဟုတ်ဖူးလား ဒေါ်သီရိရယ်"

မာမီက အန်တီသီရိကိုပါ တစ်ဆက်တည်း လှမ်းပြော လိုက်သည်။

"ဟုတ်ပါရဲ့ ဒေါ်သွင်သွင်ရယ် . . . သားကလဲ ဒီခြံ ရောက်မှပဲ . . . ဒါ သားသူငယ်ချင်း ရွှေယွန်းအသွင် အိမ်လေ အမေရဲ့တဲ့၊ ဧကန္တ အမေမိတ်ဆက်ပေးချင် မိန်းကလေးက ရွှေယွန်းအသွင် မဟုတ်လား တဲ့၊ အဲ ဆိုရင်တော့ ... သားဘက်က ၁၀၀% သေချာနေ သားတဲ့လေ ... အဟင်း ... ဟင်း ... ဟင်း"

"ဟုတ်တယ် ဦးကျော်ရွှေရေ ... ပထမတော့ သား မလိုက်ချင်ဘူးဆိုပြီး ငြင်းနေတာ ဘယ်မိန်းကလေးကို သူ လိုက်မတွေ့ချင်ဘူးတဲ့ . . . သူ့မှာ သူချစ်နေ မိန်းကလေး ရှိနေပြီးသားတဲ့၊ ကျွန်တော်က . . . အရင်ဆုံး ဦးကျော်ရွှေရဲ့ သမီးလေးကို တွေ့ကြည်





လိုက်ပါဦးလို့ မနည်းခေါ်လာရတာ၊ ကလေးတွေကတော့ တကယ်မလွယ်ဘူး ဦးကျော်ရွှေရေ၊ ကျွန်တော် အခုမှပဲ စိတ်အေးရတော့တယ်။ သားချစ်နေတဲ့ မိန်းကလေးက သမီးလေး ရွှေယွန်း ဖြစ်နေတယ်ဗျ"

အန်ကယ် ဦးမင်းထင်ရဲ့စကားကို . . . ဒက်ဒီက ပြုံးပြီး နားထောင်နေသည်။

"ဟုတ်တယ် မင်းထင်ရေ ငါလဲ မင်းလိုပါပဲ သမီးလေးကို မနည်းဖျောင်းဖျထားရတာ၊ အခုတော့ ... အားလုံး Ok သွားပြီ ဆိုတော့ ဝမ်းသာစရာပဲဟေ့"

"ကဲပါ ရှင်ကလဲ ... ဒီမှာ သမီးက ရှက်နေပြီရှင့်၊ သားနဲ့ သမီးက လူကြီးတွေစကားဝိုင်းမှာ ပျင်းနေရောပေါ့ ... သမီးတို့ ... ခြံထဲမှာ အေးအေးဆေးဆေး စကားပြောကြ ပါလား။ ကဲ သမီးကပဲ မောင်ညီမင်းကို သစ်ခွရုံဘက် လိုက်ပြပေးပါဦး"

"ဟုတ်ကဲ့ မာမီ၊ လာလေ ကိုညီမင်း" ဟု ညီမင်းကိုပါ တစ်ဆက်တည်း လှမ်းခေါ်လိုက်ပါသည်။ စိတ်ထဲကလည်း လွတ်လပ်သွားသလိုပင် ... ။

ဟူး ... အခုမှပဲ စိတ်အေးလက်အေးနှင့် နေသာထိုင်သာ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေယွန်းအသွင်က ... လူကြီးတွေစကားဝိုင်းမှာ စိတ်ကျဉ်းကျပ်နေတာမို့ မာမီက ဝင်ပြောလိုက်တော့ ... အတော်ပဲဖြစ်သွားသည်။

လူကြီးတွေရှေ့မှာ ထိုင်နေရတာဟာ သူ့အလိုလိုကို စိတ်ရှုပ်နေမိတာ ... မျက်နှာတွေလည်း ရှက်သွေးနှင့်နွေးနေသည်။

ပေါ့ပေါ့ပါးပါးနှင့် ချည်ထည်ဝမ်းဆက် အသားပျော့ပျော့လက်ပြတ်လေးကို ဝတ်ထားပေမယ့် အိုက်နေသလိုပင်။ ပြီးတော့ ရွှေယွန်းတို့အကြောင်း ပြောနေတာမို့ မနေတတ်အောင် ရှက်နေမိသည်။

ညီမင်းကလဲ ခပ်ပြုံးပြုံးနှင့် မိန့်မိန့်ကြီး ထိုင်ကြည့်နေတာကြောင့် ရွှေယွန်း ဘယ်လိုနေရမှန်းမသိ စိတ်ကျဉ်းကျပ်နေမိတာကို မာမီက နားလည်ပုံရပါသည်။

"ကိုယ်က . . . ကိုယ်နဲ့သဘောတူတဲ့ မိန်းကလေးဆိုပြီး ဘယ်သူများလဲမှတ်တာ၊ ရွှေယွန်းဆိုတော့ ကိုယ်ရင်ခုန်တောင် မြန်သွားတယ်သိလား၊ အရမ်းလဲ ပျော်သွားတာပဲ၊ ရွှေယွန်းရော ကိုယ့်လိုပဲလား"

ညီမင်းက သစ်ခွရုံထဲက ခုံတန်းလေးမှာ ဝင်ထိုင်ရင်း ရွှေယွန်းမျက်နှာကို သေချာစိုက်ကြည့်ပြီး မေးလာသည်။





"အောင်မာ ဘာလို့ပျော်ရမှာလဲ...ညီမင်းနော်၊ နင် မှန်မှန်ပြော ... နင် အစကတည်းက ကြိုသိနေပြီးသားမှတ်လား၊ ဘာလို့ ငါ့ကို မပြောတာလဲ" ဟု ခပ်စွာစွာ မေးမိသည်။

ညီမင်းက ပျာပျာသလဲဖြင့် . . .

"ဟာ မဟုတ်ဘူး၊ အထင်မလွဲကြေး၊ ကိုယ် လုံးဝကြိုသိနေတာမဟုတ်ဘူး၊ ကိုယ်သိရင် ရွှေယွန်းကို ဖွင့်မေးလိုက်မှာပေါ့၊ ဒီလောက်မြှုထားနိုင်ပါ့မလား၊ စဉ်းစားကြည့်"

သူ ကမန်းကတန်း ဖြေရှင်းနေပေမယ့် ရွှေယွန်းက မျက်စောင်းရွယ်သည်။

"ဒါဆို ယွန်း မယုံရင် မိုးသက်တန့်ကို မေးကြည့်"

ထိုအမည်ပါလာလျှင် ရင်ထဲလှုပ်ခတ်တုန်ယင်သွားရ၏။

"မေမေ ... ကိုယ့်ကို ကောင်မလေးစပ်ဟပ်ပေးမယ်၊ လိုက်ကြည့်ဆိုတော့ ... ကိုယ် အရမ်းပျာသွားတယ်၊ မိုးသက်တန့်ကို စစ်ကူခေါ်ရတယ်။ မေမေ မိုးသက်တန့်ကို မေးကြည့်ဆိုတော့ ... မေမေက တကယ်ခေါ်မေးတယ်။ မိုးသက်တန့်ကလဲ ကိုယ့်မှာချစ်နေတဲ့ မိန်းကလေးရှိပြီးသားဆိုတာ ဝိုင်းကူပြောပေးရှာပါတယ်။ သူ့ခများလဲ မျက်စိပျက် မျက်နှာပျက်နဲ့ဆိုတော့ မေမေက ယုံသွားတယ်၊ ဒါပေမဲ့ ဒီတစ်ခေါက် ဖိတ်ထားတာကိုတော့



www.burmeseclassic.com

www.burmeseclassic.com



လူကြီးချင်း မျက်နှာမပျက်ရအောင် လိုက်ခဲ့ရမယ်လို့ အမိန့်ချလိုက်လို့ ကိုယ် စိတ်ညစ်ညစ်နဲ့လိုက်လာရတာ ပါကွာ၊ ကိုယ် လုံးဝမညာဘူး"

"အဟား အခုတော့ တော်ပါသေးရဲ့ကွာ၊ ကိုယ် မေမေ့ကို အရမ်းကျေးဇူးတင်သွားပြီ၊ မေမေ အရှာအဖွေသိပ်တော်တာပဲ။ မိတ်ဆက်ပေးမယ့်သူက ရွှေယွန်းအသွင်မှန်းသာ သိရင် အစကတည်းက ဘယ်ငြင်းပါ့မလဲ ...။"

သူက အချိန်ဆွဲမိတာကိုပင် နောင်တရသလို ပြောနေသည်။ အခုအချိန်မှာ အစစအရာရာ အိုကေပြီလို့ တွက်ဆလိုက်ပုံရသည်။

"အခုလာခါနီး မိုးသက်တန့်ကိုတောင် အတင်းခေါ်မိသေးတယ်။ ဒီကောင့်ကလဲ ငကြောက်၊ တော်ကြာ မင်းကောင်မလေးက ငါ့ကြိုက်သွားရင် ဘယ်လိုလုပ်မလဲ ဘာညာနဲ့ နောက်သလိုလိုလုပ်ပြီး ခေါ်မရဘူးလေ"

"သူ့မှာရော ရည်းစားရှိလား ..."

ရွှေယွန်းက ပေါ့ပေါ့ပါးပါးပုံစံနှင့်ပဲ သိချင်တာကို မေးမိသည်။

"မရှိပါဘူး၊ ဒီကောင်ကမှ စိတ်မဝင်စားတာ ... ကိုယ်တို့ နှစ်ယောက် ကြိုက်သွားရင်တော့ ဒီကောင်အားကျမှာ





သေချာတယ်၊ ဟား ... ဟား ... သက်တန့်အတွက်လဲ တစ်ယောက်လောက်ရှာပေးမှ ဖြစ်မယ်"

ညီမင်းက သူငယ်ချင်းအတွက် ပူပန်ပေးဖို့ သတိရကာ ရယ်ရယ်မောမော ဆိုလေသည်။

"အောင်မယ်၊ ငါတို့က နေရင်းထိုင်ရင်း ဘာလို့ကြိုက်သွားရမှာလဲ၊ ညီမင်းနော် ဟွန်း ..."

ရွှေယွန်းအသွင်က ရှက်ရှက်နှင့် သူ့လက်မောင်းကို ဖိဆိတ်ပစ်မိသည်။

အဲဒါကပင် သူမရဲ့အမှား ဖြစ်သွားသည်။

ညီမင်းက လက်ကို ဖမ်းဆုပ်ရုံမရဘဲ သူမအနားကို တအားတိုးကပ်လာခဲ့သည်။

ရွှေယွန်းက လက်ကလေးကို ပြန်ရုန်းပေမယ့် သူက မလွှတ်တမ်း ဆုပ်ကိုင်ထားသည်။

မိန်းကလေးမို့ ... ရင်ဖို ရှက်ရွံ့သွားမိသည်။

"အို ညီမင်းနော် ... ဘာလုပ်တာလဲ၊ လွှတ်"

"မငြင်းပါနဲ့ယွန်းရယ်၊ ကိုယ့်ကိုအဖြေပေးတော့ကွာ နော်၊ ကိုယ်စောင့်နေရတာ သိပ်ကြာခဲ့ပြီ"

"အို ... ဖယ်ပါ"

"ကိုယ့်ကို ချစ်တယ်မှလား ..."



www.burmeseclassic.com

www.burmeseclassic.com



သူက ရွှေယွန်းပခုံးကလေးနှစ်ဖက်ကို တင်းတင်းဆုပ်ကိုင်လိုက်သဖြင့် လန့်ဖျပ်သွားရသည်။ သူ ဘာလို့ ဒီလောက်အတင့်ရဲလာသလဲ မသိပါ။

ရွှေယွန်းက ငြင်းဆန်လျှင် ... သူ အရှမ်းမချင့်မရဲဖြစ်သွားပုံဖြင့် ရွှေယွန်းကို ပြုန်းခနဲ ရင်ခွင်ထဲသို့ တအားဆွဲသွင်းလိုက်သည်။

ရွှေယွန်း မျှော်လင့်မထားမိသဖြင့် အငိုက်မိ အံ့သြမှင်တက်ရ၏။ ရုန်းဖို့ မကြိုးစားမိခင်ပင် သူက အဆင့်ထပ်တက်ကာ မျက်နှာလေးကို ရှိုက်နမ်းသည်။

"အို ... ညီမင်း"

သူမ ရှက်လန့်တကြား တွန်းဖယ်တာကို သူက ဂရုမစိုက်၊ ပို၍ တင်းကျပ်အောင်ဖက်ပြီး အနမ်းမိုးတွေ ရွာလိုက်သည်။

ရွှေယွန်းရင်မှာ ယိမ်းထိုးလှုပ်ရှားကာ အသက်ရှူပင်မှားသွားရသည်။

ညီမင်း ဒီလောက်ထိ ရဲတင်းသွက်လက်လိမ့်မည်ဟု သူ တွက်မထားမိ။

လျှော့တွက်မိသော အမှတ်တမဲ့ လိုက်လျှောသလို ဖြစ်မိတာတွေကို သူက ဘယ်လို ယူဆသလဲမသိတော့ ...။

"ကိုယ့်ကို ချစ်ရင် ခေါင်းညိတ်ကွာ ... နော်"

ဉာဏ်ဝင်းစာပေ



နမ်းရှိုက်ရင်းမှ တမ်းတမ်းမက်မက် တောင်းဆိုသည်။

သူနှင့်အတူ ဒီနေရာလေးမှာ တိတ်တိတ်ဆိတ်ဆိတ် အတူရှိနေမိတာဟာ သူ့အတွက် အခွင့်သာသောအခြေအနေမို့ သူက ယွန်းထံမှ အဖြေကို မရအရ ချော့မော့တောင်းခံသည်။

သူ့အယုအယမှာ တစ်ခဏမျှ ရှက်ရင်ဖို အငိုက်မိသွားတဲ့ ရွှေယွန်းကလည်း ကိုယ့်ဘာသာ ဘာလုပ်လို့ ဘာလုပ်မိမှန်းမသိဘဲ ရှက်လန့်တကြားနှင့် သူဖြေလွှတ်ပေးရင်ပြီးရောသဘောနှင့် အယောင်ယောင်အမှားမှား ခေါင်းညိတ်လိုက်မိသည်။

ချစ်လို့တော့ မဟုတ် ...။

ဒါတော့ သေချာသည်။

"ဝမ်းသာလိုက်တာ အချစ်လေးရယ်၊ ကိုယ်အရှမ်းပျော်သွားပြီ။ ကိုယ့်ရင်ခုန်သံကို နားထောင်ကြည့် ..."

သူက ရွှေယွန်းရဲ့ဦးခေါင်းလေးကို သူ့ရင်ခွင်ဆီသို့ ဆွဲကပ်သည်။ သူ့ရင်ဘတ်နှင့် ထိကပ်သွားတဲ့အခါ တဒုတ်ဒုတ်နှင့် ရင်ခုန်မြန်နေတာကို တကယ်ပဲကြားရ၏။

ရွှေယွန်းတို့နှစ်ယောက် တကယ်ပဲ ချစ်သူဖြစ်သွားပြီလား။

မယုံချင်စရာ အိပ်မက်ဆန်လှသည်။

❧ ◎ ☙

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

သိစိတ်နှင့် ဦးနှောက်က ညီမင်းကို လက်ခံချင်ပေမယ့် မသိစိတ်နှင့် နှလုံးသားက သူ့ကိုလက်မခံဘဲ ငြင်းဆန်နေတာကို ရွှေယွန်း ကောင်းစွာနားလည်ပါသည်။

တဖြည်းဖြည်းနဲ့တော့ သူ့ကို ရွှေယွန်းချစ်လာနိုင်မှာပါ။

ညီမင်းက ... ရွှေယွန်းကို အမြဲပျော်ရွှင် ချမ်းမြေ့အောင် ချစ်ခင်ကြင်နာ ယုယမယ့်သူလို့လည်း ယုံကြည်မိပါသည်။

ရွှေယွန်းအတွက်တော့ သူက ငြင်းလောက်စရာ အပြစ် ဆိုဖွယ်ရာ မရှိသည့် လူတစ်ယောက်ပါ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကလည်းဖြောင့်၊ ပညာလည်းတတ်၊ စီးပွားရှာလည်း တော်သလို ရွှေယွန်းကိုလည်း ချစ်ပြီး စိတ်သဘောထား ပြည့်ဝ ဖြူစင်သူမို့ သူက ပြီးပြည့်စုံတဲ့ ( Perfect ) ဖြစ်နေသူလို့ ဆိုနိုင် သည်။

မိဘချင်းကလည်း သဘောတူ ကြည်ဖြူကြသည်မို့ သူနှင့် ရွှေယွန်းတို့အတွက်က ပန်းခင်းသောလမ်းကလေး အသင့်ရှိနေ သလိုပါ။

အရာရာပြည့်စုံလွန်းလှသည်။ မက်မောဖွယ်ပင် ...။

ခက်နေတာက ရွှေယွန်းနှလုံးသား။

နှလုံးသားက သူ့ကိုမေ့မရဘူး ဖြစ်နေသည်။ တဖြည်းဖြည်း နဲ့တော့ အချိန်က ကုစားသွားပြီး သူ့ကိုမေ့နိုင်မှာပါ။ သာယာတဲ့ ဘဝမှာ နေသားကျသွားမှာပါ။

ရင်ထဲမှာ ဆွတ်ဆွတ်ကျင်ကျင်နှင့် လွမ်းမောမိသလို ခံစား ရသည်။ ဘယ်လိုပဲဖြစ်ဖြစ် ...

သူ့ကို မေ့ပစ်ဖို့လဲ ရွှေယွန်း ကြိုးစားရပါမည်။ ဒါဟာ အဖြစ်သင့်ဆုံးပါပဲ။

စိတ်ကူးယဉ်အချစ်တစ်ခုနှင့် မနစ်မျောချင်ပါဘူး။

မိန်းကလေးတို့ရဲ့ဘဝမှာ အချိန်အခါနှင့် အသက်အရွယ် က အရမ်းအရေးကြီးသည် မဟုတ်လား ...။

ဥက္ကာဝင်းစာပေ



လက်တွဲဖော်ရှိသင့်တဲ့အရွယ်မှာ ကောင်းမွန်တဲ့သူကိုလည်း တွေ့ပြီ၊ မိဘကလည်း သဘောတူကြည်ဖြူပြီဆိုရင် ဘာကြောင့် ခေါင်းမာမာနှင့် ဖွတ်ငြင်းဆန်နေမလဲ ...။

ရွေးသင့်တဲ့သူ ...

ဖြစ်သင့်တဲ့လမ်း ...

လျှောက်သင့်တဲ့ခရီး ...

သင့်တော်တဲ့ပန်းတိုင် ...

လှပတဲ့ အနာဂတ် ...

ပိုင်ဆိုင်ရမယ့် ပျော်ရွှင်မှု ...

ရရှိမယ့် ငြိမ်းအေးစိတ်ချမ်းသာမှု ...

ဒါတွေအားလုံးကို ဘယ်လိုအင်အားနဲ့ လျစ်လျူရှုရပါ့မလဲ။

လက်ခံဖို့သာ ကြိတ်မှိတ်ဆုံးဖြတ်ရသည်။

ညီမင်းကလည်း ကိုယ့်အပေါ် ချစ်နေလေတာမို့ ကိုယ်ပြော သမျှ နာခံလိုက်လျောမှာပဲလေ။

ဒီတော့ ကိုယ့်အချစ်တွေ သူ့ထံ ပုံပေးရတော့မည်။ အခု မချစ်လည်း နောင်သောအခါ တစိမ့်စိမ့်နှင့် ချစ်လာနိုင်သေး တာပဲ ... ဟုတ်လား။

ရွှေယွန်းက ဖြေသိမ့်တွေးလေးနှင့် ကိုယ့်ဘာသာ အားတင်း မိသည်။

မိုးသက်တန့်ရယ် ... ရှင် မချစ်ဘူးဆိုလည်း ရှိပါစေတော့။

ဥက္ကာဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချစ်ကိုလည်း မရှာဖွေချင်တော့ပါဘူး ...။

သူကချစ်တဲ့အချစ်နဲ့ပဲ ရောင့်ရဲတင်းတိမ်လိုက်တော့မယ်။

ညီမင်းကို ရွေးပြီး ခေါင်းညိတ်လက်ခံလိုက်ရင် ရွှေယွန်း မမှားပါဘူးနော်။

ရွှေ့လျှောက် ပျော်ရမှာပါနော် ...။

ရှင်သဘောတူတယ်မှလား မိုးသက်တန့် ...။

ရှင်မကြေကွဲပါဘူးလို့ ကျွန်မကို ပြောနိုင်မလားဟင် ...။

အမှန်အတိုင်း ...

ရင်ထဲကအရှိအတိုင်း ...

တစ်ခါလောက်သိခွင့်ပေးပါလား။ သိခွင့်လေးရရင်တောင် ကျွန်မ ကျေနပ်နိုင်ပါတယ် ...။

ဘဝချင်းမဆုံလည်း အချစ်ချင်းဆုံဖူးတဲ့ သူတစ်ယောက် အဖြစ်နဲ့ နှလုံးသားမှာ အမှတ်တရ သိမ်းဝှက်ထားချင်ပါတယ်။

တကယ်တော့ ... ကျွန်မစိတ်တွေက ရှင်နဲ့ပတ်သက်ရင် သိပ်နူးညံ့၊ သိပ်ကဗျာဆန်ပြီး လက်တွေ့အခြေအနေတွေနဲ့ ကွာလှမ်းနေတယ် ဆိုတာလည်း ကျွန်မသိပါတယ် မိုးသက်တန့် ရယ် ...။



ရွှေယွန်းအသွင်သည် ကွန်ပျူတာထဲက ဓာတ်ပုံလေးများကို နှစ်သက်စွာ တစ်ပုံချင်းလက်ကလေးနှင့် တွန်းရွှေ့ကြည့်နေမိသည်။



မလှမ်းမကမ်းမှာ လဝန်းရှိနေလို့သာ ဒီလိုပုံတွေအားလုံးကို လျှောက်ကြည့်သလို လုပ်နေမိတာ ...။

တကယ်တမ်း သူမစိတ်ထဲကအတိုင်း လုပ်ကြေးဆိုရင်တော့ မိုးသက်တန့်ရဲ့ ပြုံးရယ်နေတဲ့ပုံလေး မျက်နှာအနီးကပ်ကိုသာ ကြာမြင့်စွာကြည့်နေချင်မိတာပါ ...။



www.burmeseclassic.com

www.burmeseclassic.com



လဝန်းက သူ့မိသားစုတွေ ခရီးသွားနေခိုက် သူမနှင့်အတူ လာနေတာမို့ ညဘက်မှာ ကော်ဖီသောက်ရင်း … အခန်းထဲ တွတ်တိုးနေမိကြတာ မဟုတ်လား …။

"ဟဲ့ … နင်ဘာတွေကြည့်နေတာလဲ"

"ကန်တော်ကြီးထဲမှာ … ငါတို့ လျှောက်ရိုက်ထားတဲ့ ပုံတွေလေ"

"အဲဒါ ကြည့်ပြီးသားချည်းပဲဟာ …"

"သြော် ပြန်ကြည့်တော့ရော ဘာဖြစ်လဲ …"

"ပြန် ပြန်ပြီး ကြည့်ချင်လို့ ဆိုပါတော့ …"

လဝန်းက လာရစ်နေသည်။

တကယ်ဆို သူရစ်စရာ ဘာအကြောင်းများ ရှိမလဲ …

"နင် ပျင်းနေပြီလား … လဝန်း"

လဝန်းက သူမနံဘေးကို ခုံရွှေ့ပြီး လာထိုင်သည်။

"ပျင်းနေတာမဟုတ်ဘူး၊ ငါ မချင့်မရဲဖြစ်နေတာ" လဝန်း စကားကြောင့် ရွှေယွန်း မျက်မှောင်ကုပ်မိလိုက်မိ၏။

လဝန်းမျက်နှာလေးမှာ ခံစားချက်တစ်မျိုးက စွန်းထင်းနေသည် မဟုတ်လား။

ဘာမှမပြောခင်ကပင် ရွှေယွန်း ထိတ်ခနဲ ရင်ခုန်မိသည်။

"ယွန်း နင် ဘယ်သူ့ကိုကြည့်နေတာလဲဆိုတာ ငါသိတယ်"





"ဘာရယ် …"

"မညာကြေး … နင် ဝန်ခံရဲလား"

"ဘာကိုလဲ …"

"အစတုန်းကတော့ ငါမသိတာအမှန်ပဲ၊ အခုနောက်ပိုင်းမှာ တစ်စတစ်စ ပိုသေချာလာတာ"

ပြောလက်စ စကားကိုရပ်ပြီး … လဝန်းက သူမမျက်နှာ အရိပ်အကဲကို စေ့စေ့အကဲခတ်နေသည်။

ရွှေယွန်းက နားမလည်သော မျက်နှာထားလေးနှင့် အံ့သြနေမိသည်။

ဒီပုံတွေထဲမှာ သူမနှင့်သဘောတူထားသူ၊ လက်ရှိလက်ခံထားသူရှိမှန်းလည်း လဝန်းအသိပဲဟာ …။

"နင် … မိုးသက်တန့်ကို စိတ်ဝင်စားနေတယ်ဆိုတာ ငါသိပါတယ်၊ နင်သာ ရဲရဲကြီး ဝန်ခံလိုက်စမ်းပါ"

"ဟင်"

ရွှေယွန်းက လဝန်းရဲ့မျက်နှာကို တအံ့တသြနှင့် မယုံနိုင်သလို လှမ်းကြည့်မိသည်။

"နင် … ဘယ်လိုသိနေတာလဲဟင်"

"ငါက နင့်ရဲ့ အရင်းနှီးဆုံး သူငယ်ချင်းပဲဟာ … နင့်ရဲ့ မျက်ဝန်းတွေကို ငါဖတ်တတ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့စိတ်ထဲကို မြင်သလို မိုးသက်တန့်သာ မြင်နိုင်ရင် သိပ်ကောင်းမှာပဲ သိလား ... မထူးတော့ပါဘူး၊ နင့်ကို ငါ ဘာမှ မလျှို့ဝှက်ဘဲ ဝန်ခံချင်တယ်ဟာ ... ငါလေ ငါ မိုးသက်တန့်ကို အရမ်းချစ်တယ်ဟ ..."

"ဒါဆို ငါလဲ နင့်ကို ဝန်ခံစရာတစ်ခု ရှိတယ်"

"ဘာလဲဟင်"

ရွှေယွန်း စိတ်ဝင်တစား မေးမိသည်။

"ငါလဲ နင်နဲ့ထပ်တူထပ်မျှ ခံစားနေရတယ်လေ၊ ငါ ညီမင်းကို ချစ်နေပြီဟ ..."

"ဘယ်လို"

ထူးဆန်းလွန်းစွာပင် ရွှေယွန်းနှင့် လဝန်းတို့ရဲ့ အချစ်ထ တွေတွေလေးနှင့် ကပ်လွဲနေသည်။

"ငါတို့ ဘယ်လိုလုပ်ကြမလဲဟင် ... ငါတို့နှစ်ယောက်ရဲ့ ဇာတ်လမ်းက ဆွေးပြီလား"

လဝန်းက ရွှေယွန်းကို မေးသည်။

"ဟုတ်တယ် ... ဒီအတိုင်း မချစ်မနှစ်သက်ဘဲနဲ့ လက်ထပ် လိုက်ကြရင်တော့ မကောင်းဘူးဟ"

"ငါလဲ နင့်လိုပါပဲဟာ၊ ငါ့ရင်ထဲမှာ အရမ်းခံစားရတယ် သိလား၊ ငါ့ကိုဆို တစ်ချက်ကလေးမှ ဂရုမစိုက်ဘဲ





ညီမင်းက နင့်ကိုဆို သည်းသည်းလှုပ်ပြီး ချစ်ပြနေတာ ငါ အရမ်းအမြင်ကတ်တာပဲသိလား၊ ဘယ်လိုမှ မခံစားနိုင်ဘူး"

"ငါ နင့်ကို နားလည်နိုင်ပါတယ်ဟာ၊ ငါလဲ ခံစားရတာပဲ၊ ငါချစ်တာကို ဘေးက နင်တောင်ရိပ်မိနေတာ၊ သူမသိဘဲ နေမလား၊ သူ တော်တော်ရက်စက်တယ်ဟ ..."

"ငါတော့ ဒီအတိုင်း နောက်မဆုတ်ချင်ဘူးဟ"

"ဟင် အဲဒါဆို နင်က ဘာလုပ်ချင်လို့လဲ"

ရွှေယွန်းက အလန့်တကြားမေးမိသည်။

"ဒီလိုလေဟာ"ဆိုပြီး လဝန်းက ရွှေယွန်းကို ကပ်တိုးလေး ပြောပြသည်။

"ဟင် ဖြစ်ပါ့မလား"

"အိုး ဘာလို့မဖြစ်ရမှာလဲ၊ ငါတို့အလိုရှိနေတဲ့ အချစ်က ငါတို့မရနိုင်တော့ဘူးဆိုရင်တောင် ငါတို့မှာ ကြိုးစားဖို့ အခွင့်အရေးတော့ ရှိပါသေးတယ်ဟ ... ဘာမှ အားမငယ်နဲ့ သူငယ်ချင်း၊ သူတို့ တစ်ခါတည်းနဲ့ ဟတ်ထိသွားမယ့် ဗျူဟာလေးတွေ ရှိပါတယ်ဟ ...၊ ဒါပေမဲ့ ဖန်တီးတဘ်ဖို့တော့ လိုတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ လဝန်း ... နင်က ကိုးရီးယားတွေထဲကလို သရုပ်ဆောင်မှာလား"

"အေးပေါ့ဟ...သရုပ်ဆောင်သင့်ရင်လည်း သရုပ်ဆောင်ရမှာပဲလေ၊ အဓိက,က ကိုယ်လိုချင်တဲ့ပန်းတိုင်ရောက်ဖို့ပဲ မဟုတ်လား"

"အဲဒါတော့ ငါ လက်ခံပါတယ်၊ ငါ မိုးသက်တန့်ကို မစွန့်လွှတ်နိုင်ဘူးဟ၊ ငါ သူ့ကို ရင်ထဲကနေ တကယ် နှစ်နှစ်ကာကာ ချစ်မိသွားတာ"

"အမလေး ဒေါ်ရွှေယွန်းရယ်၊ အရေးထဲမှာ ကြော်ငြာဝင်နေပြန်ပြီ ... သိနေပြီးသားကိုများ ထပ်ပြောနေတယ် ငါ့ကို ဝိုင်းစဉ်းစားပေးဦးလေ၊ ငါတို့ အတူတူတိုင်ပင်ကြတာပေါ့ ... မဟုတ်ဘူးလား"

"အင်းပါ ... စဉ်းစားပေးမှာပေါ့"

"ငါ ကြားဖူးတာတော့ ခရီးသွားခြင်းက လူတစ်ယောက်နဲ့ တစ်ယောက်ကို ပိုပြီး နီးစပ်နားလည်သွားစေနိုင်တယ်တဲ့ဟ"

"နင်ဆိုလိုတာ ... ငါသိပြီဟ"

ရွှေယွန်းက လက်ဖျောက်တစ်ချက်တီးကာ ဝမ်းသာအားရ ပြောသည်။





"ချောင်းသာဆိုရင်ရော"

"အင်း မဆိုးဘူး၊ ကမ်းခြေဆိုတော့ ပိုပြီးလွတ်လပ်တယ် (Free) ဖြစ်တာပေါ့"

"ဒါဆို ချောင်းသာ သွားကြမှာပေါ့၊ ငါတို့နှစ်ယောက်နဲ့ သူတို့နှစ်ယောက်နဲ့ဆိုတော့ ... လေးယောက်ပေါ့ ဟုတ်လား"

"အတူတူကြီးသွားရင်တော့ ... ဘာမှဖြစ်လာမှာ မဟုတ်ဖူးဟ"

"နင်ပြောတာ ငါသိပ်မရှင်းဘူး၊ နင် ပွင့်ပွင့်လင်းလင်းပဲ ပြောဟာ"

ရွှေယွန်းက စိတ်မရှည်သလို ပြောသည်။

"ဒီလိုလေဟာ ... နင်နဲ့ညီမင်းက ရည်းစားတွေဆိုတော့ ညီမင်းက နင့်နားမှာပဲ ရှိနေမှာပေါ့၊ အဲဒီလို အမြဲတမ်း ရှိနေမှာ ဆိုတော့ ငါတို့စီစဉ်သလို ဖြစ်မှာမဟုတ်ဘူး"

"Ok ငါ နားလည်သွားပြီ၊ ငါတို့နှစ်ယောက်က စုံတွဲဆိုတော့ နင်တို့က သီသီသာသာ ဘေးလူတွေ ဖြစ်နေကြတော့မှာ၊ အဲဒီလိုတော့ မဖြစ်ဘူးဟ၊ ငါလဲ သူနဲ့ အဲဒီလို သမီးရည်းစားလို မနေချင်ပါဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မပူပါနဲ့၊ ငါ့မှာ Idea တွေ ရှိပါတယ်ဟ" ဆိုပြီး ဖာတ်လမ်းအကျဉ်းလေးကို ရွှေယွန်းအသွင် နားလည်နိုင်အောင် လဝန်းက အသေးစိတ် ရှင်းပြလိုက်သည်။

"မဆိုးဘူးဟ၊ နင့် Idea တွေက အရမ်းလန်းတယ်၊ သူတို့တော့ မသိဘူး၊ ငါတောင် ဟတ်ထိတယ်ဟ ..."

"လဝန်းပဲဟာ ... ဒီလောက်တော့ ရှိမှာပေါ့"

လဝန်းက သူမရဲ့ အကျီကော်လံစ,လေးကို ကိုင်ပြကာ ခပ်ပြုံးပြုံးလေး ပြောသည်။

"အေးပါ ငါ့သူငယ်ချင်းသိပ်တော်မှန်း ငါသိပါတယ်၊ ချစ်သူတစ်ယောက်ရဖို့တောင် ဖာတ်လမ်းတွေဆင်ပြီး ကြိုးစားရတယ် ဆိုကတည်းက ငါ့သူငယ်ချင်း သိပ်တော်မှန်း သဘောပေါက်ပြီးသားပါ"

ရွှေယွန်းရဲ့အပြောကို လဝန်းအိမ်က သူမရဲ့ပါးချိုင့်နှစ်ဖက် ခွက်ဝင်သွားအောင် ပြုံးပါသည်။

လဝန်းပြုံးနေတာကိုကြည့်ပြီး ရွှေယွန်းကတော့ ပြောင်းလဲသွားမည့် အခြေအနေတစ်ခုအတွက် ကြိုတင်ရင်ခုန်နေမိသည်။

ကြိုချထားတဲ့ Plan အစီအစဉ်တွေကိုလည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားဖို့ တွေးထားလိုက်သည်။

~ ⓪ ~

ညဏ်ဝင်းစာပေ

ရွှေယွန်းအသွင်က ချောင်းသာခရီးစဉ်အတွက် အားလုံးပြင်ဆင်ပြီးချိန်မှာ ညရှစ်နာရီတိတိ ဖြစ်နေပြီ။

ညီမင်းကလည်း ဧည့်ခန်းတွင် အသင့် ( Ready ) ဖြစ်သို့စောင့်နေလေသည်။

အဲဒီအချိန်မှာ ရွှေယွန်းရဲ့ ဖုန်းထဲက Ring Tone သံချင်းသံလေးက မြည်လာခဲ့သည်။

ညဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းနံပါတ်မကြည့်ဘဲနဲ့ လဝန်းအိမ်ဆီကဖုန်းမှန်း တန်းသိလိုက်ပါသည်။

"ဟလို လဝန်းလား ... ပြော"

"........."

"ဪ ... အေး သိပြီ သိပြီ၊ အဲဒါဆို ညီမင်းကို လွှတ်ခေါ်ခိုင်းလိုက်မယ်လေ ..."

"ဘာဖြစ်လို့လဲ ရွှေယွန်း"

"လဝန်းလေ သူ့အိမ်က ကားပျက်နေလို့တဲ့ ညီမင်းသွားခေါ်ပေးလိုက်နော် ..."

"ဪ ... ရပါတယ်၊ ကိုယ် သွားခေါ်လိုက်မယ်လေ ရွှေယွန်းရော တစ်ခါတည်းလိုက်ခဲ့မလား၊ ကိုယ်ပြီးမှ ပြန်ဝင်ခေါ်ပေးရမှာလား"

"ဟင့်အင်း ... ရွှေယွန်း တစ်ခါတည်း မလိုက်ပါဘူး ထည့်စရာပစ္စည်းလေးတွေ နည်းနည်းကျန်သေးလို့လေ"

"ညီမင်းပဲ သွားလိုက်"

ရွှေယွန်း ခပ်မြန်မြန်ပဲ ငြင်းလိုက်ပါသည်။

ရွှေယွန်းတို့က ကိုယ့်အကြံနှင့် ကိုယ် ... ။

ဉာဏ်ဝင်းစာပေ



ရွှေယွန်းပါ တစ်ခါတည်း ပါသွားလို့မဖြစ်။

လဝန်းနှင့် ဇာတ်တိုက်ထားတဲ့အတိုင်းဖြစ်ဖို့ အရေးကြီးသည်။

ညီမင်း ... ကားသော့ယူပြီး ထွက်သွားတော့ လဝန်းသရုပ်ဆောင်တာ ပီပြင်ပါ့မလားလို့ စိတ်ပူနေမိရင်း ... ရွှေယွန်း တစ်ယောက်တည်း ကျန်ခဲ့သည်။

ဒီတစ်ခါ ခရီးသွားရမှာ ... ခါတိုင်းလိုမဟုတ်ဘဲ ပိုပြီး ထူးခြားစွာ ရင်ခုန်နေမိပါသည်။

❧⓪❧

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

သူ လဝန်းတို့အိမ်ကို ရောက်သွားတော့ ... လဝန်းက ခရီးဆောင်အိတ်ကို အဆင်သင့်ချထားကာ တံခါးဝမှာရပ်စောင့် နေပါသည်။

"ညီမင်း တကူးတကကြီး လာခေါ်ပေးရတာ အားနာ လိုက်တာ၊ အိမ်ကကားကလဲ ဒီနေ့မှ ဘာဖြစ်သွားမှန်း မသိဘူး"

ညီမင်း ကားပေါ်က ဆင်းလာတော့ လဝန်းက အားနာ သလိုလေး ဆိုပါသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဗျာ ... သူငယ်ချင်းတွေပဲ လာခေါ်ပေးရမှာ ပေါ့ ...ကဲ လာ သွားရအောင်"

လဝန်း၏ ခရီးဆောင်အိတ်ကို သူကဆွဲပေးပြီး ကားနောက်ဖုံးထဲထည့်ဖို့ အရင် အရှေ့က လျှောက်သွားပါသည်။

လဝန်းကလည်း ရွှေယွန်းနှင့် ကြိုတင်တိုင်ပင်ထားခဲ့သည့်အတိုင်း ဒေါက်ချွန်ချွန်လေးနှင့် ခြေခေါက်လဲယောင် ဖဆောင်လိုက်ပါသည်။

"အား ...ကျွတ် "

ခြေထောက်ကိုခွေကာ ထိုင်ချလိုက်ရင်း ညည်းလိုက်တော့ ညီမင်းက အပြေးအလွှား အနားရောက်လာသည်။

"ဟာ ....လဝန်း ဘာဖြစ်သွားလဲ ထနိုင်ရဲ့လား"

"ကျွတ် ... အားနာလိုက်တာ ညီမင်းရယ်၊ ကျိုးပြီလား မသိပါဘူး၊ ထလို့ မရတော့ဘူး"

လဝန်းက မျက်နှာကို ရှုံ့မဲ့ရင်း တကယ်နာချင်ယောင်ဆောင်ကာ ထိုင်ရာက မထဘဲ နေမိသည်။

"လာ ...ကျွန်တော့်ကိုတွဲပြီး ထကြည့်လေ ... ရလား"

ညီမင်းက လဝန်းကိုဆွဲထူမကာ ထနိုင်ဖို့ ကူညီပေးပါသည်။ လဝန်းလည်း အရမ်းနာနေသလို မျက်နှာလေးကို ရှုံ့မဲ့ထားရင်း သူ့ကိုအားပြုကာ ထရပ်လိုက်သည်။





"အား ... မရဘူး ... အရမ်းနာတယ် ..."

လဝန်း မူယာမာယာများနေတာကို ညီမင်းကတော့ ... အဟုတ်ထင်ကာ စိတ်ပူနေပုံရပါသည်။

လဝန်းကလည်း ခြေလှမ်းတစ်လှမ်းမှမလှမ်းဘဲ အရမ်းနာနေပုံ ဟန်ဆောင်ထားပါသည်။

"ဆေးခန်းသွားလိုက်ရင် ကောင်းမယ်ထင်တယ်၊ အရမ်းနာနေလား ... လဝန်း"

"အင်း ... အရမ်းနာတယ် ... ဘယ်လိုမှ လျှောက်လို့မရဘူး၊ စိတ်ညစ်ပါတယ်၊ သွားခါနီးမှ ..."

"လဝန်းခြေထောက်က လျှောက်လို့မရဘူးဆို သွားလို့ ဘယ်ရပါတော့မလဲ။ ဆေးခန်း အရင်သွားပြကြတာပေါ့။ ကိုယ် ပြီးမှ ရွှေယွန်းတို့ဆီ ဖုန်းဆက်လိုက်မယ်"

"အင်း ... လဝန်း အသိဆရာဝန်ရှိတယ်၊ သူ့ကိုဖုန်းဆက်လိုက်ရင် အိမ်လာကြည့်ပေးလိမ့်မယ်။ လဝန်းကို အိမ်ထဲ တွဲပေးပါဦး"

"အင်း ...လာ"

သူက လဝန်းကိုတွဲပေးပေမယ့် ... လဝန်းက လုံးဝ ခြေတစ်ဖက်ကိုမလှမ်းဘဲ ထော့နဲ့နဲ့နှင့် ...လျှောက်ရ တော်တော်ခက်နေသလို ဟန်ဆောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဆင်မပြေဘူးလား လဝန်း၊ ကိုယ် ဧည့်ခန်းထဲ ရောက်
အောင် ပွေ့ချီပြီး ခေါ်သွားပေးမယ်နော် ... ရမလား"

သူက အားနာနာနှင့် ခွင့်တောင်းနေသေးသည်။

လဝန်း အသာအယာ ခေါင်းညိတ်ပြလိုက်သည်။

စိတ်ထဲမှာတော့ ကြည်နူးလို့ပေါ့။ ဒီပုံအတိုင်းဆိုလျှင်တော့ လဝန်းတို့ စီစဉ်ထားသလို သူနှင့် လဝန်း၊ ကျန်ခဲ့ရတော့မည် ရွှေယွန်းလည်း မိုးသက်တန့်နှင့် နှစ်ယောက်တည်း သွားဖြစ် တော့မည်။

သူက လဝန်းကို ပွေ့ချီလိုက်တော့ ... အလိုက်သင့်လေး သူ့လည်ပင်းကို သိုင်းဖက်ထားရင်း ရင်ခုန်မြန်နေမိသည်။

ခဏနေတော့ ဆရာဝန် ရောက်လာပြီး ... လဝန်း ခြေထောက်ကို ကြည့်ပေးပါသည်။

"ဘာမှမဖြစ်ပါဘူး ... ခြေခေါက်လဲတဲ့ အရှိန်ကြော
ခြေထောက်က နည်းနည်းနာသွားတာပါ။ ကျွန်တော်
အခု ဆေးလိမ်းပြီး ပတ်တီး စည်းပေးထားတာကြော
သက်သာသွားမှာပါ။ ပေးထားတဲ့ဆေးလဲ သောက်ပြီး
အိပ်လိုက်ပါ။ မိုးလင်းလောက်ဆို ကောင်းသွားမှာပါ"

"ဟုတ်ကဲ့ပါ ဆရာ"





ဆရာကို နှုတ်ဆက်စကားဆိုပြီး ခြံဝအထိ ညီမင်းပဲ လိုက်ပို့ပေးရသည်။

ဆရာက ကားနှင့်ထွက်သွားတော့မှ ညီမင်း သူ့လက်က နာရီကို ကြည့်မိသည်။

ဆယ်နာရီထိုးဖို့ ဆယ်မိနစ်လောက်သာ လိုတော့သည်။

သူ ချက်ချင်းပဲ ရွှေယွန်းဖုန်းကို ခေါ်လိုက်သည်။

ဖုန်းက ပိတ်ထားသည်။

"ဟာ သွားပါပြီကွာ"

အဲဒီအချိန်မှာ လဝန်းအိမ်က ခြေထောက်ကလေးတစ်ဖက် ထော့နဲ့ ထော့နဲ့နှင့် သူ့ဆီလျှောက်လာသည်။

"လဝန်းတို့ မမီတော့ဘူး ထင်တယ်နော်"

"ဟုတ်တယ် လဝန်း၊ မမီလောက်တော့ဘူး၊ ပြီးတော့
လဝန်းခြေထောက်က နာနေတော့ ... ဘယ်လိုမှ
သွားဖြစ်မှာ မဟုတ်ဘူး"

"လဝန်းကြောင့် ဖြစ်ရတာပါ အားနာလိုက်တာ"

"ရပါတယ် လဝန်းရာ"

"ရွှေယွန်းရော ... သူ ကိုညီမင်းကို စောင့်နေမယ် မလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း အဲဒါ ဖုန်းဆက်နေတာပဲ မရဘူး။ ရွှေယွန်းဖုန်းက ပိတ်ထားတယ်"

"ဒါဆို အိမ်ကို ဆက်ကြည့်လိုက်ပေါ့"

"ဟာ ... ဟုတ်သားပဲ၊ ကျွန်တော် မစဉ်းစားမိဘူး၊ သူ့ ဖုန်းဆက်လို့မရဘူးဆိုတာနဲ့ ထူပူသွားတာပဲ"

ချက်ချင်းပင် ရွှေယွန်းရဲ့ ကြီးမေထံသို့ ဖုန်းခေါ်လိုက် သည်။

"ဗျာ ... ဟုတ်လား"

"ဘာတဲ့လဲ ... ညီမင်း"

"ရွှေယွန်း သွားပြီတဲ့၊ ကားပေါ်တက်ခါနီးတောင် ကြီးမေ ဆီ ဖုန်းဆက်သေးတယ်တဲ့"

"ဟင် ... ဟုတ်လား၊ အဲဒီ မိရွှေယွန်းဟာလေ၊ လဝန်း ကိုတော့ မစောင့်ဘူး"

လဝန်းက ဟန်ဆောင်ကာ အပြစ်တင်စကားဆိုမိသည်။

"သက်တန့် ... ဟာ ... သက်တန့်လဲ သွားပြီပေါ့။"

"အင်း ... ဟုတ်တယ်နော်၊ သက်တန့်လဲသွားလောက်ပြီ။ တော်သေးတာပေါ့။ သူတို့နှစ်ယောက်ဆိုတော့ အဖော် ရတယ်"





"ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

"အခု အိမ်ကကားနဲ့ မောင်းသွားမလား"

"လဝန်းရဲ့ ခြေထောက်ကဒဏ်ရာနဲ့ ရပါ့မလား"

"ဪ ဟုတ်သားပဲ၊ ဒါဆို မိုးလင်းတာနဲ့ ထွက်ကြမယ်လေ၊ လဝန်းကို လာခေါ်လိုက်ပါ" ပြီးရောလေ ...

ညီမင်းက စိတ်ဓာတ်ကျပြီး အိမ်ပြန်သွားရလေသည်။

"ဟာ ရွှေယွန်း တစ်ယောက်တည်းလား၊ ညီမင်းတို့ရော"

ကားထွက်ခါနီးလေးမှ တစ်ယောက်တည်း ရောက်လာသော ရွှေယွန်းကို မိုးသက်တန့် အလောတကြီး မေးမိသည်။

ရွှေယွန်းနှင့် လဝန်းက ညီမင်းနှင့် အတူတူလာကြမယ်လို့ ထင်ထားပြီး၊ အခု ရွှေယွန်းတစ်ယောက်တည်းရောက်လာတော့ အံ့ဩနေမိသည်။

"ညီမင်းတို့ရော၊ မလာကြသေးဘူးလား"

"အင်း ... သူတို့နှစ်ယောက် နောက်မှ လိုက်လာကြလိမ့် မယ်"

ရွှေယွန်းက မျက်နှာလည်းမကောင်းဘဲ အသံတိုးတိုးလေး နှင့် ဖြေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ရွှေယွန်းရဲ့ ညီမင်းနဲ့ စိတ်ကောက်လာတာလား ..."

သက်တန့်က ရွှေယွန်းမျက်နှာကို စေ့စေ့ကြည့်ပြီး စိတ်ပူသလို မေးတာကြောင့် ရွှေယွန်းစိတ်ထဲမှာ ပြုံးချင်မိပေမယ့် မျက်နှာကိုတော့ ခပ်တည်တည်လုပ်ထားရသည်။

ခဏလောက်ကြာတော့ ... သူတို့ စီးရမယ့် ရွှေရောင်ကားမြင့်ကြီးက ရောက်လာသည်။

ရွှေယွန်းက သူမရဲ့ပစ္စည်းတွေကိုဆွဲပြီး တက်သွားတာကြောင့် သူလည်း အမြန်လိုက်တက်ရသည်။

ရွှေယွန်း တစ်ယောက်တည်း သူ စိတ်မချပါဘူး။

သူတို့ကို ခေါ်ပြီးတာနှင့် ကားက ဆက်မောင်းသွားသည်။

ပထမတော့ သူတို့နှစ်ယောက်လုံး အေးအေးဆေးဆေးပါပဲ၊ တစ်နာရီ၊ နှစ်နာရီ ကားစီးပြီးတော့ ရွှေယွန်းက ကားမူးတယ် ဆိုပြီး ... အန်တော့သည်။

သူက ဘာလုပ်လို့ လုပ်ရမှန်းမသိ။ သူ့မှာ ပါလာတဲ့ ရှူဆေးဘူးလေး ပေးရှူထားလိုက်သည်။ ခဏနေတော့ ... သက်သာသွားပြီး သူတို့နှစ်ယောက်သား မုန့်ထုပ်တွေစားရင်း စကားပြောကြသည်။





ကားထဲမှာ ချမ်းစိမ့်စိမ့်နှင့်မို့ နှစ်ယောက်လုံး အနွေးထည်တွေ ထပ်ဝတ်လိုက်ကြသည်။ Television က ပြနေတဲ့ ရှော့ရှိတဲ့ အချစ်များ ဇာတ်ကားကလည်း တော်တော်ရယ်ရပါသည်။

ညနှစ်နာရီရောက်တော့ ကားက ထမင်းစားဖို့ ခဏရပ်ပါသည်။ သူနဲ့ ရွှေယွန်းလည်း ကားပေါ်က ခဏဆင်း၊ ကော်ဖီသောက်ကြသည်။

ရေအိမ်ဝင်စရာရှိ ဝင်၊ ကိစ္စလေးတွေ ပြီးမှပဲ ကားပေါ် ပြန်တက်ခဲ့ကြသည်။

ကားပြန်ထွက်တော့ TV လဲ ပိတ်ပြီး မီးတွေလဲ မှိတ်လိုက်တာကြောင့် ရွှေယွန်းလဲ သူ့ပခုံးလေးမှာမှီပြီး အိပ်ပျော်သွားခဲ့သည်။

ရွှေယွန်း အိပ်သွားလိုက်တာ ဘယ်လောက်ကြာမှန်းမသိ၊

"ရွှေသောင်ယံမြို့နယ်ခွဲ" သို့ပင် ရောက်နေပြီ။

ချောင်းသာရောက်ခါနီး၍ အပြင်က တိုက်လေက သိသိသာသာ အေးလာသည်။

တောင်ပတ်လမ်းတွေကြည့်၍ ရွှေယွန်း ပျော်လာသည်။

"ဒီနားမှာပဲ အိမ်ဆောက်ပြီးနေချင်လိုက်တာ" ဟု သူမက သူ့ကိုပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား ... ရွှေယွန်း၊ ဒါဒါဆိုလဲ နေခဲ့လိုက်လေ
ကိုယ်ပဲ ချောင်းသာ ဆက်သွားလိုက်မယ်"

ဟု သူက နောက်လိုက်ပါသည်။ သူတို့နှစ်ယောက် ရင်ခုန်စွာ ပျော်နေရင်းနဲ့ပဲ ချောင်းသာသို့ မနက်တစေစောမှာ ရောက်သွားခဲ့ပါသည်။



ရွှေယွန်းတို့ ချောင်းသာကိုရောက်တာ မနက်လေးနာရီခွဲလောက်ဆိုတော့ ရောက်ရောက်ချင်းပဲ နှစ်ယောက်အိပ်ခန်းတစ်ခန်းစီငှားကာ ကိုယ့်အခန်းကိုယ်ဝင်ပြီး အိပ်လိုက်ကြသည်။

မနက် ဆယ်နာရီလောက်ကျတော့ ပြန်နိုးလာခဲ့သည်။

ရွှေယွန်းနိုးလာပြီး အဆင်သင့်ပြင်ကာ သူ့အခန်းတံခါးကို သွားခေါက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းတံခါးက လော့ခ်မချထားဘဲ ဖွင့်လို့ရနေသည်။

အခန်းထဲက ခုတင်ပေါ်မှာ သူက အိပ်ပျော်နေခဲ့သည်။

သူ အိပ်ပျော်နေတာကို ဘာရယ်မဟုတ် ရွှေယွန်း ခဏ ရပ်ကြည့်နေမိသည်။

သူ့ကိုကြည့်ရင်း သူမလုပ်နေတာတွေ မှန်ရဲ့လားလို့ ပြန်တွေးမိပါသည်။

နောက်မှ သူ့ကို အသာနှိုးမိသည်။

"သက်တန့် ... သက်တန့် ... ထတော့လေ"

သူက တစ်ချက်နိုးသော်လည်း မကြား၊ မနိုး ...။

နောက်တစ်ခါ ထပ်နှိုးတော့မှ သူက လန့်ပြီး နိုးလာသည်။

"သက်တန့် ... ထတော့လေ ... မိုးလင်းနေပြီ"

အပြာရောင်လွလွ ဂါဝန်ရှည်လေးပေါ်က ချည်နှင့်ကျောက်ပွင့်လေးတွေ ရောထိုးထားသော ကုတ်အတိုလေးနှင့် ရက်ရက်စက်စက်လှနေသော ကောင်မလေးက သူ့ကို လာနှိုးနေသည်။

သူ့စိတ်ထဲမှာ သူမကို သူ့ရဲ့ အိမ်သူလေးအဖြစ် စိတ်ကူးယဉ်လိုက်မိပါသည်။





မိုးသက်တန့်က ရွှေယွန်းကို စိုက်ကြည့်နေတာကြောင့် ရွှေယွန်း ဝတ်ထားတဲ့ ဂါဝန်ကပဲ ပါးနေသလားဟု မလုံမလဲနှင့် တစ်ဖက်လှည့်နေလိုက်သည်။

ကောင်မလေးက တစ်ဖက်လှည့်သွားတော့မှ မိုးသက်တန့် သတိဝင်ကာ အားနာသွားမိသည်။

"ရွှေယွန်း အစောကြီးပဲရှိသေးတာ၊ ကိုယ် အိပ်ရေးတောင် မဝသေးဘူး"

"အိပ်လို့မဝသေးလည်း နောက်မှ ပြန်အိပ်လိုက်တော့ ရွှေယွန်း အခု Breakfast စားချင်ပြီ၊ ဗိုက် အရမ်းဆာနေတာ၊ မျက်နှာမြန်မြန်သစ်ပြီး ထွက်လာခဲ့နော်၊ ရွှေယွန်း အခန်းအပြင်က စောင့်နေမယ် သိလား"

ရွှေယွန်းက သူ့ကို ပြောပြီးတာနှင့် လှည့်ထွက်လာခဲ့လိုက်သည်။

သူ့ရဲ့ စွန့်စားတဲ့ အကြည့်ရဲရဲတွေကြောင့် ရင်တုန်မပြယ်ချင်သေး၊ ရင်ထဲက တလှပ်လှပ်နှင့်။ သူနဲ့ ရွှေယွန်း နှစ်ယောက်တည်းဆိုတဲ့အသိက ရွှေယွန်းကို ရင်ဖိုစေပါသည်။

ခဏကြာမှ သူက ထွက်လာသည်။

စွပ်ကျယ်အဖြူပေါ်က မီးခိုးရောင် လယ်ဟိုက် လက်ပြတ်ခေါင်းစွပ်လေးကို ထပ်ဝတ်ထားတာမို့ ... သူ့ဘော်ဒီ



www.burmeseclassic.com

www.burmeseclassic.com



ခပ်တောင့်တောင့်မှာ တော်တော်ကြည့်ကောင်းပါသည်။ သရီးကွာတားပင်(န်)နဲ့ ဆိုတော့ ပိုပြီး ပန်းသင့်ကာ ကိုးရိုးယားမင်းသားလေးလို ချစ်စရာကောင်းပါသည်။

နားမှာလဲ စိန်နားကပ်နှင့်မို့ လူငယ်စတိုင် (လ်) ဖြစ်တာကြောင့် သူ့ကို ရွှေယွန်း ငေးနေမိတာ မဆန်းပါဘူး။

ရန်ကုန်မှာတုန်းက သူက ဒီလောက် မလန်းပါဘူး။

သူ့ကို အခုလိုပုံစံမျိုး ရွှေယွန်း ပထမဆုံးအကြိမ် မြင်ဖူးတာပါပဲ။-

ကောင်မလေးတစ်ယောက် သူ့ကို တအံ့တသြကြည့်နေတာ သိပေမယ့် သူက ပင်လယ်ကြီးကို ငေးကြည့်ရင်း မသိချင်ယောင် ဆောင်နေမိသည်။

သူတို့ ဘန်ဂလိုလေးက Sea View မှာ တည်ရှိတာကြောင့် ပင်လယ်လေကို တစ်ဝကြီး ရှူရှိုက်လို့ ရသည်။

လတ်ဆတ်သော ပင်လယ်လေ၏ ရနံ့က သူ့စိတ်တွေကို ဖမ်းစားထားနိုင်ပါသည်။

Breakfast ကို ဘူဖေးကျွေးတာမို့ ရွှေယွန်းက ပန်းလေးနှင့် စားချင်တာ အကုန်ထည့်လာခဲ့သည်။





မိုးသက်တန့်ကတော့ ကြက်ဥဟက်ဖရိုက်ခ်နဲ့ထမင်းကြော်တစ်ပန်းကန်နှင့် သောက်စရာ တစ်ခွက်သာ ဝိတ်တာလေးကို မှာလိုက်သည်။

"မိုးသက်တန့် စားဦးလေ"

ရွှေယွန်းက သက်တန့်ကိုပါ စားဖို့ ပြောပါသည်။

"ရွှေယွန်း ဘာတွေယူလာတာလဲ"

"ပုစွန် တမ်ပူရာ၊ ပေါင်မုန့်ကြက်ဥကပ်ကြော်၊ မုန့်ဟင်းခါး၊ နန်းပြားသုပ် အစုံပဲ"

"ဒါတွေအကုန် ရွှေယွန်းစားမှာပေါ့"

"အင် ... ဟုတ်တယ်လေ၊ ရွှေယွန်းက မုန့်တွေအားလုံးကို နည်းနည်းစီ စားရတာ ကြိုက်တယ်လေ"

"ဪ ... သောက်စရာ ဘာမှာဦးမလဲ"

"လက်ဖက်ရည် ကျဆိမ့်သောက်ချင်တယ်"

သူက ရွှေယွန်းပြောတဲ့အတိုင်း ဝိတ်တာလေးကို လက်ဖက်ရည် ကျဆိမ့်တစ်ခွက်ပါ မှာပေးပါသည်။

ရွှေယွန်းက ပင်လယ်ထဲ ဆင်းချင်နေတာကြောင့် မုန့်တွေကို ခပ်မြန်မြန်သာ စားလိုက်ပါသည်။

Breakfast စားပြီးနောက် သူနဲ့ ရွှေယွန်း ကမ်းခြေမှာ လမ်းလျှောက်ဖို့ ထွက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်အုတ်တံတိုင်းရဲ့အောက်ဖက် သဲပြင်ကို ဆင်းလိုက်လျှင် ရွှေယွန်းတို့ရှိရာသို့ ဈေးသည်တွေ အများကြီး ရောက်လာကြသည်။

"ငါးကင်ယူမလား၊ ငါးကင်"

"ပုစွန်ကင် ပူပူလေး"

"ပြည်ကြီးငါးရမယ်"

"အခုမှ လတ်လတ်ဆတ်ဆတ်ကင်ထားတာ အရသာရှိတယ် စားကြည့် ညီမလေး"

ဆိုပြီး အမြည်းကျွေးသူက ကျွေးနှင့် ...။

"ဝယ်ပါ မမရယ်၊ မမတို့ဝယ်မှ အိမ်က အမေနဲ့ ညီမလေးတို့ဖို့ ဆန်ဝယ်ရမှာမို့လို့ပါ"

ဆိုပြီး ၁၂-နှစ်အရွယ် ကောင်မလေးတစ်ယောက် ရွှေယွန်းကို လာပြောတာမို့ ရွှေယွန်း ထိုကောင်မလေးကို သနားသွားရသည်။

"ကိုမိုးသက်တန့် ဝယ်လိုက်ရမလားဟင်"

ရွှေယွန်းက မိုးသက်တန့်ဘက် လှည့်ကာ မေးတာမို့ ... မိုးသက်တန့်က ခေါင်းညိတ်ပြမိသည်။

ကိုယ်က မဝယ်နဲ့ပြောလဲ လူဆိုးကြီးသက်သက် ဖြစ်နေမှာစိုးတာကြောင့် ... သက်တန့်က ပြီးပြီးရော ခေါင်းညိတ်ပြလိုက်ရတာပါ။





ရွှေယွန်းက ထိုကလေးလေးတွေမှာ ပါလာသမျှ ပုစွန်ကင်၊ ငါးကင်တို့ကို အကုန်ဝယ်လိုက်သည်။

ကလေးတွေက ပိုက်ဆံရသွားတာမို့ ပျော်ပြီးထွက်သွားကြသည်။

မိုးသက်တန့် လက်ထဲမှာတော့ ပုစွန်ကင်တွေ၊ ငါးကင်တွေ အများကြီး ဆွဲထားရသည်။

"ပေးလေ ... သက်တန့်၊ ရွှေယွန်း ကိုင်ပါ့မယ်"

"ရတယ် ရွှေယွန်း၊ ကိုယ်ပဲ ကိုင်ထားလိုက်ပါ့မယ်"

"ဒါဆိုလဲ ဟိုနားကခုံမှာ သွားထိုင်ရအောင်"

အမိုးပါတဲ့ ခုံတန်းအဝိုင်းလေးရှိရာသို့ သူတို့နှစ်ယောက် ဆက်လျှောက်သွားလိုက်သည်။

ရွှေယွန်းက ဝယ်ထားတဲ့ပုစွန်ကင်တစ်ချောင်းကို မြည်းကြည့်ရင်း ...

"အင်း ... ကောင်းသားပဲ၊ သက်တန့် စားကြည့်ပါလား"

"သူက ဟင့်အင်း ... ကိုယ်မစားတော့ဘူး၊ ရွှေယွန်းလဲ သိပ်မစားနဲ့နော်" ဟု သတိပေးသည်။

"အင်းပါ ... သက်တန့်ရဲ့" လို့ ပြောပြီး အကင်တွေကို တစ်ချောင်းပြီး တစ်ချောင်းစားလိုက်တာ ကုန်သလောက်နီးနီး ဖြစ်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



“ဟာ … ရွှေယွန်း အများကြီးမှ စားနဲ့လေ၊ အပြင်စာတွေ ဆိုတာ စိတ်ချရတာ မဟုတ်ဘူးကွ”

“အရမ်းကောင်းလို့စားတာပါ သက်တန့်ရဲ့ … ပုစွန်ကင် တွေက လတ်ပါတယ်”

“ပြီးရောလေ၊ ဒါဆိုလဲစား၊ ကိုယ် ဘာမှမပြောတော့ဘူး” ဆိုပြီး သူမကို ပြောမရတာကြောင့် သူ လွှတ်ထားလိုက်သည်။

ရွှေယွန်းလည်း စားလို့အရမ်းကောင်းတာနှင့် တော်တော် များများ စားလိုက်မိသည်။

“ရေထဲဆင်းမလား … ရွှေယွန်း”

“အင်း … ”

သူနဲ့ ရွှေယွန်း အဝတ်မလဲတော့ဘဲ ရေစပ်နားမှာ ခဏ ဆော့ကြသည်။

ရွှေယွန်းက ရေတွေကို လက်ခုပ်နှင့် လှမ်းယူပြီး သူ့ကို ပက်သည်။

သူကလည်း ရွှေယွန်းကို ရေနှင့် ပြန်ပက်ရင်း ကျီစယ်နေ မိသည်။

ကမ်းစပ်နားမှာ ပြေးတမ်းလိုက်တမ်း ဆော့ကစားကြ သည်။ နောက်တော့ မြင်းစီးကြသည်။





ရွှေယွန်းက … တစ်ယောက်တည်း မစီးရဲတာကြောင့် သူ့နောက်က ထိုင်စီးပါသည်။ သူ့ခါးလေးကို ဖက်လို့ပေါ့။ သူ့ ရင်ထဲမှာလဲ လှုပ်ရှားရင်ခုန်နေမိပါသည်။

နောက်တော့ သူတို့နှစ်ယောက် အုန်းရည် သောက်ကြ သည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ရင်ထဲမှာ လဲ လှုပ်ရှားရင်ဖိုနေကြတာ ညာလို့မရ။

ပြီးမှ နှစ်ယောက်သားလမ်းခွဲပြီး ရေစိုအဝတ်တွေကိုပြန်လဲ ကြသည်။ ရေချိုး အဝတ်အစားလဲပြီး မှန်ကြည့်လိုက်တော့ ရွှေယွန်း လန့်သွားရသည်။

ကိုယ့်မျက်နှာ ကိုယ်ကြည့်ပြီး … မယုံနိုင် ဖြစ်နေစဉ်မှာပဲ လက်နှစ်ဖက် နာနေသလို အချက်ပေးတာကြောင့် လက်တွေကို ကြည့်လိုက်တော့ ယောင်ပြီး အနီစက်တွေနှင့် တဖြည်းဖြည်း ဖောင်းလို့လာသည်။

မှန်ထဲက ရွှေယွန်းပုံစံကို ကြည့်ပြီး ငိုချင်သွားရသည်။ (Allergy) အလာဂျီကြောင့် အနီစက်တွေအပြည့်ဖြစ်လာသည်။

အဲဒီအချိန်မှာ မိုးသက်တန့်ကလည်း သူမကို ထမင်းစားဖို့ လာခေါ်တာကြောင့် ရွှေယွန်း ပိုပိုသာသာလေး ငိုပြမိသည်။

“ဟည်း … ဟည်း … ဟည်း”



www.burmeseclassic.com

www.burmeseclassic.com



ကလေးလေးတစ်ယောက်လို ငိုကျွေးနေတဲ့သူမကို သူ ဘယ်လိုများ ချော့ရမလဲ။

"သက်သာသွားမှာပါ ရွှေယွန်းရယ်" ဟု နှစ်သိမ့်စကား ဆိုမိသည်။

"အဲဒါ ရှင့်ကြောင့်ပေါ့ ... ရှင်သာ ရွှေယွန်း ကျွေးတာ စားလိုက်ရင် ရွှေယွန်း ပင်လယ်စာတွေ အဲဒီလောက် စားဖြစ်မှာ မဟုတ်ဘူး သိလား ... အခုတော့ ရှင်ကလဲ အဲဒါတွေ မစားတော့ ရွှေယွန်းတစ်ယောက်တည်းပဲ ပင်လယ်စာတွေ အကုန်စားမိသွားတာပေါ့ ..."

"ဟာ ဒါကတော့ မင်းမှာ ပင်လယ်စာနဲ့မတည့်တဲ့ allargy (အလာဂျီ) ရှိရင် အစကတည်းက မစားပါနဲ့လား၊ ဘာဖြစ်လို့ အများကြီး စားရတာလဲ၊ ကိုယ် စားတုန်းက စားပြီးတော့ သူများကို အပြစ်တင်နေတယ်ကွာ"

"ရှင် ရွှေယွန်းကို ဟောက်စရာ မလိုပါဘူး၊ ရှင်ကလေ အကြင်နာတရားကိုမရှိဘူး၊ ရွှေယွန်းမှာဖြင့် အဟင့် ... အဟင့် ... အဟင့် ... "

သူမက ပြောနေရင်းနှင့် ငိုပြန်သည်။

"ကဲပါ တိတ်တိတ်၊ ကိုယ် တောင်းပန်ပါတယ်၊ တိတ်တော့နော် ..."





သူက သူမရဲ့ လက်ဖဝါးလေးကို ဆွဲယူကိုင်ပြီး ချော့နေတာမို့ ... ရွှေယွန်း ကျေနပ်လိုက်ပါသည်။

"အဲဒါဆို ကိုယ် ဆရာဝန် ခေါ်လိုက်မယ်"

ဆိုပြီး သူက ချက်ချင်းပဲ ဆရာဝန်ခေါ်ပေးပါသည်။

ဆရာဝန်က သိပ်မကြာဘဲ ချက်ချင်းရောက်လာသည်။ ပြီးတော့ ... သူ့ကို အကျိုးအကြောင်း ရှင်းပြသည်။

"ပင်လယ်စာနဲ့ မတည့်လို့ ဖြစ်သွားတာပါ၊ ကျွန်တော် အခု ဆေးထိုးပေးခဲ့မယ်၊ သောက်ဆေးလဲပေးမယ်၊ ပေးထားတဲ့ ဆေးကိုမှန်မှန်သောက်ပေးဖို့တော့လိုပါတယ်၊ ညနေကျရင် ကျွန်တော် တစ်ခေါက် လာကြည့်ပေးပါ့မယ်၊ စိတ်အေးအေးသာထား၊ လေးငါးရက်လောက် ဆေးထိုး၊ ဆေးသောက် မှန်မှန်လုပ်ရင် မြန်မြန်ပျောက်သွားမှာပါ"

"ဟုတ်ကဲ့ ဒေါက်တာ၊ သင့်ခ်ယူပါ"

သူက ဆရာဝန်ကို အခန်းဝထိ လိုက်ပို့ပေးပါသည်။

ဆရာဝန် ပြန်သွားပြီးနောက် ... သူက ရွှေယွန်းအနားမှာ တစ်ချိန်လုံး ရှိနေခဲ့သည်။

ခဏကြာတော့ ရွှေယွန်းက ဆေးထိုးထားတဲ့အရှိန်ကြောင့် အိပ်ပျော်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူလည်း သူမရဲ့ဘေးမှာပဲ စိတ်ပူပြီး ... စောင့်ကြည့်နေလိုက်သည်။

မျက်နှာတစ်ပြင်လုံးမှာ အနီစက်တွေနှင့်မို့ ကြည့်ရဆိုးတာကြောင့် သူမ တော်တော်စိတ်ညစ်သွားမှာပဲဟု တွေးမိပါသည်။

သူကလည်း သူမကို လေသံခပ်မာမာနှင့် ဘာလို့ပြောမိမှန်းမသိ၊ အခုမှ နောင်တရမိသည်။

သူ့ကို အကြင်နာတရားမရှိဘူးဟု သူမက ရက်ရက်စက်စက် စွပ်စွဲခဲ့တာကို သူ စိတ်မကောင်းဖြစ်မိပါသည်။

သူမ, ပြောသလိုပဲ သူဟာ အကြင်နာတရားကင်းမဲ့နေသူလား ... ။

တကယ်တမ်း မင်းကို ကိုယ်ကြင်နာခွင့် ရချင်ပါတယ်။

ဒါပေမဲ့ မဖြစ်နိုင်တဲ့အတွက် ကိုယ် စိတ်မကောင်းပါဘူး။

မင်း ကိုယ့်ကိုခွင့်မလွှတ်ပါနဲ့ နာကြည်းလိုက်ပါ။

မုန်းမေ့လိုက်ပါ ရွှေယွန်းလေးရယ် ...။

❧ ⓪ ❧



မနက်အစောကြီး ညီမင်းက လဝန်းတို့အိမ်ကို ရောက်လာသည်။

ဒေါ်လေးက ညီမင်း ရောက်နေတယ် ဆိုပြီး လဝန်းကို လာနိုးတော့ ... လဝန်း ထထောင်မထချင်။ မိုးလင်းခါစပဲ ရှိသေးတာပါ။ အဝတ်အစားအိတ်တွေ၊ အသုံးအဆောင်ပစ္စည်းတွေက အဆင်သင့်ထည့်ပြီးသားမို့ တော်သေးတာပေါ့။ ဘာမှ သိပ်ပြင်ဆင်စရာ မလိုဘူး။ မျက်နှာသစ်၊ အဝတ်အစားလဲ၊ ခေါင်းဖြီးပြီး မျက်နှာကို ခရင်မ်လေး ပါးပါးလိမ်းပြီး ထွက်လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးမသောက်ခင် အလင်းရောင်လေး မှုန်ရီဝိုးတဝါးမှာ တီရှပ်အပြာလေးနှင့် ဂျင်းပန့်(န်) အနက်လေးနှင့် ဆံပင်တွေ ဒီအတိုင်း ကပိုကရိုလေးဖြန့်ချထားသော လဝန်းအိမ်ရဲ့ အိပ်ရာနိုးစ ဟန်ပန်လေးကို လှမ်းကြည့်ရင်း … ညီမင်းရင်ထဲ ဖျတ်ခနဲ လှုပ်ရှားသွားရသည်။

ဗင်ကားနောက်ဖုံးဖွင့်ပြီး ပစ္စည်းတွေ ထည့်နေရင်းမှ ညီမင်းက လဝန်းကို တစ်ချက်လှမ်းကြည့်မိသည်။

"ရပြီလား လဝန်း"လို့ဆိုတော့ လဝန်းက ကားနောက်ခန်းမှာ ဝင်ထိုင်ဖို့အပြင် … သူက ရှေ့ခန်းတံခါးကို သွားဖွင့်ပေးတာကြောင့် လဝန်းလည်း ရှေ့ခန်းမှာပဲ ထိုင်ဖြစ်ပါသည်။

သူက ကားကို ညင်သာစွာ မောင်းထွက်လာသည်။ ကားမောင်းပုံ ညင်သာပေမယ့် ကားမောင်းကျွမ်းကျင်မှန်း သိသာပါသည်။

လဝန်းအိမ်လို ကားကို ခပ်ကြမ်းကြမ်း မောင်းတတ်သူ မဟုတ်။

"သီချင်းဖွင့်မယ်နော်" လဝန်းက ညီမင်းကို ကြည့်ပြီး ခွင့်တောင်းလိုက်သည်။

"ဖွင့်လေ … လဝန်းကြိုက်တဲ့သီချင်း ဖွင့်ပါ"





လဝန်းက FM ဖွင့်လိုက်တော့ … ဝိုင်းစုခိုင်သိန်းရဲ့ 'မိန်းကလေးပါ' သီချင်းလေးက တိုက်ဆိုင်စွာ ထွက်ပေါ်လာသည်။

ဂရုမစိုက်တော့ ကိုယ့်ရဲ့အကြောင်းတွေ မင်းနားမလည် ×××
မင်းကမသိ တစ်ချက်မှ မကြည့်တာ ဘယ်လိုလုပ်မလဲ ×××
ကံက ဆိုးဆိုး ×××
မင်းမျက်လုံးက ရိုးရိုး ×××
မင်းရင်ခုန်သံတိုးတိုး ဘယ်လိုလုပ် ကိုယ်ရှေ့ဆက်ရမလဲ×××
အရာခပ်သိမ်းကို စွဲစွဲလမ်းလမ်း ×××
တစ်ယောက်ဆို တစ်ယောက်တည်း ချစ်ခဲ့မိတာ ×××
နားလည်ပါဦးအချစ်၊ နားလည်ပါဦး ×××

သီချင်းလေးထဲကလိုပဲ … လဝန်းရဲ့ အချစ်တွေကို သူ နားလည်ရင် ကောင်းမှာပဲဟု တွေးနေမိပါသည်။

ကားကူရှင်ကို ခပ်လျှောလျှောလေး ခေါင်းတင်မှီထိုင်နေသော လဝန်းကို ကြည့်ပြီး …

"ဘယ်လိုလဲ အိပ်တောင် အိပ်ငိုက်နေပြီလား"

ညီမင်းက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



လဝန်းက ခေါင်းယမ်းပြရင်း ...

"မငိုက်ပါဘူး"

"မသိပါဘူးဗျာ၊ အခုမှ စ,ထွက်ရုံပဲရှိသေးတာ၊ လဝန်းက အိပ်ငိုက်နေပြီလားလို့"

"ကိုညီမင်း အိမ်မှာ ဘာစားခဲ့လဲဟင်"

"ကျွန်တော် အိမ်မှာ ဘာမှမစားခဲ့မိဘူးဗျ"

"လဝန်းရောပဲ ... အဲဒါဆို ရှေ့နားက ဆိုင်တစ်ဆိုင်မှာ မုန့်ဝင်စားရအောင်"

"လဝန်း အကြံမဆိုးဘူး"

ညီမင်းက သဘောတူသည်။

ရှေ့နားက (------) မုန့်ဆိုင်မှာ နံနက်စာကို နန်းပြားသုပ် ဝင်စားကြသည်။

မနက်ခင်းလေးမှာ ဆိုင်က လူရှင်းပါသည်။

လဝန်းတို့ စားပွဲအပြင် နောက်ထပ် နှစ်ဝိုင်းလောက်သာ လူရှိသည်။

ကော်ဖီသောက်တော့ ... ညီမင်းက လဝန်းအတွက်ပါ ဒွန်းကလေးနှင့် ဖျော်ပေးပါသည်။

သူတို့နှစ်ယောက် ... သိပ်အချိန်မဆွဲဘဲ ခပ်မြန်မြန်ပဲ စားလိုက်ကြသည်။

ဉာဏ်ဝင်းစာပေ



ညီမင်းကလဲ သူ့ကောင်မလေးကို စိတ်ပူနေလို့လားမသိ၊ လောနေလိုက်တာ။ သူ့ကိုကြည့်ရတာ ချက်ချင်းပဲ ချောင်းသာကို ရောက်ချင်နေပုံရသည်။

"လဝန်း တစ်လှည့် မောင်းရမလား"

"အင်း ... မောင်းချင်မောင်းလေ"

လှိုင်သာယာနား ရောက်နေပြီမို့ လဝန်းက တစ်လှည့် မောင်းပါသည်။

ကားလေးပေါ်မှာ လဝန်းရယ်၊ သူရယ် နှစ်ယောက်တည်း ဆိုတဲ့အသိက ညီမင်းစိတ်ထဲ တစ်မျိုးလေး ခံစားရသည်။

စီစဉ်ထားသလိုဖြစ်မလာဘဲ သူနှင့်လဝန်း အတူသွားရပြီး ရွှေယွန်းကလဲ မိုးသက်တန့်နှင့် ခုချိန်လောက်ဆို ချောင်းသာမှာ ပျော်နေလောက်ပြီ။

လဝန်းက ညီမင်းကို ကြည့်လိုက်တော့ ခေါင်းကိုမှီ မျက်စိကို မှိတ်ကာ အေးအေးလူလူပင်။

မြို့ပြင်ရောက်တော့ သူက လဝန်းကို ပေးမမောင်းဘဲ သူ့ဘာသာပဲ မောင်းတော့သည်။

တရိပ်ရိပ်ပြေးနေတဲ့ကားလေးက တစ်ခါမှ လမ်းမှာမနား။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်တစ်ဆိုင်တွေ့မှပဲ သူက ကားကို ရပ်လိုက်သည်။ သူရော လဝန်းပါ ကားပေါ်က ဆင်းပြီး ထမင်းစားကာ ခဏနားကြသည်။

တဖြည်းဖြည်းနှင့် ချောင်းသာရောက်ဖို့ သိပ်မဝေးလှတော့၊ ပုသိမ်ကိုပင် ရောက်ခဲ့ပြီ မဟုတ်လား။

ပုသိမ်ကနေ မြေလမ်းကို အကြာကြီးမောင်းရသေးသည်။ မိုင် (၂၀) ခန့် ရှိမည်ထင်သည်။

မြေလမ်းဆုံးမှ တောင်လမ်းတွေ ပြန်ရောက်မှာဖြစ်သည်။ မြေလမ်းမှာ ဖုန်ထပေမယ့် ကားထဲက (AC) အဲကွန်းကြောင့် အေးနေပါသည်။

လမ်းမှာ ကားကြီးတွေနှင့်ဆိုလျှင် ကားကိုလမ်းနံဘေးကို ကပ်ပြီး အသာကလေး ရှောင်ပေးရသည်။ မြေလမ်းမို့ ... သူက ကားကို ခပ်ဖြည်းဖြည်းပဲ မောင်းနေပုံရပေမယ့် ... ကားစီးရတာလည်း ကြာလာပြီမို့ ခေါင်းမူးချင်သလိုလို ဖြစ်လာသောကြောင့် လဝန်း ခဏမှေးနေရင်း အိပ်ပျော်သွားမိသည်။

ညီမင်းက သူ့ပခုံးပေါ် ခေါင်းလေးမှီကျလာသော လဝန်းကို ကြည့်ပြီး သနားသွားရသည်။

သူကလည်း သူ့ဇောနှင့်မို့ ကားကို လမ်းမှာသိပ်မရပ်ဘဲ မောင်းလာခဲ့တာပါ၊ ထမင်းစားဖို့တောင် ခဏပဲ ရပ်တာပါ။





သူမ ကြည့်ရတာ သိပ်ပင်ပန်းပြီး အိပ်ပျော်သွားပုံရတာကြောင့် သူ ကားကို လမ်းဘေးကပ်ရပ်ထားလိုက်သည်။

သူမ ခဏအိပ်ပါစေ ...

သူ့ပခုံးပေါ် မှီပြီး အိပ်နေပုံလေးက ချစ်စရာလေး၊ အပြစ်ကင်းစင်လွန်းသည်။

တကယ်တမ်း သူလဲ ဒေါင်းနေပါပြီ၊ ချာဂျင်ကုန်သွားသလို ပေါ့ ... လူက အားအင်တွေကုန်ပြီး မောဟိုက်နေပြီ၊ ဖြစ်နိုင်ရင် ခဏနားလိုက်ချင်သည်။

ဒါပေမဲ့ လဝန်းက မိန်းကလေးဆိုတော့ သူနှင့်ယှဉ်လျှင် ခံနိုင်ရည် အားနည်းပါသည်။

ပြီးတော့ သူမရဲ့ခြေထောက်ကလဲ နာနေဦးမှာပဲ။ သူကလဲ သူပါပဲ ... တစ်ရက်နှစ်ရက်လောက်နေပြီးမှ သွားလဲရတာပဲဟာ၊ သူ့လဝန်းအတွက် မတွေးမိပါလားဟု အခုမှ တွေးမိလာသည်။

ရွှေယွန်းကို စိတ်ပူမိပြီး လဝန်းအိမ်ကျတော့ ဘာဖြစ်ဖြစ်ပေါ့။ အဲဒီလိုစိတ်မျိုး သူ့မှာမရှိတာ အမှန်ပါ။

ရွှေယွန်းအတွက် စိတ်ပူမိတာကြောင့် ... သူ ထူပူပြီး ဘာမှ မတွေးမိတော့တာ ... လဝန်းအပေါ် အပြစ်လုပ်မိသလို ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



လဝန်း ဖျတ်ခနဲ နိုးလာတော့ ... သူက လဝန်းကို ကြည့်နေသည်။

"နိုးလာပြီလား"

"အင်း ... လဝန်း အိပ်ပျော်သွားလို့ ကားရပ်လိုက်တာလား ..."

"မဟုတ်ဘူး ... ကိုယ်လဲ ခဏနားချင်လို့ပါ"

"ရောက်တော့မှာလားဟင်"

"တောင်လမ်းတွေ မောင်းပြီး နည်းနည်းဆက်သွားရင် ရောက်တော့မှာပါ"

"အင်း ... ဒါဆို မောင်းတော့လေ ညီမင်း"

လဝန်းပြောမှ သူက ကားကို ပြန်မောင်းသည်။

ရှေ့နည်းနည်းမောင်းသွားလိုက်တော့ တောင်ပေါ်လမ်း ရောက်လာသည်။

"ကားမှန်တွေ ချလိုက် လဝန်း"

"အင်း ... အင်း"

သူပြောသလို လဝန်း ကားမှန်ချလိုက်မှ ...

တိုက်ခတ်လာသော လေအေးနုနုကြောင့် လန်းဆန်းသွားရသည်။

"သာယာလိုက်တာနော်"





လဝန်းက စိမ်းစိုနေတဲ့ တောအုပ်ကလေးတွေကို ကြည့်ပြီး ပြောမိသည်။

"ဟုတ်တယ် လဝန်း၊ ပုသိမ်နဲ့တခြားစီပဲ၊ ဒီနားရောက်ရင် လူက လန်းသွားတာပဲ"

"ဟုတ်တယ်နော်"

သူပြောတာကို လဝန်းက ထောက်ခံသည်။

တောင်ကမူလေးကို လဝန်းက သေချာကြည့်နေသည်။ သူက ရှေ့တည့်တည့်ကိုသာသေချာကြည့်ပြီး ကားကိုဂရုတစိုက် မောင်းနေလိုက်သည်။

လမ်းက အတော်ကျဉ်းတာမို့ ခပ်ဖြည်းဖြည်းပဲ မောင်းရသည်။

ရှေ့နားရောက်တော့ တံတားလေးတွေကို ဖြတ်ရသည်။

"ညီမင်း မရောက်သေးဘူးလား"

"ရောက်တော့မှာပါ ... ဥတိုတံတားဖြတ်ပြီး နည်းနည်း မောင်းရင် ရောက်ပြီ"

"ခုနကပြောတော့လဲ ရောက်တော့မှာပါဆို"

"ဒီတစ်ခါ တကယ်နီးလာပါပြီဗျ"

သူက လဝန်းကိုကြည့်ပြီး ရယ်ချင်သလို ဆိုသည်။

"လဝန်း ပင်လယ်ကြီးကို တွေ့ချင်လှပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်မကြာခင်မှာ လဝန်းတွေ့ချင်တဲ့ပင်လယ်ကို တွေ့ရတော့မှာပါဗျာ"

တံတားကိုဖြတ်ပြီး သတိပေးဆိုင်းဘုတ်တွေ ကျော်လာပြီး ချောင်းသာသို့ ရောက်လာသည်။

"ဟင် ... ဟိုမှာ ပင်လယ်ကြီး"

လဝန်းက ပင်လင်ရေပြင်ပြာပြာကြီးကိုကြည့်ပြီး ပျော်နေတာက သူ့စိတ်ထဲကိုပါ အပျော်တွေ ကူးစက်လာစေသည်။

"ထူးဆန်းတယ်နော် ညီမင်း ... ခုနက လဝန်း ခေါင်းမူးနေတာသိလား၊ အခု ပင်လယ်ကြီးကိုမြင်တော့ ခေါင်းမူးတာ ချက်ချင်းပျောက်သွားတယ်"

"ပင်လယ်လေရဲ့ ရနံ့က လတ်ဆတ်တာကိုး လဝန်းရဲ့ ကိုယ်လဲ လဝန်းလိုပဲ၊ ခုန တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲနေတာတွေ ခု ပင်လယ်ကြီးကိုတွေ့မှပဲ ပျောက်သွားတော့တယ်"

သူနှင့် လဝန်းတို့ ချောင်းသာကို ရောက်လာပြီဆိုတော့ အရင်ဆုံး ရွှေယွန်းနှင့် မိုးသက်တန့်ကို ရှာရမှာပါလား ဟု တွေးမိသည်။

ထူးဆန်းတာက သူ့ဘေးမှာ လဝန်းကိုပဲ မြင်နေရတာကြောင့် ရွှေယွန်းကို မေ့နေမိတာ သူ ဝန်ခံပါသည်။





Golden Beach ဟိုတယ်- Reception မှာ ရွှေယွန်းတို့အမည်ကို ဝင်မေးသည်။

အဲဒီဟိုတယ်မှာ သူတို့မရှိတာကြောင့် ...

Hotel Max သို့ မောင်းပြီး ဝင်မေးလိုက်သည်။ ချောင်းသာကို ရောက်ရင် အဲဒီ ဟိုတယ်နှစ်ခုမှာပဲ တည်းခိုနေကျပါ။

အဲဒီဟိုတယ်ရဲ့ Sea side ခန်း၊ နှစ်ယောက်ခန်း နှစ်ခန်းမှာ ရွှေယွန်းနှင့်မိုးသက်တန့်ဆိုတဲ့အမည်ကို တွေ့ရသောအခါ သူ့ရင်ထဲမှာ ရွှေယွန်းကို တွေ့ရတော့မယ်ဆိုတဲ့ အသိကြောင့် ပျော်သွားရသည်။

ပြီးမှ သူ့ဘေးက လဝန်းကို ကြည့်မိပါသည်။

သူ့ရင်ထဲမှာ ဘာတွေဖြစ်နေပါလိမ့်။

ခုရက်ပိုင်းကလေးမှာ ခံစားချက်အသစ်တွေ ထူးဆန်းစွာပဲ ဖြစ်ပေါ်နေသည်။

လဝန်းအိမ်ကို သူ စိတ်ကစားနေမိတာလားဟု ထိတ်လန့်စွာ တွေးမိသည်။ အစကတော့ တည်ငြိမ်ပြီလို့ ထင်တာ။

ဟိုတယ် Reception ကပဲ ရွှေယွန်းတို့ဆီ အကြောင်းကြားပေးတာကြောင့် မိုးသက်တန့်က သူတို့ကို လာကြိုပါသည်။

"ဘယ်လိုဖြစ်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုးသက်တန့်က မြင်မြင်ချင်းပဲ သူ့ကိုမေးသည်။

"နောက်မှမေးတော့ကွာ ... ငါ အခု အရမ်းပန်းနေပြီ"

"အေးပါကွာ ... ဒါဆိုလဲ နားလိုက်ဦး"

"ရွှေယွန်းရော"

ညီမင်းက ခုမှ သတိရပြီး မေးသည်။

"သူ့အကြောင်းတော့ မပြောချင်ပါဘူးကွာ"

"ဟင် ... ဘာဖြစ်လို့လဲ၊ ရွှေယွန်း ဘာဖြစ်လို့လဲ"

ညီမင်းက အလန့်တကြား မေးမိသည်။

"မိုးသက်တန့် ရွှေယွန်း ဘာဖြစ်လို့လဲဟင်"

လဝန်းကလဲ ... ဟန်ဆောင်ပန်ဆောင် ဝင်မေးမိသည်။ စိတ်ထဲမှာတော့ ကြိတ်ပျော်နေမိသည်။ စီစဉ်ထားတဲ့အတိုင်း ကွက်တိဖြစ်လာလို့ပေါ့။

"ဘာမှတော့ မဖြစ်ပါဘူးကွာ၊ Sea Food တွေ စားတာ များပြီး allergy ဖြစ်လို့ ဆရာဝန် ဆေးလာထိုးပေးပြီး ခု အိပ်ပျော်နေပြီလေ"

"ဟာ ဟုတ်လား၊ ခု အိပ်ပျော်နေတာပေါ့၊ အဲဒါဆို မင်းက သူ့ကိုတစ်ယောက်တည်းထားခဲ့တာပေါ့ ... ဟုတ်လား"

ညီမင်းက စိတ်ပူပြီး မေးသည်။





"အေးပေါ့ကွာ ... မင်းတို့ကို လာကြိုတာလေ"

"ငါတို့ကို လာကြိုဖို့က အရေးမကြီးပါဘူးကွာ ... ရွှေယွန်း ဘာမှမဖြစ်ဖို့သာ အရေးကြီးတာပါ"

"အခုမှလာပြီး မင်းက Worry များနေပြန်ပြီ"

"ငါ တကယ်စိတ်ပူတာကွ ..."

စကားပြောရင်း ... သူတို့အခန်းကိုရောက်လာကြသည်။

ရွှေယွန်းက ဆေးအရှိန်ကြောင့် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေလေသည်။

ညီမင်းက သူမကို ခဏထိုင်ကြည့်နေပြီးမှ မိုးသက်တန့်နှင့်အတူ ကိုယ့်အခန်း ကိုယ်ပြန်လာခဲ့သည်။

အခန်းတံခါးသော့ ဖွင့်လိုက်တာနှင့် သန့်ပြန့်မွှေးကြိုင်ရှင်းလင်းနေတာမို့ စိတ်ချမ်းသာသွားသည်။

မိုးသက်တန့်က သူ့ကို ကော်ဖီတစ်ခွက် လာပေးသည်။

သူက မိုးသက်တန့်ပေးတဲ့ ကော်ဖီပူပူကို မှုတ်သောက်လိုက်ရင်းမှ ...

"ရွှေယွန်း အဲဒီလိုဖြစ်တာ ကြာပြီလား"

"မကြာသေးပါဘူးကွ၊ မနက်မုန့်စားပြီးမှ သူက ပင်လယ်စာတွေ လာရောင်းတော့ ... ထပ်စားလိုက်တာ ..."



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ရေစပ်နားမှာ ခဏဆော့နေသေးတယ်လေ ... ပြီးမှ သူ့ရဲ့လက်မှာရော မျက်နှာမှာပါ အနီတွေဖြစ်လာတာ၊ သူ့မှာ ပင်လယ်စာနဲ့ မတည့်တဲ့ Allergy အလာဂျီ ရှိတယ်ကွ"

"ဩော်"

"ဒါနဲ့ မင်းတို့က ဘယ်လိုဖြစ်တာလဲ၊ ရွှေယွန်းနဲ့ ရန်ဖြစ်ထားလို့လား၊ သူတစ်ယောက်တည်း ဘာဖြစ်လို့လာတာလဲ ... အဲဒါ မင်းကိုမေးချင်နေတာ"

မိုးသက်တန့်က သူသိချင်တာကို အရင်မေးမိသည်။

"ငါလဲ မင်းကို အဲဒါမေးမလို့ကွ၊ ငါ ရွှေယွန်းကို သွားခေါ်တယ်လေ၊ ရွှေယွန်းက ပြင်ဆင်နေတုန်းမှာပဲ လဝန်းဆီက ဖုန်းဆက်လာတယ်၊ သူ့အိမ်က ကားပျက်နေလို့ သူ့ကိုလာကြိုပေးပါတဲ့။ အဲဒီမှာ လဝန်းကို သွားကြိုပေးဖို့ ငါ့ကို ရွှေယွန်းကပဲပြောခဲ့တာ ... နောက်တော့ ငါ လဝန်းအိမ်ရောက်သွားတယ်၊ အဲဒီမှာ လဝန်းက ခြေခေါက်လဲပြီး ဆရာဝန်ခေါ်ရတယ်၊ အချိန်တွေ နည်းနည်းကြာသွားတယ်ကွာ၊ ငါ သတိရပြီး နာရီကြည့်လိုက်တဲ့အချိန်မှာ ဆယ်နာရီထိုးဖို့ ဆယ်မိနစ်လောက်ပဲ လိုတော့တယ်





အဲဒီတော့မှ ငါ စိတ်ပူပြီး ရွှေယွန်းဆီ ဖုန်းခေါ်တယ်၊ သူ ဖုန်းမကိုင်တော့ဘူး၊ သူ့ အိမ်ဖုန်းကို လှမ်းဆက်တော့ ကြီးမေက သူသွားပြီလို့ ပြောတယ် ... အဖြစ်အပျက်ကတော့ အဲဒါ မိုးသက်တန့် ..."

"ဩော် ... ဒါကြောင့်ကိုး"

"မင်းကရော ဘာဖြစ်လို့ ငါ့မစောင့်တာလဲ"

ညီမင်းက အပြစ်တင်သလို ဆိုသည်။

"ပြောမယ်လေ၊ ငါလဲ မင်းလိုပါပဲ၊ ငါ ကားစောင့်နေတဲ့နေရာကို မင်းမပါဘဲ ရွှေယွန်း တစ်ယောက်တည်းရောက်လာခဲ့တယ်။ သူ့ကို မင်းအကြောင်းမေးတော့ သူက ပြန်မဖြေဘူးကွ၊ အဲဒီအချိန်မှာ ငါတို့စီးရမယ့်ကားရောက်လာတယ်၊ ရွှေယွန်းက ဘာမှမပြောဘဲ အိတ်တွေဆွဲတင်ပြီး ကားပေါ်တက်သွားတာ၊ အဲဒီတော့မှ ငါလဲ မိန်းကလေး တစ်ယောက်တည်း စိတ်မချဘူး ဆိုပြီး မြန်မြန်လိုက်တက်ရတာကွ၊ မင်းကို စိတ်ကောက်နေတာဖြစ်မယ်"

"အေးကွာ၊ ဘာတွေဖြစ်မှန်း ငါလဲမသိတော့ပါဘူး၊ ပထမတော့ ... ငါတို့လေးယောက် အတူသွားကြဖို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခုရောက်နေပြီပဲကွာ၊ ဘာမှ ပြောမနေပါနဲ့တော့"

"ဟုတ်တယ် သက်တန့်၊ ငါ အခု နားချင်ပြီ၊ တစ်လမ်းလုံး လည်း ကားမောင်းလာရတာ မလွယ်ဘူးကွ၊ ကျန်တာ နောက်မှ စဉ်းစားမယ်"

"အေး ... ဒါဆိုလဲ မင်း နားတော့ကွာ"

ညီမင်းက မွေ့ရာပေါ်မှာ ပစ်လှဲပြီး ... အိပ်ဖို့ ကြိုးစား လိုက်သည်။

❀⓪❀



လဝန်းအိမ်က ရေကူးဝတ်စုံလေးကိုယူပြီး ရေချိုးခန်းထဲ ဝင်ကာ လဲပြီး ထွက်လာလျှင် တစ်ဖက်ခန်းက မိုးသက်တန့်နှင့် ညီမင်းတို့ကလည်း ရေကူးဖို့ Ready ဖြစ်နေကြပြီ၊ သူတို့က ထွေထွေထူးထူး လဲနေစရာမလိုပါ။

အပေါ်ပိုင်းက အင်္ကျီဝတ်စရာ မလိုဘဲ အောက်ကသာ ရေကူးဘောင်းဘီတိုကို ဝတ်ဆင်ပြီး တဘက်ဖြူတစ်ထည်ကို ပတ်လိုက်တာနှင့် ပြီးသွားပြီ ဖြစ်သည်။

ရွှေယွန်းမပါဘဲ လဝန်းအိမ်နှင့် သူတို့ သုံးယောက်ထဲ ဖြစ်နေတာကြောင့် ညီမင်း တော်တော်စိတ်မကောင်း ဖြစ်မိပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေယွန်းက သူမရဲ့ မျက်နှာပေါ်က (အလာဂျီ) allergy ကြောင့် ဖြစ်တဲ့ အနီစက်တွေ မပျောက်မချင်း အပြင်မထွက်ချင်ဘူး ဆိုပြီး ဘယ်လိုမှ ခေါ်၍မရပါ။

သူမနားမှာ ရှိနေကြတဲ့ ... သူတို့သုံးယောက်ကိုလည်း ချောင်းသာရောက်ပြီးကတည်းက ရေထဲ တစ်ခါမှမဆင်းရသေးတာကြောင့် ရွှေယွန်းက အားနာပြီး ရေသွားကူးကြဖို့ ပြောပါသည်။

သူမကတော့ အခန်းထဲမှာပဲ စာအုပ်ဖတ်ပြီး ကျန်နေရစ်ခဲ့ပါသည်။

မိုးသက်တန့်ကတော့ ... ပထမနေ့ကတည်းက ပင်လယ်ကမ်းစပ်နား ခဏဆင်းပြီးတာကြောင့် ... သူ နေခဲ့လိုက်မည်ဟု ပြောရှာပါသည်။ ရွှေယွန်းက လက်မခံဘဲ မိုးသက်တန့်ကိုပါ လိုက်သွားဖို့ ပြောပြပါသည်။

လဝန်းအိမ်က ရေကူးဝတ်စုံတိုတိုနှင့်မို့ ... ညီမင်း သိပ်ကြာကြာမကြည့်ဘဲ မြန်မြန်အကြည့်လွှဲလိုက်တာကြောင့် လဝန်း စိတ်ထဲ ကြည်နူးကျေနပ်ခြင်းများနှင့် သူတို့နှင့်အတူ ကမ်းစပ်သို့ ဆင်းလာခဲ့လေသည်။

အောက်ဆင်းလိုက်တာနှင့် ညီမင်းနှင့် မိုးသက်တန့်က ဟားခနဲ အော်ကာ ပင်လယ်ဆီသို့ ပြေးသွားကြသည်။





လဝန်းက သူတို့ရဲ့ အဲဒီပုံစံကို ပြုံးကြည့်ပြီး ... ခါးက တဘက်လေးကိုချွတ်ပြီး ခုံပေါ်တင်ထားခဲ့ကာ တစ်လှမ်းချင်း လျှောက်လာခဲ့သည်။

ဘောကွင်းတစ်ကွင်းကိုပါ ယူဆောင်လာခဲ့သော လဝန်းကို ညီမင်းက မြင်သွားလျှင် တစ်ချက်ပဲကြည့်ကာ မျက်နှာလွှဲသွားသည်မို့ လဝန်း ပြုံးမိပါသည်။

ရေကူးဝတ်စုံဝတ်ထားသော လဝန်းကို သူ သေချာ မကြည့်ရဲတာ ဖြစ်နိုင်ပါသည်။ လဝန်းက ညီမင်းကို ဘောကွင်းစီးဖို့ လာမလားဟု လှမ်းခေါ်လိုက်ပါသည်။

"ဟင့်အင်း ... မင်းပဲလှိုင်းစီး၊ ကိုယ် ရေကူးလိုက်ဦးမယ်" လို့ပြောပြီး ရေထဲသို့တိုးဝင်ဆင်းပြီး လှလှပပ ကူးခတ်သွားပါသည်။

လဝန်းလည်း တစ်ယောက်တည်းမို့ ခပ်ဝေးဝေး မသွားတော့ဘဲ ရေစပ်နားမှာပဲ ဆော့နေလိုက်သည်။

ညီမင်းကို လိုက်ကြည့်မနေတော့ပါဘူး။

အကျႌချွတ်လိုက်တော့မှပဲ ညီမင်းရဲ့ Body Beauty ကို မြင်တွေ့လိုက်ရတာ ဖြစ်သည်။

သူ့ရဲ့ အဲဒီပုံစံလေးက လဝန်းမျက်လုံးထဲမှ ထွက်ခွါမသွားတော့ဘဲ စွဲထင်ရစ်လို့နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ပိုင်းကိုတော့ သေချာမကြည့်မိတော့သော လဝန်းသည် သူ့ရဲ့ အပေါ်ပိုင်းအလှကိုတော့ စွဲထင်နေတုန်းပင်။

သူ့ရဲ့ရင်အုပ်နှင့် ဝမ်းဗိုက်ကြွက်သားတွေရဲ့ အလှနှင့် အမွေးအမျှင်တွေနှင့်မို့ ယောကျ်ားပီသသော Structure မှာ လဝန်း ကြည့်ဖူးသော ရုပ်ရှင်မင်းသားတွေလိုပင် ကျစ်လျစ်တောင့်တင်းလို့ နေသည်။

ညီမင်းရဲ့ Body က အပြင်ကကြည့်လျှင် ခပ်သွယ်သွယ်ပေမယ့် တကယ်တမ်း ယောကျ်ားတစ်ယောက်မှာ ရှိသင့်တဲ့ ကြွက်သားတွေနှင့် ပြည့်စုံသောကြောင့် လဝန်း ငေးမောနေမိပါသည်။ သူက ရင်ခုန်စရာကောင်းသော Body Structure ကို ပိုင်ဆိုင်ထားသူပါပဲ။

လဝန်းကတောင် မိန်းကလေးပေမယ့် ခါးတွေ၊ ဗိုက်တွေမှာအဆီပို အနည်းငယ်မသိမသာရှိနေတာကြောင့် ရေကူးဝတ်စုံအသားကပ်ကို ဝတ်လိုက်တဲ့အခါ ပုံစံလေးက မလုံမလဲဟန်ပေါက်နေရသည်။

"ဟေး ... ရေထဲ မဆင်းတော့ဘူးလား" ဟု အော်ပြီး မိုးသက်တန့်နှင့် ညီမင်းက လဝန်းရှိရာသို့ ပြန်ရောက်လာကြသည်။

ဘဏ်ဝင်းစာပေ



သူတို့ ခပ်ဝေးဝေးထိကူးပြီး ပြန်လာသည့်တိုင် လဝန်းက ရေစပ်နားမှာပဲ ရှိနေခဲ့တာ။

"ဘာလဲ လှိုင်းမစီးရဲဘူးလား၊ ကိုယ် တွန်းပေးရမလား" ဟု မိုးသက်တန့်က လဝန်းကို မေးဖော်ရပါသည်။ ညီမင်းကသာ ဘာမှမပြောတာ ... ။

"ရတယ် သက်တန့် ... လဝန်း စီးရဲပါတယ်"

"ဒါဆို ကိုယ်ပြန်တက်တော့မယ်သိလား" ဟု မိုးသက်တန့်က လဝန်းကိုပြောရင်း ... ညီမင်းကိုပါ တစ်ဆက်တည်း လှမ်းပြောလေသည်။

"ဟာ ဘာဖြစ်လို့လဲ ... နေပါဦး မင်းကလဲ"

"မနေတော့ဘူးကွ ... ငါ ခြေထောက်အကြောကပ်လာလို့ အေးနေပြီကွ မရတော့ဘူး"

လဝန်းလည်း ချမ်းနေပါပြီ။ ဒါပေမဲ့ ပြန်တက်ဖို့ မပြောဖြစ်ပါ။

မိုးသက်တန့်က ပြန်တက်တော့မည်ဆိုတော့ ... ညီမင်းလဲ လိုက်မတက်ပါစေနဲ့ဟု စိတ်ထဲက တိတ်တဆိတ် ဆုတောင်းနေမိပါသည်။

"ဒါဆိုလဲ တက်တော့ကွာ ... ငါလဲ ခဏနေ တက်တော့မှာပါ"

ဘဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"လဝန်း ... ကိုယ်သွားပြီနော်"

"အင်း ... အင်း"

လဝန်း မိုးသက်တန့်ကို ခေါင်းညိတ်ပြမိပါသည်။ လဝန်းကလည်း ကိုယ့်အကြောင်းနှင့်ကိုယ် ... မိုးသက်တန့် မရှိလေကောင်းလေပါပဲ။

အခုတော့ လဝန်းဆန္ဒ ပြည့်ဝသွားပြီ။

သူနဲ့ လဝန်း နှစ်ယောက်တည်းရယ် ...

အဲဒီလို အချိန်လေးမှာ လဝန်း လှုပ်ရှားရမှာ ...

ဒါမှလည်း ညီမင်းစိတ်ထဲမှာ လဝန်းအပေါ် ထားတဲ့ စိတ်ရင်းအမှန်ကို သိရမှာပေါ့ ... ။

သူ လဝန်းကို နည်းနည်းလေးမှချစ်မနေဘူးလားဆိုတာလဲ လဝန်း သိပ်သိချင်မိသည်။

သူ လဝန်းကို မချစ်ဘူးဆိုရင်တောင်မှ သူ့ဆီက ဂရုစိုက်ကြင်နာမှုလေးပဲဖြစ်ဖြစ် အမှတ်တရအနေနှင့် လိုချင်နေမိတာ လဝန်း မမှားပါဘူးနော်။

"ညီမင်း မင်း လဝန်းကိုလဲ ကြည့်ထားဦးနော်၊ တော်ကြာ ရေနစ်နေဦးမယ်"

"အေးပါကွာ၊ မင်းကလဲ စိတ်ပူရင် တစ်ခါတည်းခေါ်သွားပါလား" ဟု ညီမင်းက သက်တန့်ကို ပြောက်လိုက်သည်။





သက်တန့်က ဘာမှပြန်မပြောဘဲ ထွက်သွားသည်။

"ဟေး မင်း ရေထဲမဆင်းချင်ရင်လဲ တက်တော့လေ ... အဲဒီမှာ ဘာလို့ရပ်နေတာလဲ"

ညီမင်းရဲ့ လှမ်းအော်သံကို ကြားတော့မှ လဝန်း ဆတ်ခနဲဖြစ်ကာ ဘောကွင်းကို လိမ့်လျက် ရေထဲသို့ ကမန်းကတန်း ပြေးဆင်းမိလေသည်။

အဲဒီလို ပြေးဆင်းရဲတာကလဲ ညီမင်း သူမကို ကြည့်နေမှာကို သိလို့ပါ။

ပထမတော့ လှိုင်းလုံးကြီးထဲ မြှုပ်ခနဲပါသွားလျှင် ဘယ်လိုပျော်စရာကောင်းမှန်းမသိ။ အသည်းထဲ အေးခနဲဖြစ်သည်။

လှိုင်းက ရိုက်သဖြင့် ... ဘောကွင်းကို မနည်းထိန်းထားရသည်။

ညီမင်းက လဝန်း လှိုင်းစီးရာနေရာနှင့် အနီးအနားမှာပဲ ရေကူးနေတာကိုမြင်လျှင် လဝန်း ဘောကွင်းကို မဖမ်းတော့ဘဲ လွှတ်လိုက်လေသည်။ တကယ်တမ်း ဘောကွင်းကို လွှတ်လိုက်ပြီးမှ လိုက်ဖမ်းဖို့ ကြိုးစားသော်လည်း မအောင်မြင်ချေ။

လဝန်းတစ်ယောက်တည်း လှိုင်းစီးလို့မရ ဖြစ်နေတာကို သူက ကြည့်မကောင်းဟန်ဖြင့် အနားသို့ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေစက်တွေ ဥသီးနေသော မျက်နှာကို လဝန်း သေချာ စိုက်ကြည့်မိသည်။

"ကဲ လာ ... ဟိုဘက်နည်းနည်းဆက်သွား၊ ဘောကွင်းကို ငါ တွန်းပေးမယ်၊ မင်း တက်ထိုင်လိုက်"

သူ တွန်းပေးတဲ့ ဘောကွင်းပေါ် တက်ထိုင်ပြီး စီးရတဲ့ အရသာက ဘာနှင့်မှမတူ။

သူ့မျက်နှာနှင့် နီးကပ်လွန်းစွာရှိနေတာမို့ လဝန်း ရင်ဖို သွားရသည်။

ညီမင်းက ကောင်မလေးတစ်ယောက်ကို လှိုင်းစီးဖို့ ... ပင်လယ်ဆီသို့ တဖြည်းဖြည်းချင်း ကြင်နာဂရုစိုက်ပြီး တွန်းပေး နေရသည်။

အဲဒီကောင်မလေးက သူ့ရည်းစားလဲ မဟုတ် ... သူ့ သူငယ်ချင်းမ,လေး။ ဘာတွေ ကြုံနေရသလဲ မသိဘူးကွာ။

ရေစက်လေးတွေနှင့် နုနုဖတ်ဖတ် မျက်နှာရဲရဲလေးမှာ ရေစိုဆံပင်လေးတွေက အချောင်းလိုက် ဒီအတိုင်းကျနေသော ကောင်မလေးကို ညီမင်း တစ်ချက်ခိုးကြည့်မိသည်။

ကောင်မလေးက သူ့ကို ပြန်ကြည့်ပြီး မျက်လုံးချင်းဆုံလျှင် သူ့ရင်ထဲမှာ ဘာဖြစ်သွားမှန်းမသိ၊ လှုပ်ရှားရင်ခုန်မိသည်။





ထူးဆန်းသော ထိုခံစားမှုကို သူလန့်ဖျပ်သွားမိပါသည်။ ထို့အတူ လွတ်လပ်သောပျော်ရွှင်မှုကိုလည်း သူ တောင့်တမိ၏။

ချက်ချင်းပဲ သူမကို ကမ်းစပ်ဆီသို့ ပြန်ပို့ပေးလိုက်သည်။ စိတ်လှုပ်ရှားမိတာကို သူမလည်း ရိပ်မိပုံပင်။

"မင်း ... စီးလို့ရပြီမှလား၊ လှိုင်းက ပင့်တင်ပေးလိုက်ရင် ဘောကွင်းကို မြဲမြဲသာ ကိုင်ထားနိုင်ရင် ... ရပြီ၊ ဘာမှ မဖြစ်ဘူး"

"အင်း ... အင်းပါ"

"မင်းကောင်းကောင်းစီးပါ၊ ကိုယ် ရေကူးလိုက်ဦးမယ်"

သူက လဝန်းပြောပြီးတာနှင့် ... ရေထဲသို့ တဗွမ်းဗွမ်း မြည်အောင် ပြေးဆင်းသွားပြီး၊ ခပ်လှမ်းလှမ်း အရောက်တွင် လက်ပစ်ကူးနည်းဖြင့် လှပသေသပ်စွာ ကူးခတ်သွားသည်။

သူ ကူးသွားသည့်ဘက်သို့ လဝန်းက ဘောကွင်းလေးဆွဲပြီး လိုက်သွားလိုက်သည်။

သူနှင့် နီးကပ်လာသောအခါ ... လိမ့်တက်လာသော လှိုင်းလုံးကြီးမှာ ဘောကွင်းကို မိမိဖမ်းမထားဘဲ လွှတ်လိုက်တာ ကြောင့် အားပြင်းသောလှိုင်းလုံး၏ရိုက်ချက်မှာ လဝန်းလည်း ကျွမ်းပြန်ကာ ကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ရေမကူးတတ်သူမို့ ရေထဲမှာ ခြေကားယားလက်ကားယား ဖြစ်နေသည်။

ရေတွေက နှာခေါင်းထဲ၊ ပါးစပ်ထဲသို့ တလဟော ဝင်ကုန်တဲ့အခါ စပ်ဖျင်းသော ခံစားမှုကို အလုံးအရင်းနှင့် ခံစားနေရသည်။

ရေပေါ်ကို ပြန်တက်ဖို့ ခြေထောက်ထောက်ရန် ကြိုးစားကြည့်ပေမယ့် ... မရ။

လူက ရေထဲမှာ မွန်းလာတာကြောင့် လဝန်းကို သူ တွေ့မှ တွေ့ပါ့မလားဟု စိုးရိမ်သွားမိသည်။

လဝန်း ရေနစ်နေမလား ဟု သူ တွေးမိရဲ့လား။

သူ လဝန်းကို လှည့်ကြည့်မိရဲ့လား။

သူ လဝန်းကို မတွေ့ဘဲ၊ လိုက်မရှာဘဲ ဒီအတိုင်း ပြန်သွားရင်ရော ... လဝန်းဘဝတော့ ဆုံးပါပြီ။

ရေထဲမှာပဲ ဒီအတိုင်း နစ်မွန်းပြီး ငါးမန်းတွေ ကိုက်သွားတော့မှာလား။

လဝန်း အသိစိတ်လွတ်ကင်းပြီး ဆုံးပါးသွားတော့မှာလားဟု ထိတ်လန့်တကြား တွေးမိပါသည်။

အမျိုးမျိုးလှည့်တွေးနေရင်းမှ ထိတ်လန့်ပြီး လဝန်းအသိစိတ်တို့ ပျောက်သွားပါသည်။





ခဏကြာမှ လဝန်းကို တစ်စုံတစ်ယောက် လာလှုပ်ယမ်းနေသလို ခံစားရသည်။

လဝန်း မျက်လုံးဖွင့်၍မရ။ အသိစိတ်ထဲမှာတော့ ကိုယ့်ကို တစ်စုံတစ်ယောက် လှုပ်ယမ်းနေတာသိပေမယ့် လူက မောဟိုက်မွန်းကျပ်ကာ အသက်ရှူမဝဘဲ နှလုံးခုန် မြန်နေတုန်းပင်။

သူမ့အမည်ကို တစ်စုံတစ်ယောက်က ခေါ်နေသံကြားရသည်။ ပြန်ထူးဖို့ လဝန်းမှာ ခွန်အားတွေ ကုန်ခန်းနေသည်။

အာရုံခံစားမှု အားတွေ ... လျော့နည်းနေစဉ်မှာပင် ရုတ်တရက် သူမ နှုတ်ခမ်းသားတွေ နွေးထွေးသွားသလို ခံစားရသည်။

နှုတ်ခမ်းလေးမှတစ်ဆင့် ခန္ဓာကိုယ်အနှံ့အပြားသို့ စီးဝင်လာသည်။ ထိုမှတစ်ဆင့် ... နှလုံးသားထဲသို့ ငြိမ့်ညောင်းတဲ့ တေးသွားလေးပမာ တဖြည်းဖြည်းချင်း စိမ့်ဝင်လာသည်။

အဲဒီအချိန်မှာ လဝန်း ဖျတ်ခနဲ နိုးလာသည်။ မျက်လုံးတွေကို ဖြည်းဖြည်းချင်း ဖွင့်လိုက်သည်။ ရုတ်တရက် မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် လဝန်း နှလုံးသားတွေ ခုန်ပေါက်မြူးထူးသွားရသည်။

လဝန်း ချက်ချင်းပင် မျက်လုံးပြန်မှိတ်ထားလိုက်သည်။ ညီမင်းက လဝန်းကို အသက်ရှူရပ်နေတယ်လို့ ထင်ပြီး (Mouth

www.burmeseclassic.com

www.burmeseclassic.com



to mouth) သူ့နှုတ်ခမ်းမှ တစ်ဆင့် လဝန်းနှုတ်ခမ်းဆီသို့ (O₂)အောက်စီဂျင် သွင်းပေးနေသည်။

သူ လဝန်းကိုစိုးရိမ်လို့ပေါ့နော် ဆိုပြီး လဝန်း အတိုင်းထက် အလွန် ပျော်သွားရသည်။

ညီမင်းက လဝန်းကိုယ်လေးကို ကိုင်ပြီး လှုပ်နှိုးနေသည်။

လဝန်း ဘယ်လိုလုပ်ရမလဲ။

ရင်ခုန်လွန်းအားကြီးစွာနှင့် သူ့ကို ဘယ်လိုအင်အားမျိုးနှင့် ရင်ဆိုင်ရမှန်းမသိ။

လဝန်း နိုးနေမှန်း သူသိသွားလို့ မဖြစ်။ အဲဒီလိုဆို သူ စိတ်ဆိုးသွားတော့မှာ...။

တကယ်တမ်း ရေနစ်မလိုဖြစ်ရုံလေး လဝန်းကဟန်ဆောင်လိုက်တာပါ။ ဘယ်လိုက ဘယ်လို တကယ်နစ်သွားမှန်းမသိ။ သူကလည်း လဝန်းကို ချက်ချင်းမကယ်တာကြောင့် အဲဒီလောက် ဖြစ်သွားရတာပါ။

ညီမင်းက လဝန်းပါးလေးကို လာပုတ်သည်။ ပြီးတော့ အသက်မရှူသေးဘူးထင်ကာ ထပ်တစ်ခါ လဝန်းအသက်ရှူနိုင်ဖို့ mouth to mouth ကြိုးစားပြန်သည်။

ရေထဲမှာမျောနေတဲ့ ပန်းတစ်ပွင့်လို လွင့်မျောသွားမတတ် လဝန်းခံစားရသည်။ အရမ်း ပျော်လည်းပျော်သည်။





သူက မြှောက်ချီလိုက်လျှင် ပျံတက်သွားတဲ့ စွန်တစ်ကောင်လို လွတ်လပ်ပေါ့ပါးကာ လိုက်မောစရာကောင်းလှသည်။

သူ့ရင်ခွင်လေးက စွဲမက်မိန်းမောယစ်မူးဖွယ် ဒီရင်ခွင်လေးမှာပဲ တစ်သက်လုံး ခိုလှုံခွင့် ရချင်မိသည်။

သူ့ကို မက်မက်မောမောနှင့် ရူးရူးမူးမူးကြီးကို ချစ်သွားမိတာပါ။ ဒါကို သူက သိပုံမရ။ လဝန်း ဘယ်လိုလုပ်ရပါ့မလဲ။

ယုံကြည်မှာလဲ မဟုတ်။

ဒါပေမဲ့ သူ လဝန်းကိုစိုးရိမ်တာ လဝန်းသိသည်၊ လဝန်းကို ပွေ့ချီပြေးတာပဲကြည့်။ တော်ရုံမေတ္တာနှင့်ဆို အဲဒီလောက် ပျာယာခတ်မှာမဟုတ်။ သူ့ရင်ထဲကို ရုတ်တရက်မြင်လိုက်ရလျှင် လှိုက်ခနဲ ပျော်သွားရသည်။

သူ လဝန်းကို စိုးရိမ်တယ်ဆိုတဲ့အသိက လဝန်းရင်ထဲကို ကျေနပ်နှစ်သိမ့်မှု ပေးနိုင်ပါသည်။

သူ လဝန်းကို မချစ်ရင်လည်း နေပါစေတော့ ...။

လဝန်း သူ့ကို ချစ်နေရတာနှင့်ပဲ ကျေနပ်လိုက်တော့မည်။ သူ့ကိုလည်း ဒီထက်ပိုပြီး မပင်ပန်းစေချင်တော့တာကြောင့် သူ့နာမည်ကို ခေါ်လိုက်သည်။

"ဟင် ...လဝန်း သတိရပြီလား"

"အင်း ... ညီမင်း၊ လဝန်းကိုအောက်ချပေးတော့ ရတယ်



www.burmeseclassic.com

www.burmeseclassic.com



ညီမင်းက လဝန်းကို အောက်သို့ အသာပြန်ချပေးလိုက်သည်။

ကမ်းခြေက သဲတွေပေါ် နှစ်ယောက်အတူ ထိုင်ချလိုက်မိသည်။

"မင်း ဘယ်လိုနစ်သွားတာလဲ"

"လှိုင်းအခတ်မှာ မြောက်တက်ပြီး ... လူကျွမ်းပြန်သလို ကျသွားတာ၊ ခြေထောက်ထောက်ကြည့်ဖို့ ကြိုးစားသေးတယ်၊ မရဘူး။ တဖြည်းဖြည်းနဲ့ ပိုပြီး နစ်သွားတာ တော်သေးတာပေါ့ ညီမင်းကယ်လိုက်လို့၊ လဝန်းမှာလေ ညီမင်းပေးတဲ့ အသက်ပဲ ရှိပါတော့တယ်။ ညီမင်းကို အရမ်း ကျေးဇူးတင်တာပဲ Thanks a million ပါ သိလား"

လဝန်းက မင်သေသေ ဟန်ဆောင်ကောင်းစွာ ပီပီပြင်ပြင် ပြောလိုက်နိုင်လို့ တော်ပါသေးရဲ့။

ရင်တွေတုန်ပြီး ဘာမှမပြောနိုင်လောက်ဘူးလို့ ကိုယ့်ကိုကိုယ် ထင်ထားမိတာ။ အခုတော့ ကောင်းကောင်းမွန်မွန်နှင့် ကျေးဇူးတင်ကြောင်းပြောနိုင်လို့ ကိုယ့်ကိုကိုယ် ချီးကျူးမိသည်။ တကယ်တော်တဲ့ငါပါလား လို့ပေါ့။





"ရတယ် လဝန်း No problem ပါ၊ ကိုယ်မှာ မင်းကို ကယ်ဖို့ ကူညီစောင့်ရှောက်ဖို့ တာဝန်အပြည့်ရှိတယ်လို့ ကိုယ် ယူဆတဲ့အတွက် မင်းဘာမှ ကျေးဇူးတင်စရာ မလိုဘူး၊ မင်း အားနာအနေခက်စေဖို့ ကိုယ် တမင်ကူညီခဲ့တာလဲ မဟုတ်ဘူး၊ ကိုယ့်ရင်ထဲက ဖြူစင်တဲ့စေတနာ သန့်သန့်နဲ့ပါ ... ဒါတော့ မင်း ယုံလိုက် တဲ့"

ကဲ ... ဘယ်လောက် ကျေနပ်စရာ ကောင်းလိုက်တဲ့ အဖြေမျိုးလဲ၊ လဝန်းကျေနပ်အောင် ဖြေပေးတဲ့အတွက် သူ့ကို ပိုတိုးလို့ ချစ်မိသွားရသည်။

လဝန်းရဲ့ အဖြစ်ကလဲနော်၊ ပိုးဖလံ မီးထဲတိုးသလိုမျိုး ရှေ့ဆက်တိုးရင် ခံစားရမှာကို သိနေလျက်နှင့် ရှေ့တိုးဖို့ ကြိုးစားနေမိတာပါလား။

အဖြေဟာ ဘယ်လိုပဲလာလာ ... လဝန်းကတော့ သူ့ကို တစ်သက်လုံးချစ်နေမိမှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်း မေးစရာရှိတယ်ဆို ... မေးလေ ဘာလဲ "

ညီမင်းပုံစံက ဟန်ဆောင်ကောင်းလှ၊ မှင်သေလှသည်ဟု မိုးသက်တန့် ထင်သည်။

သို့သော် သူလည်း ဖွင့်မေးပြီး ရှင်းပစ်ချင်ပြီ။

"မင်းနဲ့ လဝန်းနဲ့က ဘယ်လိုလဲ"

သူ တဲ့တိုးပဲ မေးချလိုက်သည်။

ညီမင်းက ဟန်ပါပါ မျက်ခုံးစုံပင့်ပြီး ...

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဘာကို မေးတာလဲ"

"မင်းတို့အခြေအနေ ..."

"ဘာဖြစ်လို့လဲ သက်တန့်ရ ..."

"ဒီမှာ ညီမင်း ... ယောကျ်ားချင်း ပွင့်ပွင့်လင်းလင်း ပေါ့ကွာ။ မင်း လဝန်းအပေါ် မရိုးသားဘူးမို့လား၊ မင်းအနေအထိုင်အပြောအဆိုတွေက ဘေးလူရိပ်မိစရာ ဖြစ်လာပြီ"

"မဟုတ်ဘူး သက်တန့် ... သူ့ရေနစ်လို့ ငါက"

မိုးသက်တန့်က လက်ဝါးကာပြလိုက်သည်။

"လုပ်မနေနဲ့၊ ငါ့ကို ရုပ်ရှင်လာမရိုက်ပြနဲ့တော့"

"ဒါဖြင့် မင်းကရော ..."

"ညီမင်းလဲ ခပ်တည်တည် ပြန်မေးသည်။

"ရွှေယွန်းနဲ့ ဘာလို့ တပူးကပ်ကပ် လုပ်နေတာလဲ ... မင်းဘက်က ဘာသဘောလဲကွ"

"ဟ ငါ ပြောပြီးပြီ ... သူတစ်ယောက်တည်း ဖြစ်နေလို့ မကောင်းဘူးဆိုပြီး အဖော်လုပ်ပေးတာ"

"ဟား ... ဟား ... ဟား အဖော်လုပ်ပေးတာ"

"မင်းမရှိနဲ့"





ညီမင်းက သူ့လက်ထဲက ကုန်သွားပြီဖြစ်တဲ့ ဘီယာဘူးကို ဖိညှစ်ပစ်လိုက်သည်။

"ရိုးသားပါတယ်လို့ ပြောမလို့လား သက်တန့်"

ယောကျ်ားလေး နှစ်ယောက်သား . . . တစ်ယောက်ကို တစ်ယောက် စူးစူးရဲရဲ စိုက်ကြည့်နေမိကြသည်။

"မင်းက အရင် ရွှေယွန်းကို စိတ်ထိခိုက်အောင် လုပ်နေတာလေ ... မင်း သစ္စာမရှိတာ"

"အဲဒါ ငါတို့ဇာတ်လမ်းလေ ... ငါတို့ကို အားလုံးကလဲ သဘောတူထားပြီးသား၊ မင်းက ဘာကြောင့် စေတနာတွေ ပိုနေရတာလဲ"

"ရွှေယွန်းကို မင်းသစ္စာဖောက်ရင်တော့ ငါသည်းမခံဘူး ညီမင်း ... မင်းတို့ အဆင်ပြေပါစေဆိုပြီး ငါ တောက်လျှောက် ကူညီခဲ့တာ မင်းမမေ့နဲ့ ... သူ့ကို Star rain ထင်ပြီး မင်းကို ပြန်ကြိုက်ခဲ့တာ"

"သွားပြောလိုက်လေ ... စတားရိန်းက မင်းပါဆိုပြီး"

"ပြောသင့်ရင်ပြောရမှာပေါ့ ... သူလဲရိပ်မိနေလောက်ပြီ"

"မင်း အစကတည်းက ပြောချင်နေတာမှလား"

ညီမင်းက ခပ်ဖွဖွပြန်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ဘက်လှည့်မလာနဲ့ … မင်းနဲ့ လဝန်းက အရင် ဇာတ်လမ်းစ,တာ …"

"မစ,ရသေးဘူး သက်တန့် … မင်း ငါပြောတာ ယုံပါ သယ်ရင်းရာ၊ ဒါပေမဲ့ ငါ စိတ်လှုပ်ရှားတယ်၊ ရွှေယွန်းက အေးစက်စက်နဲ့ … မင်းအမြင်ပဲ၊ ရင်ခုန်ရတာချင်း လုံးဝ မတူဘူး၊ ငါလဲ မင်းကို အေးအေးဆေးဆေးရင်ဖွင့်မလို့ပါ။ ငါ စကားမစ,ရဲသေးလို့သာ ငြိမ်နေတာ၊ အခုအချိန်ကျမှ လဝန်းကို ပြောင်းချစ်မိရင် ငါ လူဆိုးဖြစ်တော့မှာပဲကွာ နော် … ငါ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

ညီမင်းက သူ့ပခုံးကို ဆွဲဖက်ထားကာ ရင်ထဲကလာသော ခံစားချက်အသံမျိုးဖြင့် ဖွင့်ဟဝန်ခံလိုက်လေသည်။

မိုးသက်တန့်ရင်ထဲမှာ အပျော်တွေက လှိုင်းလုံးကြီးတွေ လိုပဲ အပြေးလာရိုက်ခတ်သည်။

လှပသော ဤကမ်းခြေ၌ စိတ်ချမ်းသာစရာကောင်းသော စကားကို ကြားရချေပြီ။

မမျှော်လင့်သော အလှည့်အပြောင်းတွေဟာ သူတို့ထံသို့ လာခဲ့ပြီ။

"အဲဒီတော့ မင်းက လဝန်းကို ပရိုပို့စ်လုပ်မှာလား၊ မင်းမှာ သတ္တိရှိလား"

ဤတော်ဝင်းစာပေ



"သူ လက်ခံပါ့မလားကွာ …"

"လက်မခံလဲ ရွှေယွန်းဘက် လုံးဝပြန်မလှည့်နဲ့တော့ကွာ၊ ဒါပဲ"

"ဘာဖြစ်လို့လဲ"

"ငါလဲ စတားရိန်း ဖြစ်ချင်ပြီပေါ့ကွာ"

"ဟော့ကောင်…ကြည့်စမ်း၊ အစတုန်းကတော့ မကြိုက်ဘူး ဆိုပြီး … ဟား အခုတော့ မင်းကလဲ ဒီလိုကိုး …"

"ငါတို့နှစ်ယောက် … နည်းနည်းတော့လွန်တယ်၊ မျက်နှာ ပူစရာ ကောင်းတယ်ကွ နော်"

"စိတ်ချမ်းသာဖို့ ပိုအရေးကြီးပါတယ် ညီမင်းရာ …"

"ငါ့ရဲ့ ဖူးစာရှင်အစစ်က လဝန်းပဲ ဖြစ်မယ်။ ငါ သိသွားပြီ သက်တန့်"

မိုးသက်တန့်ကလည်း ဒီလိုပဲဖြစ်ပါစေဟု စိတ်ထဲက ကြိတ်ပြီး ဆုတောင်းပါသည်။

"ရွှေယွန်းကလဲ အစကတည်းက အင်တင်တင်နဲ့ပါကွာ၊ ငါ့ကို သဘောကျလို့ လက်ခံခဲ့တာမျိုးမဟုတ်ပါဘူး"

"အခုမှ လျှောက်လဲချက်တွေ ပေးနေပြီ ဟား …ဟား"

ဤတော်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းလောက်တော့ ငါသဘောထားမကြီးနိုင်ဘူး၊ တကယ် ပြောတာ"

"မင်းလဝန်းကို ငါ စိတ်မဝင်စားပါဘူး"

"ရွှေယွန်းကိုရော ..."

"ဒါမေးစရာလိုလားကွာ"

သူတို့ သူငယ်ချင်းနှစ်ယောက် ... ပခုံးချင်းတိုက်ပြီး အားပါးတရ ရယ်မိကြသည်။

လွတ်လပ်ပေါ့ပါးသွားရတဲ့ အရသာက ဘာနှင့်မှ မလဲနိုင်ပါလား ...။

"အေး ... ရယ် ရယ်၊ ငါတို့ဘက်ကတော့ ဟုတ်ပါပြီ၊ သူတို့ စိတ်ဆိုးပေါက်ကွဲရင် ဘယ်လိုလုပ်မလဲကွ"

"ဘာပဲဖြစ်ဖြစ် ရင်ထဲကခံစားချက်ကိုတော့ အမှန်အတိုင်း ဖွင့်ပြောတင်ပြရမှာပဲ...မင်းလဲ သတ္တိမွေးပေါ့ကွာ၊ ဒါပဲ ရှိတာပဲ"

"လဝန်းကတော့ ငါ့ကို နားလည်မှုရှိမှာပါ"

"ရွှေယွန်းကိုတော့ ငါ လျှော့မတွက်ရဲဘူးကွ"

"စိတ်ဆိုးရင်လဲ တောင်းပန်ချော့မော့ပေါ့ကွာ၊ ငါတို့ ဘက်က ဖောင်းတာဆိုတော့ ... ငါတို့က အောက်ကျ နောက်ကျ ချဉ်းကပ်ရမှာပဲ၊ မတတ်နိုင်ဘူး"

ဉာဏ်ဝင်းစာပေ



"အေး ... စိတ်ရှည်ရှည်နဲ့ အကျိုးအကြောင်း ပြောပြ ရမယ်"

"ငါ့မကောင်းကြောင်း များများပြော ... ကြားလား၊ ငါ သစ္စာမရှိလို့ မင်းကကောင်းတာပါ ထည့်ပြော ... မင်းနဲ့ အဆင်ပြေသွားရင် ရွှေယွန်းမျက်နှာကို ငါ ဘယ်လိုကြည့် ရမလဲတောင် မသိဘူး"

"မကြည့်တတ်ရင် မကြည့်နဲ့ပေါ့ကွာ ..."

"အောင်မာ ... အခုကတည်းက မင်းလေသံက ဂျစ်ကန် ကန်နဲ့ပါလား၊ ညီလေး ... အစ်ကို့ကျေးဇူးမမေ့နဲ့"

သူ့ပခုံးကို ပုတ်ကာ ပုတ်ကာ အရှိန်တက်နေသော ညီမင်း ကို သူက ခြေလှမ်းရပ်ပြီး သတိပေးလိုက်သည်။

"ညီမင်း ... ဟိုမှာ မင်းရဲ့လဝန်း လာနေပြီ"

"ဘယ်မှာလဲ"

"ဘန်ဂလိုပေါ်က ဆင်းလာပြီ ... ဟော့ကောင် ဒီဘက် လျှောက်လာနေပြီကွ"

လဝန်းက တကယ်ပဲ လည်စီးပဝါလေး တလွင့်လွင့်၊ ကိုးရိုးယားဂါဝန်လေး တဖတ်ဖတ်ဖြင့် ... ဟိုတယ်ကနေ ကမ်းခြေဘက် ခုံတန်းတွေရှိရာသို့ တစ်ယောက်တည်း လျှောက် လာနေပါသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆန်သော ဟန်ပန်လေးက အဝေးကနေပင် အသည်းခွေးစရာ ဖြစ်နေပါသည်။

"မင်း သွားလေ ... ညီမင်း"

"ဖြစ်ပါ့မလားကွ"

"ဖြစ်ပါတယ်၊ ကောင်မလေးက အထာနပ်ပါတယ်ကွာ၊ မစိုးရိမ်စမ်းပါနဲ့"

ဒီတစ်ခါတော့ သူတွန်းပို့မှပဲ ဖြစ်မည်။

ညီမင်းက နှစ်ခါပင် မတိုက်တွန်းရပါ။

လဝန်းရှိရာ အသာလျှောက်သွားပါသည်။

မိုးသက်တန့်က မသိချင်ယောင်ဆောင်ကာ ရွှေယွန်းရှိရာ ဘန်ဂလိုလေးသို့ ဦးတည်လှမ်းလာခဲ့သည်။

ရွှေယွန်းက ဝရန်တာလေးမှာ ရှိနေသည်။

နေဝင်ရီတရောအချိန်လေးက လှပတင့်တယ်နေသည်။ မကြာမီ ညချမ်းလေးသို့ ကူးပြောင်းတော့မည်။

"ရွှေယွန်း"

သူ တိုးတိုးလေး လှမ်းခေါ်လိုက်သည်။

ပြီးတော့ ရွှေယွန်းရှေ့ရပ်ကာ သူ့ကိုယ်ကြီးဖြင့် ကွယ်ထားမိသည်။

ဉာဏ်ဝင်းစာပေ



"လာပြီး ကာကွယ်မနေနဲ့ ... အစောကြီးကတည်းက မြင်ပြီးသား၊ ဘာလဲ ရှင်က ရှောင်ပေးတာပေါ့လေ ... ဟုတ်လား"

အမှန်တကယ်တော့ သူတို့အခြေအနေကို ကြည့်နေပြီးမှ လဝန်းက စွန့်စွန့်စားစားဖြင့် ဘန်ဂလိုပေါ်က ဆင်းသွားတာ ဖြစ်သည်။

သူမဆီကို ညီမင်းလာခဲ့ရင် ... ပွဲသိမ်းပြီတဲ့လေ။

အခု ညီမင်းက တကယ်ပဲ လဝန်းရှိရာ ခုံတန်းလေးဆီသို့ ရောက်သွားခဲ့ပြီ။

ရွှေယွန်းသည် ပြုံးပျော်ကြည်နူးမိလျက် အလိုလို ရယ်ချင်နေသဖြင့် နှုတ်ခမ်းလေးကို ဖိကိုက်ကာ ... စိတ်တိုသလိုလို ဟန်ဆောင်ထားရသည်။

"စိတ်မဆိုးပါနဲ့ ရွှေယွန်းရယ်၊ ညီမင်း ခြေလှမ်းပျက်ချင်နေတာ ရွှေယွန်းလဲ ရိပ်မိတယ်ပေါ့ ဟုတ်လား၊ ဒါကြောင့် ရန်ကုန်က ထွက်လာကတည်းက စိတ်ကောက်နေတာ ပေါ့လေ...ထားလိုက်ပါဗျာ၊ ကိုယ့်အပေါ် မကောင်းဘူး ထင်ရင် လမ်းခွဲလိုက်တာကမှ ပိုကောင်းသေးတယ် ဟုတ်တယ်မို့လား ..."

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က လမ်းခွဲစေချင်တယ်ပေါ့နော် မိုးသက်တန့် ..."

"အဲဒီလိုတော့ မဟုတ်ပါဘူး ... ရွှေယွန်းတို့နှစ်ယောက် အဆင်ပြေဖို့ ရင်ကွဲခံပြီး နောက်ဆုတ်ခဲ့တဲ့ကောင်ပါ"

"ဘာရယ် ... ရှင် ဘာပြောလိုက်တယ်"

"စ,တွေ့ကတည်းက ရွှေယွန်းကို ကျွန်တော်ချစ်တယ်"

သူ့ရဲ့ ချစ်စကားကို ဖြုန်းစားကြီးကြားရလျှင် ရွှေယွန်း ရင်ဖို အငိုက်မိလျက် မျက်နှာတစ်ပြင်လုံး ရှက်သွေးကြွကာ နွေးလာရသည်။

ပြီးတော့ သူ့ကို နှုတ်ဆွံ့လျက် ငေးမောကြည့်နေမိသည်။

သူကလည်း ... ရွှေယွန်းကို ရွှန်းရီစွာ ငေးစိုက်ကြည့်နေမိသည်။

တစ်ယောက် ရင်ထဲကို တစ်ယောက် ထွင်းဖောက်သိမြင်နေကြတဲ့အတိုင်းပင်။

"အခုမှ ပြောခွင့်ရတာပါဗျာ၊ ရွှေယွန်း နားလည်မလား"

သူက ထပ်မံ အနားတိုးကပ်ကာ ... ရွှေယွန်းလက်ဖျားကလေးကို ဆွဲယူဆုပ်ညှစ်သည်။

"ဟင် ... ရှင့်ကို ကျွန်မ အဖြေမှ မပေးသေးတာ"

"ပေးပြီးသား ... ကျွန်တော်သိတယ်"

"အို ... မဟုတ်တာ"





"Star rain ကို ချစ်တယ်မို့လား သူယောင်မယ်လေးရယ် ကျွန်တော့်ကို မငြင်းပါနဲ့ ... ချစ်ခွင့်ပေးပါဗျာ"

"ရှင်က Star rain ဆို ... သိပ်မုန်းစရာကောင်းပါလား၊ သူတို့ ခြယ်လှယ်ချင်သလို ခြယ်လှယ်ကြတဲ့သူတွေ ... သွား ... ဖယ် ... ကျွန်မလက်ကို လွှတ်"

"ရွှေယွန်း"

လက်ကိုဆတ်ခနဲရုန်းဖယ်ပြီး လှည့်ပြေးဝင်ဖို့ခြေလှမ်းလျှင် သူ တစ်ခဏ ကြောင်ငေးကြည့်နေမိသေးသည်။

ဒါပေမဲ့ ရွှေယွန်းလေးဟာ သူ့အပေါ် စိတ်ကောက်မှုနဲ့ သွားတာပဲဟု ချက်ချင်းသဘောပေါက်မိလျက် မိုးသက်တန့် ပြေးလွှား လိုက်သွားလိုက်သည်။

ဘန်ဂလိုလေးရဲ့ ဧည့်ခန်းမှာပဲ သူမရဲ့ ကိုယ်လုံးလေးကို လှမ်းဖက်မိသည်။

ရွှေယွန်းရင်ထဲ ပျော်လည်းပျော် ... စိတ်လည်းလှုပ်ရှား၊ သူ့ကိုလည်း ဂျစ်ကန်ကန်တုံ့ပြန်ချင်မိတာကြောင့် သူ့ရင်ဘတ်ကို တဘုံးဘုံး ထုပစ်လိုက်သည်။

အံမယ် ... သူက မလွှတ်ဘူး ဆရာရေ ... အတင့်ရဲပြီး ရွှေယွန်းကိုယ်လေးကိုသိမ်းဖက်ပြီး ပါးပြင်လေးကိုတောင် ထိကပ် နမ်းရှိုက်လိုက်သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျွန်းကနုတ် နှစ်ယောက်ထိုင်ခုံဆိုဖာပေါ် မှီလှဲစေပြီး အနမ်းပေးတယ်။

ရွှေယွန်းရင်ထဲ ဘယ်လောက်ထိအောင် ပြောင်းဆန်သွားရသလဲ ... သိလား ...။

ရှက်တယ် ...။

ပြောမပြတော့ဘူးနော် ...။

ပြီး

ဆုလေးနွယ်

ဉာဏ်ဝင်းစာပေ

BURMESE CLASSIC .com

www.burmeseclassic.com